www.burmeseclassic.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

# ကာဗျာနန်းတော်



နတ်တလူသာသနာပြုအသင်းမှ စီစဉ်ထုတ်ဝေသည်

www.burmeseclassic.com

# ဖြန့်ချိရေး(ပင်မ)

ဦးခင်မောင်သန်း (ဥက္ကဋ္ဌ)၊ နတ်တလူသာသနာပြုအသင်း
ရန်ကြီးအောင်ရပ်၊ ဇီးကုန်းမြို့
ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း
ဖုန်း-ဇီးကုန်း-၅၃

## ရန်ကုန်ဖြန့်ချိရေး

**သုဝဏ္ဏသျှမ်**
**သာသနာပြုစာစဉ်**
၇၄၊ သာယာအေးလမ်း၊ ၃-ရပ်ကွက်
မရမ်းကုန်း၊ ရန်ကုန်မြို့။
ဖုန်း-၆၆၀၆၇၀

www.burmeseclassic.com

**ပထမအကြိမ်**

၁၃၆၅ ခုနှစ်၊ နတ်တော်-ပြာသို

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၃၁၄/၂၀၀၃ (၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၂၉၀/၂၀၀၃ (၅) |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံး | - | ကိုဇင်+အိုက်မွန်း |
| စာစီ | - | "စံ" ကွန်ပျူတာ၊ ၁၂၈၊၃၄လမ်း။ |
| အတွင်းဖလင် | - | AZ |
| စာအုပ်ချုပ် | - | ကိုတင်အေး(လှိုင်) ဖုန်း-၃၇၈၈၅၈ |
| အဖွင့်ဓာတ်ပုံ | - | ခင်မောင်သန်း(နတ်တလူ) |

**ထုတ်ဝေသူ**

ဦးခင်မောင်သန်း(မြဲ-၀၃၇၃၉)၊ နတ်တလူစာပေ

ရန်ကြီးအောင်ရပ်၊ ဗိုလ်ကုန်းမြို့၊ ထန်းတပင်စာတိုက်၊ စစ်ကိုင်းတိုင်း။

**မျက်နှာဖုံးပုံနှိပ်**

ဦးကျော်စိန်(မြဲ-၀၂၉၀၉) ကျောက်စိမ်းအော့ဖ်ဆက်

အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းပုံနှိပ်**

ဦးလှသိန်း၊ လှသိန်းဦးပုံနှိပ်တိုက်

အမှတ်-၁၂၊ ဒါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**အကျိုးဆောင်**

အောင်ကျော်စံ

တန်ဖိုး - ၁၅၀၀ ကျပ်

**မွမ်းမံဖန်တီးမှု - အိုက်မွန်း**

www.burmeseclassic.com

နမော တဿ ဗုဒ္ဓ ဝိရုဠှ

နတ်တလူစာစဉ် – ၁၃

ကျေးဇူးတော်ရှင်

မဟာဗောဓိမြိုင်ဆရာတော်

# ကဗျာ့နှန်းတော်

နတ်တလူသာသနာပြုအသင်းမှ

စီ စဉ် ထုတ် ဝေ သည် ။

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ခြေမှုန်းကြ။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ ပြည်သာယာ။

www.burmeseclassic.com

## ခေတ္တသီတင်းသုံးခဲ့ဖူးသောနေရာများ

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| (က) | ၁၃၄၃ | ဖင်းကျိုက် | ရသေ့မဂူ | သုံးလခန့် |
| (ခ) | ၁၃၄၅ | ဖင်းကျိုက် | ဖရုံညှာစခန်း | တစ်လ (ပန်းကုန်းရွာအနီး) |
| (ဂ) | ၁၃၄၉ | မိတ္ထီလာ | တောင်စဉ် | တစ်လ |
| (ဃ) | ၁၃၆၀ | ကျောက်ဆည် | ကျောက်ထီးတောင် | နှစ်လ |
| (င) | ၁၃၆၁ | ပုလဲ | ဝါးသုံးရုံစခန်း | ၇၂-ရက် |

www.burmeseclassic.com

## ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ထုတ်ပြန်တော်မူသော ဝါဆိုတော်စဉ်အညွှန်း

| စဉ် | ခုနှစ် | ဌာန | ဝါဆိုနေရာ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၃၄၁ | ရန်ကုန် | သာသနာ့ဗိမာန် | ရဟန်းဖြစ်စနှစ် |
| ၂ | ၁၃၄၂ | သာစည် | ရွှေကျောင်းကုန်းတောင် | တောထွက်စနှစ် |
| ၃ | ၁၃၄၃ | ဇင်းကျိုက် | ဇင်းကျိုက်တောင် | |
| ၄ | ၁၃၄၄ | ဇင်းကျိုက် | မင်းတစ်ရာ့တစ်ပါးတောင် | သုံးဝါ |
| ၅ | ၁၃၄၅ | ဇင်းကျိုက် | ကျောက်ခမောက်ဂူ | |
| ၆ | ၁၃၄၆ | ဖူးကြီး | သံသုမာရတောင် | နှစ်ဝါ |
| ၇ | ၁၃၄၇ | ဖူးကြီး | သံသုမာရတောင် | |
| ၈ | ၁၃၄၈ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | နှစ်ဝါ |
| ၉ | ၁၃၄၉ | စစ်ကိုင်း | အရှေ့ပရက္ကမချောင် | |
| ၁၀ | ၁၃၅၀ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၁ | ၁၃၅၁ | သာစည် | ရွှေကျောင်းကုန်း | သုံးဝါ |
| ၁၂ | ၁၃၅၂ | သာစည် | ရွှေကျောင်းကုန်း | |
| ၁၃ | ၁၃၅၃ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၄ | ၁၃၅၄ | ပျဉ်းမနား | လက်လုပ်တောင် | သုံးဝါ |
| ၁၅ | ၁၃၅၅ | ပျဉ်းမနား | လက်လုပ်တောင် | |
| ၁၆ | ၁၃၅၆ | သုဝဏ္ဏသျှံ | ဘုန်းတော်ပြည့်တောင် | သုံးဝါ |
| ၁၇ | ၁၃၅၇ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | (ရှမ်းပြည်နယ်၊ |
| ၁၈ | ၁၃၅၈ | သုဝဏ္ဏသျှံ | မဟာဗောဓိမြိုင် | မိုင်းပျဉ်း) |
| ၁၉ | ၁၃၅၉ | ဇာတိမြေ | နတ်တလူ | တစ်ဝါ |
| ၂၀ | ၁၃၆၀ | ပြင်ဦးလွင် | ဝေဒလ္လ | တစ်ဝါ |
| | | | | (ဒီးဒုတ်ဒုဌာအနီး) |
| ၂၁ | ၁၃၆၁ | ဂန့်ဂေါ | မဖ္ဖိုမ ဓမ္မမောနိဂူ | တစ်ဝါ |
| | | | | (လယ်ဓမ္မအနီး) |
| ၂၂ | ၁၃၆၂ | ဂန့်ဂေါ | မောနေယျတော | (စကားရွာအနီး) |
| ၂၃ | ၁၃၆၃ | ပုလဲ | ပဋိပတ်တောစခန်း | ဝက်ကျ၊ |
| | | | | ကျော်တော်ရွာအနီး |
| ၂၄ | ၁၃၆၄ | ပုလဲ | စံရိပ်ငြိမ်တောရ | ဝက်ကျ၊ |
| | | | | ကျော်တောရွာအနီး |

www.burmeseclassic.com

# မာတိကာ


- ▪ ထာဝီဗန္ဓုနထေထာ ၁
- ▪ ပညာရှိတို့သိမ်းဖိုက်ရိုးစံရာ ထဗျာ့နန်းတော်
- ▪ ထဗျာ့နန်းတော် ၂

၁။ မင်းဘီသီထိစံ ဆုရားရှိရိုး ၅
၂။ မင်းဘီသီထိစံ မော်တွန်း ၇
၃။ မင်းဘီသီထိစံ ဆိုသည်မှာ ၉
၄။ မင်းဘီသီထိစံဆု ၁၀


## အပိုင်း(၁)
## ရှုမြင်စရာ့ခန္ဓာကစမ္မကဗျာပိုင်း


၁။ ဝ မရှိဘဲ ဝိမလုပ်မိကြစေနှင့် ၁၃
၂။ ပက်လက်လှန်ထွေး တံတွေးကိုယ့်မျက်နှာ ၁၅
၃။ လကဲ့သို့ကျင့်သော မဟာလူသားများ ၁၇
၄။ အည့်နတ္ထိ ဆိုပေသည့်လည်း ၁၉
၅။ အကန်းတို့အကြား သွားမပြောအပ်သော စကားကြီးလေးခွန်း ၂၁
၆။ သေတောင်မအေး ကာမသွေး ၂၂
၇။ မီးနေအိမ်မှ မီးနေအိမ်သို့ ၂၂
၈။ သူသေကိုယ်သေ အကြေနဲ့ ၂၃
၉။ အစာသွင်း စာရင်းရှင်းခဲ့ပါ ၂၅
၁၀။ သည်ကျောင်းမကောင်း ဟိုကျောင်းပြောင်း
သူကောင်းမွေးမြူပါ ၂၆
၁၁။ ဏ္ဍန္ဒြေမထက် သည်အချက် ဖြည့်စွက်ပေးလိုက်ပါ ၂၇
၁၂။ ဏ္ဍန္ဒြေလွန်ကဲ သည်အထဲ ဆွဲသွင်းပေးလိုက်ပါ ၂၇
၁၃။ အားနည်းရောဂါလက္ခဏာ လေ့လာ သည်မှာကြည့် ၂၈
၁၄။ အားလွန်ရောဂါ သိစရာ မှတ်ပါ သည်မှာရှိ ၂၉
၁၅။ လက်ကျန် ပိတ်မရသော စာရင်းရှင်းတမ်းများ ၃၀
၁၆။ လူ့မှတ်ပုံတင်ကဒ်ပြား ၃၂

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁၇။ | သေမင်းငင်ခံနေရသူများ | ၃၃ |
| ၁၈။ | ကျော်တောသို့အရောက် | ၃၄ |
| ၁၉။ | ကျော်တောသို့ရောက်သောအခါ | ၃၅ |
| ၂၀။ | ဖွတ်မေ့ ပဒတ်မေ့သမား | ၃၆ |
| ၂၁။ | ရှေ့ဆောင်နွားလား မဖြောင့်ဘြားက | ၃၆ |
| ၂၂။ | သဘောမျှသာ သိသောခါဝယ် | ၃၇ |
| ၂၃။ | စက်ထုတ်လုပ်သား | ၃၉ |
| ၂၄။ | ပတ်လည်ကစားသမားများ၏ ရှုံးထွက်ပွဲမြင်ကွင်း | ၄၀ |
| ၂၅။ | ဒုက္ခဘဏ် | ၄၁ |
| ၂၆။ | အလိမ်ခံ အိမ်ပြန်စက်ကရော့ | ၄၄ |
| ၂၇။ | ဆီလိုက်မမှန်သော စက်တစ်လုံး | ၄၇ |
| ၂၈။ | မပြတ်ဆင်ခြင် ဤငါးခွင်ကား | ၄၈ |
| ၂၉။ | တစ်ဖက်သတ် | ၅၀ |
| ၃၀။ | ပိုးကိုက်မျိုးစေ့မှ ထဖြစ်သောအပင်များ | ၅၂ |
| ၃၁။ | ကြောက်ခွင့်မသာ | ၅၄ |
| ၃၂။ | စည်းရိုးတွင်း အပျင်းဖြေ | ၅၆ |
| ၃၃။ | သေဖူးသည်မှ ရှိရှိ | ၅၇ |
| ၃၄။ | ကုလားပြည်ရောက် မြန်မာတစ်ယောက်အကြောင်း | ၅၉ |
| ၃၅။ | လွယ် ခက် | ၆၀ |
| ၃၆။ | ယုံမှရဲ ရဲမှယုံ | ၆၁ |
| ၃၇။ | မျှော် ချော်မည် | ၆၂ |
| ၃၈။ | တွေး ဝေးမည် | ၆၂ |
| ၃၉။ | ခွပ်လိုက်ကြစို့ သူငယ်ချင်း | ၆၃ |
| ၄၀။ | မာန်တံခွန်ထူ လေကလူမှ | ၆၅ |
| ၄၁။ | အချက်ပြများ တပ်ဆင်ထားသော စက်ရုပ်ကြီး | ၆၇ |
| ၄၂။ | တရားဂုဏ်တော် ပူဇော်လိုလျှင် | ၆၈ |
| ၄၃။ | ကြိုးခြောက်ချောင်းတပ် အရုပ်ကလေးများ | ၆၉ |
| ၄၄။ | သတိ၏စွမ်းပကား | ၇၁ |

www.burmeseclassic.com

# မာတိကာ


၄၅။ ခြေရောလက်ရော အစွမ်းထက်သောသတိ ၇၁
၄၆။ သေပင်ရှင်ပင် စာရင်းကောက်ကြည့်ရာ ၇၂
၄၇။ အချိန်နှင့်လူ နိုင်သူစားစတမ်း ၇၃
၄၈။ ကျင့် တည် သိ တို့၏ဖြည့်ကွက်များ ၇၄
၄၉။ သတိညာဏ်ယှဉ် သမ္မာခေဦကား ၇၅
၅၀။ သူနှင့်ဖက် ကိုယ်တွက်ကျန်ပစေ ၇၆
၅၁။ စံရိပ်ငြိမ်၏ စံရိပ်ငြိမ်ကြီးများ ၇၇
၅၂။ တစ်ဘဝအတွက် လက်ကျန်ရှင်းတမ်းများ ၇၉
၅၃။ ရိက္ခာ ၇၉
၅၄။ **ရှေ့ချည်နောက်ချည် အမျှင်တန်း(တမျှာရှည်)** ၈၁
– ကာလပေါ် ရက်ကန်းသည်များသို့ ၉၅
– ချည်မျိုးစုံဝယ်လိုသည် ဖောက်သည်ဈေးစုံစမ်းပါ ၁၀၀
– အထည်များရောင်းရန်ရှိသည် ဖောက်သည်ဈေးစုံစမ်းပါ ၁၀၃
– အပ်ထည်များ လက်ခံသည် ဖောက်သည်ဈေးစုံစမ်းပါ ၁၀၆
– ဈေးကုန်ရှုံးတစ်ခေါက် လူကုန်ရှုံး တစ်သက်လုံးမှောက် ၁၀၉


## အပိုင်း (၂)
## ရှုမြင်စရာ သင်္ခါရလောကကဗျာပိုင်း


လောကနှင့်ပတ်သက်သောအကြောင်းချင်းတများစုစည်းပေးထားခြင်း ၁၁၃

၁။ ဘယ်ကိုဦးတည့် ငါ့သတ္တိကား ၁၁၅
၂။ လူကမွေး လူသွေးမပါသူ ၁၁၇
၃။ ချို့(ကျို့)တစ်ထောင်လူသား ၁၁၈
၄။ စမ်းချောင်းထဲ မီးခဲကျ၊ စမ်းကဘယ်မပူ ၁၂၀
၅။ ကာမတာမှ ဓမ္မတာဘက် ကူးမထွက်သော တာကူးပွဲများ ၁၂၁
၆။ ကြွေးတန်းလန်းနှင့်လမ်းလျှောက်သူ ၁၂၃
၇။ စည်းမလုံ ခွေးတိုး ၁၂၄
၈။ အလိုပါ အလာစောင့် ၁၂၄

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၉။ | အဆိုးမလိုက် ငါရဲမိုက် | ၁၂၅ |
| ၁၀။ | မျက်ကွယ်မလှုံ့ မမြုံဘုရား တို့အားထား | ၁၂၈ |
| ၁၁။ | အကြိုက်မိ အထိနာ | ၁၃၀ |
| ၁၂။ | နတ်ပြိတ္တာနှင့်တူသောလူသားများ | ၁၃၀ |
| ၁၃။ | သပ္ပုရိသ မူဝါဒ ဒါနလက်ကိုင်မှာ | ၁၃၁ |
| ၁၄။ | နေခြည်အောက်က နေပြောက် တစ်နေ့ဝင်တစ်ခါပျောက် | ၁၃၃ |
| ၁၅။ | ကာမရင်ပြင်ရှိ စင်တင်ပွဲများ | ၁၃၄ |
| ၁၆။ | ဝဋ်နာကံနာ စိတ်ဒဏ်ရာ | ၁၃၅ |
| ၁၇။ | မြေ့အထက် မှောက်လျက်လဲခြင်း | ၁၃၅ |
| ၁၈။ | မှောင်နိုရိုန် | ၁၃၆ |
| ၁၉။ | လောကီထုပ္ပတ် လူတို့ဓာတ် | ၁၃၇ |
| ၂၀။ | လူဆိုသည်မှာ | ၁၃၉ |
| ၂၁။ | လူ့အခွင့်အရေး | ၁၄၀ |
| ၂၂။ | လိုတရ မဟာလူသား | ၁၄၂ |
| ၂၃။ | ရာသီပေါ်လူသား | ၁၄၅ |
| ၂၄။ | ရှေ့သွားနောက်လိုက်ညီသော သူတို့အတွဲ | ၁၄၉ |
| ၂၅။ | လနှင့်တူစွာ သာသနာ | ၁၅၁ |
| ၂၆။ | နေသို့ပမာ ကိလေသာ | ၁၅၄ |
| ၂၇။ | ကန့်သတ် | ၁၅၈ |
| ၂၈။ | ကြွယ်များပမာစိတ်ကမ္ဘာ | ၁၅၉ |
| ၂၉။ | နှုတ်ကသာကြောက် လက်မမြှောက်လိုသူများ | ၁၆၂ |
| ၃၀။ | ဆက်ရန်ကျန်သေးသည် | ၁၆၄ |
| ၃၁။ | ဆက်တိုက်ရန် ကျန်သေးသည် | ၁၆၇ |
| ၃၂။ | အားကြောင့်ဖြစ်သောမာန် အားညစ်လျှင်ပြန်ကရော | ၁၇၀ |
| ၃၃။ | လိုက်ပွဲဆက်ရန် ကျန်သေးသည် | ၁၇၁ |
| ၃၄။ | ဘကြီးနွား အငှားကျောင်းပမာ | ၁၇၃ |
| ၃၅။ | အများဟင်းအိုး ကျောပိုးသွားနေသူများ | ၁၇၄ |
| ၃၆။ | ကြမ်းခင်းဈေး | ၁၇၆ |

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၃၇။ | လက်ခစား | ၁၇၆ |
| ၃၈။ | တုံ့ပြန် ခံပေဦး | ၁၇၇ |
| | – ကြမ္မာဖန် ကံတွဲလေးများ | ၁၈၀ |
| | – ပေးဖို့ပါ ခေါင်းခါမနေနှင့် | ၁၈၃ |
| ၃၉။ | ဝတ်လုံကြီးနှင့်အရိုက်ခံနေရသော သူတို့အတွဲ | ၁၈၄ |
| ၄၀။ | နေစောင်းချိန် | ၁၈၅ |
| ၄၁။ | အလှူရှင်များ၌ ရှိအပ်သည့်လက်နှစ်ဖက် | ၁၈၅ |
| ၄၂။ | အလှူခံများ၌ ထားရှိရမည့် လက်နှစ်ဖက် | ၁၈၆ |
| ၄၃။ | ဝေသူ ယူသူ နေနှင့်လူသို့ | ၁၈၇ |
| ၄၄။ | ကိုယ့်လမ်းကိုယ် တည့်အောင်ချိန် | ၁၈၈ |
| ၄၅။ | ကိုယ့်လှေကိုယ် ငြိမ်အောင်ထိန်း | ၁၈၉ |
| ၄၆။ | လူသုံးများသော စားနှစ်လက် | ၁၉၀ |
| ၄၇။ | လာခြင်းမကောင်းသော ညှော်သည် | ၁၉၁ |
| ၄၈။ | သွေးကဖြစ်သော ဝါသနာ | ၁၉၃ |
| ၄၉။ | စိတ်ပေးကံပေး အတွေးနှင့်သွေး | ၁၉၃ |
| ၅၀။ | ဝိသာခါ ဂုဏောအနန္တော | ၁၉၄ |
| ၅၁။ | မနသီဟမှ ဆင်းသက်လာသော လူသား | ၁၉၅ |
| ၅၂။ | အနတ္တသို့အပြန်ခရီး | ၁၉၇ |
| ၅၃။ | အမြတ်ကြီးစားသမားများ၏ခြေလှမ်း | ၁၉၈ |
| ၅၄။ | မသိညထက် မတွေ့ဘူး လာလှည့် ကြည့်လှည့် | ၁၉၉ |
| ၅၅။ | အတူတူနဲ့ အနူနူ | ၂၀၀ |
| ၅၆။ | စံရိပ်ငြိမ် | ၂၀၀ |
| ၅၇။ | စံရိပ်ငြိမ်ရေစက်ချပွဲ | ၂၀၁ |
| ၅၈။ | ဆိတ်ငြိမ်ခြင်းကို အရင်းတည်၍ | ၂၀၂ |
| ၅၉။ | ဏုဋ္ဌေရှစ်ဆယ် သူဌေးသား(ဏမျာရှည်) | ၂၀၃ |
| | – ကံကြွင်းပေး သူဌေးဖြစ် ကံသစ်ဝေးလျှင် ခွေးပြန်ဖြစ် | ၂၁၁ |
| | – ဘုရားကပင် ပြုံးရသူ | ၂၁၇ |
| | – ခေတ်သစ်လက်ပွား သူဌေးသားများသို့ | ၂၂၁ |

www.burmeseclassic.com

# မာတိကာ


## အပိုင်း (၃)

## ရှုမြင်စရာသဘာဝ သုတကဗျာပိုင်း

လောက၊ ဓမ္မတို့မှ ကြွင်းသောအကြောင်းချင်းတများ
ဤ္ခိုစုစည်းပေးထားခြင်း ၂၃၁

၁။ ဝင့်လိုက်ခံရခြင်း ၂၃၃
၂။ စဉ်းစားကြည့် အတည့်မြင်နိုင်သား ၂၃၅
၃။ အေးသက်ကိုမှ လိုချင် ၂၃၇
၄။ လူနှင့်မတူသော လူသား ၂၃၉
၅။ သစ်ပင် ၂၄၁
၆။ အပြကြည့် အရှိပေါ်ပေါ်လွင် ၂၄၂
၇။ ဗြဟ္မာစိုရ်ကူ တလူလူတက် အမြတ်ထွက်လိမ့် ၂၄၃
၈။ ဥတုသည် အဖျက်လော အသက်လော ၂၄၅
၉။ ယုံနှင့်တူသော လူသား ၂၄၇
၁၀။ မီးဖြစ်လျှင် ရေကြမ်းလွှတ် ၂၄၇
၁၁။ ယနေ့သင့်လက် နောက်ရက် သူ့မှာ ဤမြန်မာ ၂၄၈
၁၂။ ကာမဝိတက် ၂၅၁
၁၃။ ခွေးဆွဲခံရသော မြွေဟောက်တစ်ကောင်၏အကြောင်း ၂၅၂
၁၄။ စိတ်သွားရာကိုယ်ပါရသော်လည်း ၂၅၃
၁၅။ ကြွေးပေါ်မပူ သန်းထူမယား ဘဝများ ၂၅၄
၁၆။ တစ်ဖက်စီးနင်းသမား ၂၅၅
၁၇။ သည်လောက်လေးနဲ့များ ၂၅၆
၁၈။ ဖဲထုပ်က ပြောပြနေသော ငါတို့ကမ္ဘာ ၂၅၈
- အနီနှင့်အမဲ သွေးအုပ်စုချင်းခွဲတဲ့ကာ ၂၅၈
- ညဏ်နီညဏ်နက်ချင်းမှာလည်း ၂၅၉
၁၉။ ဝါဒဖြန့်ကောင်းသော ထိုအတ္တ ၂၆၀
၂၀။ ဈေးပေါင်ကျိုးရိုန် ၂၆၁
၂၁။ စကားရည်လုပွဲ ၂၆၂

www.burmeseclassic.com

# မာတိကာ


၂၂။ စကားချင်းလက်ထပ်ပွဲ ၂၆၃
၂၃။ ဆင်မကြောက်သောခြင်ကျားကြီး ၂၆၄
၂၄။ နေပြင်းမှန်စိုက် ရောင်ပြန်လိုက် ၂၆၅
၂၅။ ဘဝချင်းတူ ရိုင်းပင်းကူညီ ၂၆၆
၂၆။ လေတိုးတိုင်းမြည် ရွှေစည်မဟုတ် ၂၆၆
၂၇။ **တစ်ထွာထိမီနို့စွန်း(ထဗျာရှည်)** ၂၆၇
၂၈။ ဝနဝါသီနှင့် တစ်ဖက်တာဝန် ၂၉၆
၂၉။ ဝနဝါသီနှင့် မှီတွယ်သူများ ၂၉၈
၃၀။ နောက်ဆုံး၏နောက်ဆုံး ၃၀၀
၃၁။ ရေးဟန် တွေးဟန် ကဗျာဆန် ကာရံအကိုက်နှင့် ၃၀၁

အပိုင်း (၄)
သီးသန့်ကဗျာများ ၃၀၃

၁။ သူ့နေရာ သူ့အတား ကျော်လွှားတတ်ကြမှ ၃၀၅
၂။ အိမ်ရှေ့စံဘဝ ၃၀၇
၃။ ကင်းဝန်မင်း ကွင်းဆင်းစစ် ၃၀၇
၄။ စစ်သူကြီး တပ်မကို သူမှီးလျှင် ၃၀၇
၅။ ဘုရင်နန်းသိမ်း မငြိမ်းမရှိ ၃၀၈
၆။ မနုသဒ်ဟာ ၃၀၈
၇။ မြန်မာတို့၏ မျိုးရိုးဓလေ့ ၃၀၉
၈။ ကိလေသာပူ မြူမရှိသော သာသနာ ၃၁၁
၉။ တိတ်တခိုးအချစ် ၃၁၂
၁၀။ မီဖျောက် အခက်ပွေ ၃၁၂
၁၁။ ရတက်မွှေ လမ်းပျောက် ၃၁၃
၁၂။ မီနှောင့်သည်ဘဝ ၃၁၄
၁၃။ ဘုံးတို့၏ဖြစ်စဉ် ၃၁၅
၁၄။ တပည့်ကောင်း ၃၁၉

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁၅။ | တို့ခံစစ် အရစ်လုံရဲ့လား | ၃၂၀ |
| ၁၆။ | မတောင့်လျှင်တင်းမရ | ၃၂၀ |
| ၁၇။ | မီးများမီးနိုင် | ၃၂၁ |
| ၁၈။ | အဆင်မပြေ | ၃၂၂ |
| ၁၉။ | ကြော်ငြာသင်ပုန်း | ၃၂၄ |
| ၂၀။ | ပုဂ်ရာစဝင် | ၃၂၅ |
| ၂၁။ | ကပြားသွေး | ၃၂၆ |
| ၂၂။ | လူ့ရှိအပ်သော တရားသုံးပါး | ၃၂၇ |
| ၂၃။ | လူဆို သည်လိုမှပေါ့ | ၃၂၉ |
| ၂၄။ | လွတ်လပ်စွာ ကိုးကွယ်ခွင့် | ၃၃၁ |

# ကဝိဗန္ဓန ကထာ

တိ ရတနံ ပဏာမံ အဟံ ဝန္ဒာမိ
ပီယ သာတံ မနာပံ ကာဗျံ လိခါမိ
စက္ခုံ စိတ္တံ ဝိဘာဇံ ဉာဏံ ပဿာဟိ။

# ပညာရှိတို့သိမ်းပိုက်စိုးစံရာ ကဗျာ့နန်းတော်

ရတနာသုံးခွင် ဦးထိပ်တင် ငါလျှင်ရှိခိုး၏။
ချစ်ဖွယ်သာယာ နှစ်လိုရာ ကဗျာရေးပါ၏။
မျက်စိနှင့်စိတ် ဉာဏ်ဝင်ချိတ် ဘိသိက်ခံပါလှည့်။

# ကဗျာ့နန်းတော်

ဘုရင်စိုးစံ နန်းဘုံမြင့်မို့
အစွမ်းကုန်တင့်လို့ ကြိုင်လှိုင်သင်း. . . ။

ချိုးပန်းချိုးနွယ် အဆောင်ဆောင်ခန်းနဲ့
ပြောင်ပြောင်လျှမ်းကွဲ့ မြိုင်ဆိုင်ခြင်း. . . ။

စာအလှ ဖွဲ့ခြယ်ရာ
ကဗျာ့နယ်ပယ်မှာဖြင့်
ထယ်ထယ်ဝါ စခန်းဖွင့်
နန်းမြင့်ဖန်ဆင်း. . . ။

BURMESE CLASSIC .com

အကြင်သူသည် ကဗျာရေးဖွဲ့ သီကုံး၏။

ထိုသူသည် ပညာရှိတည်း။

ကဗျိ ဗန္ဓတီတိ ကဝိ အဆိုရှိသည်မဟုတ်လော။

အကြင်ဥစ္စာရတနာများသည်ကား ပညာရှင်တို့ ဉာဏ် အမြင်ဖြင့် စုဆောင်းသိမ်းထားရာ ဥစ္စာများတည်း။

ထိုဥစ္စာရတနာများကား ကဗျာစာပေများပင်တည်း။

ကဝိဗန္ဓတီတိ ကဗျာ အဆိုရှိသည် မဟုတ်လော။

ဤမှတ်စုများသည် လမ်းသွားရင်း ထင်းခွေပမာ ဘဝခရီးလမ်း အကြားမှ ဖွားမြင်လာသော ကဗျာမှတ်စုများပင်။

ထိုကဗျာမှတ်စုသည်

ဘုရင်စိုးစံရာ နန်းမြင့်ဘုံပမာ အခန်းခန်း အဆန်းဆန်းတို့ဖြင့် ဖွဲ့ချည်သီကုံးထားရာဖြစ်သဖြင့် ပညာရှင်အများတို့ နား သက်ပျော်မွေ့ရာ ကဗျာ့နန်းတော်ကြီးပင်ဖြစ်၏။

ကဗျာ၏အခင်းအကျင်းတွင်းဝယ် ပညာဉာဏ်သွင်းဖြင့် စိတ်နှလုံး ပျော်မွေ့လိုသူများကျက်စားနိုင်၏။ ထိုသို့ ကျက်စားနိုင်ရန်လည်း ဤမှပင် တံခါးဖွင့်ပေးထားပါ၏။

နားလိုကနား စားလိုကစား ပွားလိုကပွား သင့်သဘောထား အတိုင်းသာ။

www.burmeseclassic.com

# ၁။ မင်းဘိသိက်ခံ ဘုရားရှိခိုး

အစိန္တေယျ အပ္ပမေယျ ဇေဠ သေဋ္ဌ
အနန္တကံ အနန္တဉာဏ်
အနန္တကံ အနန္တဉာဏ်
အနန္တဘုန်းလျှံ အနန္တတန်ခိုးစျာန်
ဖြိုးဖြိုးလျှံကြွ ဝိုင်းရံခဖြင့်
နှိုင်းမရတူ ဘက်မပြုကြောင့် . . .
လူအမင်းမင်း နတ်မင်းမက္ခာ
ပြဟ္မာမကြွင်း အမင်းမင်းတို့
ဝပ်စင်းကော်ရော် ဖူးမျှော်မာန်ချ ဦးခိုက်ရသည့်
သကျနွယ်ဖွား ရှင်တော်မြတ်ဘုရား။
ရှင်ပင်ဘုရား စိုးပိုင်ထားသော
တရားမကိုဋ် မင်းယဉ်ပိုက်၏
အရိုက်အရာ ဆက်ခံသာဖို့
အာဏာတော်စု မိန့်ခွင့်ပြုသည့်

နတ်တလူစာစဉ်

ခာတုခမ္မ ဉဒ္ဒိသနှင့်
ဘောဂသညီ မွေသရီတို့
ကိန်းတည်နာမ်ချဉ်း ခာတ်သက်နှင်းကြောင့်
မင်းဘိသိက်ခံ နာမံထင်ရှား ရှင့်ကိုယ်ပွားအား
ကျွန်ကားခိုလှုံ ဆယ်ဖြာရုံလျက်
ဆယ်စုံဒါန ဆယ်သီလဖြင့်
ဦးချမာန်ခွာ ကန်တော့ပါ၏။

တစ်ဖြာပိုင်းခြား တွဲဘက်အားဖြင့် . . .
ဆပွားကြည်ယုံ သဒ္ဓါထုံလျက်
ဆယ်စုံဌာန ဆယ်ဝရသို့
စိတ်မှမကွာ ဆုပန်ပါ၏။

ဆယ်ဖြာအထု ဤကောင်းမှုဖြင့်
တောင်းဆုမွေခံ မြတ်ဆုပန်ကား . . .
ကြံတိုင်းလျှင်အောင် ဆောင်တိုင်းလျှင်ပြီး ဆောင်းရွှေထီးနှင့်
ပြည်ကြီးနိဗ္ဗာန် ဘိသိက်ခံသည်
စိတ်ကြံလျှင်ဆော ပြည့်စေသော
သဗ္ဗညု မြတ်ရှင်စော ဩကာသ ဩကာသ . . . ။

## ၂။ မင်းဘိသိက်ခံမော်ကွန်း

။ မင်းဘိသိက်ခံ တံဆိပ်နှံ့သား
ဉာဏ်တော်အဂ္ဂ မဂ်ခဏဖြင့်
ဘဝ ကာမေ အပါယေသို့
ခါချွေပို့တတ် ကိလေဇာတ်ကို
ပိုင်းဖြတ်သုတ်သင် အောင်ပွဲဆင်ကြောင့်
လူလျှင်စားစား နတ်များစွာစွာ
ပြဟ္မာမင်းမင်း ဘိသိက်နှင်းသည်
မင်းထက်မင်း၏ တံဆိပ်တော်။

။ ဝင်းဘိဖိတ်လျှံ ဂုဏ်ဟိတ်ခံသား
ကံ၊ ဉာဏ်၊ ဝီရ မြတ်ထာမဖြင့်
ဒသသုံးထွေ ပါရမေသို့
ဖြာဝေညွှတ်တတ် ဓမ္မဓာတ်ကို
မပြတ်ဖြည့်တင်း ကျင့်စဉ်သွင်းကြောင့်. . .
ဘုန်းခင်းကလျှံ ကံခင်းကဖြိုး
တန်ခိုးစုံစုံ ဉာဏ်ဟုန်ချဉ်းချဉ်း ကိုယ်သို့ဆင်းသည်

နတ်တလူစာစဉ်

www.burmeseclassic.com

ဝင်းလက်ခြင်း၏ အတိတ်တော်။

သွင်းနိမိတ်ဖန် အဓိဋ္ဌာန်သား
ကံပေါ်ညာဏ်ပွင့် သမ္မာမြင့်သည့်
အကျင့်လမ်းသာ နန်းမဟာသို့
လိုက်ပါလိုကုန် များဗိုလ်ပုံအား
ခိုလှုံခွင့်ပေး မင်းဖြစ်ရေးကို
ရှေ့ပြေးနိမိတ် မင်းဘိသိက်က
ဒိဋ္ဌလည်းပြ စိတ်ချလည်းယုံ
ဂုဏ်ဟိတ်လည်းချဉ်း သွင်းဆက်နှင်းသည်
လင်းထက်လင်း၏ နိမိတ်တော်. . . ။

www.burmeseclassic.com


# ၃။ မင်းဘိသိက်ခံဆိုသည်မှာ

ထုံးဖြူဖြူ ကုန်းကမူအမောက်မှာကွဲ့
နှုန်းမတူ ဘုန်းတလူလူတောက်ပါသနဲ့
သုံးဆူမြောက်ပါတဲ့ ဘိသိက်ခံ။

မာရ်ကိလေ လုံးစုံတိုက်ခိုက်ပြီးသည်ကြောင့်
အရဟံဇိနေ နှုန်းဂုဏ်ဆိုက်ဖို့တဲ့အပြင်
သုံးဘုံမကိုင်ရှိုဆိုတဲ့ ဟိတ်ကရုံ။

ဆုလိုချင် သူ့ကိုလျှင် ဦးခိုက်ကြပါတော့
ကုသိုလ်ရှင် သူ့လိုပင် အထူးပိုက်ရမှာမို့
ကူးလိုက်ကြ အမိဌာန်
စိတ်အကြံက မင်းဘွဲ့ညွှန်း။

လောကုတ်ရဲ့လိုအင်
သဘောသရုပ်မှာ ဗိုလ်ယှဉ်လို့
နဂိုညဉ် ဖြိုဖျင်လို့သွားခဲ့လျှင်
သားတော်တို့ရေ
တရားဓမ္မအစစ်ကဖြင့် ဆပွားပြအသစ်သစ်တွေနဲ့
ဘုရားဖြစ် လှစ်မဲ့မော်ကွန်း။ ။

www.burmeseclassic.com

## ၄။ မင်းဘိသိက်ခံဆု

မင်းဘိသိက်ခံ တံဆိပ်နှံ့သား
ဗိမ္ဗကိုယ်ပွား ရှင်တော်အားလျှင်
ဝပ်တွားမပြတ် မင်းအမှတ်ဖြင့်
ချဉ်းကပ်ရှိသေ ဓာတ်သက်ချွေကာ
တထွေရေချမ်း ဆီမီးပန်းနှင့်
ဆွမ်းဘောဇဉ်စု ကောင်းမှုတည်ခင်း တောင်းဆုသွင်းသော်
မင်းဘိသိက်ခံ အဓိဋ္ဌာန်
စိတ်ကြံအရှိ ပြည့်စေမင်း၊
မင်းဘိသိက်ကို အရိပ်ခို
စိတ်ကိုယ်ရန်ဘေး၊ ဝေးစေမင်း၊
ဘိသိက်မှာတွင် သိက္ခာတင်
ဝိဇ္ဇာစေရှင် ဖြစ်စေမင်း။ ။

# အပိုင်း [ ၁ ]

# ရှုမြင်စရာ ခန္ဓာက ဓမ္မကဗျာပိုင်း

www.burmeseclassic.com

# ၁။ ဝ မရှိဘဲ ဝိ မလုပ်မိကြစေနှင့်

တရားကျင့်လတ် ယောဂီမြတ်တို့
သိမှတ်စရာ အချက်မှာကား
မြတ်စွာဗုဒ္ဓ သုံးလူ့ဘ၏
ဓမ္မရတနာ မြိုက်ရသာသည်
လွန်စွာမျိုးမှန် အဖိုးတန်၏။

မင်္ဂဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်သို့
အမြန်ရောက်လို ယောဂီပျိုတို့
ဝန်တိုနည်းပါး သဒ္ဓါများလျက်
စကားမပြော ဂါရဝေါနှင့်
သဘောစင်ဖြူ ခန္တီကူလျက်
ပြုစုကင်းကွာ အဘိဇ္ဈာဖြင့်
မဝါမကြွား မပလွှားဘဲ
တရားသက်ဝင် အပြစ်စင်အောင်
ဆင်ခြင်တိုင်းထွာ နေကြရာ၏။

နတ်တလူစာစဉ်

www.burmeseclassic.com

။ လေ့လာတရား မထင်ရှားဘဲ
လူများရှေ့မှာ ပါပိစ္ဆာဖြင့်
ကြွားဝါလေမြင့် နှုတ်ကဖွင့်၍
ဘာဆင့်ညာဆင့် အသံလွှင့်လျက်
လာဘ်ပွင့်စေကြောင်း မပြောကောင်းရှင့်
ကံကောင်းကူမ လုံ့လထောက်ပင့် ပါရမီရင့်၍
ထိုက်သင့်သလောက် ဉာဏ်မြင်ပေါက်လည်း
စိန်ကျောက်ပမာ လျှို့ဝှက်စွာဖြင့်
ပြောရာပြောသင့် ခါအခွင့်၌
ပြောသင့်သူသာ ပြောကြရာ၏။

။ မြတ်စွာသနင်း တရားမင်းက
သားရင်းတို့ကို သနားပို၍
မဂ်ဖိုလ်အနီး အထင်ကြီးအောင်
ယီးတီးယားတား ငါ့ချစ်သားတို့
ဝါကြွားလိမ်ခွေ မပြောလေနှင့်
စိန္တေဗုဒ္ဓ စက်ဆုပ်လှဟု
ဝိနယပညတ် သိမှတ်စေရန် မိန့်တော်ပြန်သည်
ဝေဖန်အကျယ် သိလေတည်း။

**[ဝေဘူဆရာတော်ဘုရားကြီး ချီးမြင့်တော်မူသွားသောကဗျာ ထပ်ဆင့်ကူးယူပူဇော်ပါသည်။]**

## ၂။ ပက်လက်လှန်ထွေး တံတွေးကိုယ့်မျက်နှာ

။ တရားမမင် အမှားခင်သည့်
လူရှင်အပေါင်း သိစေကြောင်းဟု
စိတ်ကောင်းဖြစ်ရေး သတိပေးစိမ့်
မြတ်လေးနှစ်သက် ဦးထိပ်ရွက်လော့
ဖြစ်ပျက်နှစ်ဖြာ မရှုပါဘဲ
တစ်ရာအသက် ရှုသူထက်လျှင်
တစ်ရက်ရှုသူ မြတ်သောဟူ၍
ဆူဆူဘုရား ဟောဖော်ကြား၏။

။ မှတ်သားလိုက်နာ ရံတစ်ခါမျှ ထိုဓမ္မကို
ရှုဆပွားများ မကျင့်ငြားဘဲ
တရားမသက် အမှားဖက်၍
နေ့ရက်ကိုလွန် တဏှာ့ကျွန်ဟု
သာမန်လူမျှ ဖြစ်ကုန်ကြလျက်
နေ့ညမနား မြတ်တရားကို
ပွားများသက်ဝင် သူတော်စင်အား
အမြင်မှောက်မှား မထောက်ထားဘဲ

နတ်တလူစာစဥ်

ဘာလားညာလား ငရဲပွားအောင်
ပြောကြားရှုံ့မဲ့ မကဲ့ရဲ့နှင့်
တကယ့်တရား တကယ်ပွား၍
ကြိုးစားသလောက် ပေါက်မပေါက်နှင့်
ပြီးမြောက်မှုမှာ သူကျိုးသာတည်း။

။ ပေါက်လာလျှင်ကျော် မပေါက်သော်လည်း
လူမော်လူစွာ သည့်ထက်သာသည့်
အရိယာစစ် ထိုသူဖြစ်မူ
အပြစ်မသေး လွန်ကြီးလေးလိမ့်။

။ ကြံတွေးမျှော်သိ ကျောက်မဏိကား
ပွန်းငြိအနာ ရှိတုံပါလည်း
လမ်းမှာခင်းကျောက် ခားသွေးကျောက်ထက်
မြင့်မောက်မျိုးမှန် အဖိုးတန်၏။

။ ဝေဖန်ပညာ နှိုင်းချိန်ခါလျှင်
အခါကိုလင့် အခွင့်ကိုစောင့်
ဖြောင့်မဖြောင့်ကြည့် ကျမ်းစုံညှိလျက်
ဖြောင့်၏မှန်၏ ကိုယ်တိုင်သိက
မိမိတွက်တာ ကြိုးစားရာသည်
ကိုယ်သာကိုယ်၏ ကိုးရာတည်း။

**[ဝေဘူဆရာတော်ဘုရားကြီး ချီးမြင့်တော်မူသောကဗျာ
ထပ်ဆင့်ကူးယူပူဇော်ပါသည်။]**

# ၃။ လကဲ့သို့ကျင့်သော မဟာလူသားများ

။ အမည်းကင်းပ တိမ်စင်လ၏
လပြည့်ညခင်း လပြည့်မင်းကား
အလင်းလည်းပေး အအေးလည်းချ ဓာတ်ဘာဝဖြင့်
အရှေ့မှသည် အနောက်ဆီသို့
ဆံချည်မဖွဲ့ မစောင်းငဲ့ဘဲ
သွားမြဲတိုင်းသာ သွားချေပါ၏။

။ သူ့မှာအောက်တည့် ကျရောက်မိသည့်
သက်ရှိအများ သက်မဲ့များအား
သင်ကားဘယ်ကို ဘာဘယ်လိုဟု
နှုတ်ဆိုမထွက် လက်ဆက်မကူ ထွေးမပြုဘဲ
ပေးမြဲဓာတ်အား ပေးလျက်သွားသည်
မထားကန့်သတ် လောကဓာတ်သို့ . . . ။

နတ်တလူစာစဉ်

www.burmeseclassic.com

။ သည့်အတူပ မြတ်ဗုဒ္ဓ၏
ဓမ္မစာတ်အား သိဒ္ဓိများနှင့်
ကိုယ်ပွားသံဃာ အရိယာ၏
သိက္ခာလွှမ်းခြုံ စာတ်သားဂုဏ်လည်း
ယုံသူအရှိ သူ့အောက်တည့်ကို
သူ့ရှိဘာဝ၊ တေဇ ပညာ မြတ်ဥစ္စာတို့
ယူပါမဖွင့် ရော့, အင့်မပေး
အတွေးမျှပင် ပေးမဝင်ဘဲ
ကျင့်စဉ်သူ့လမ်း ဖြောင့်ဖြောင့်တန်းမှ
လမ်းအောက်မှီခို များလူဗိုလ်
လိုရာပေး၍ သွားနေသည်။

။ သီလဂုဏ်အောက် အယုံရောက်
လအောက်ကဲ့သို့ အေးစေ့မည်။
ပညာဂုဏ်တွင်း အယုံချဉ်း
လမင်းလင်းသို့ လင်းစေ့မည်။
သမာဂုဏ်ရှိ အယုံလှည့်
လပြည့်၏သို့ ပြည့်စေမည်။

။ အကယ်၍များ စကားနှုတ်ဖွင့်
လက်ပင့်လက်ရမ်း အတောင်းကြမ်းသော်
ဖမ်းခံငပုပ် လဂုဏ်ဆုတ်သို့
အေးရုပ်မဆင်း ရောင်မလင်း
စပ်ဖျင်းဖျင်းနှင့် ပြီးပြေမည်။

# ၄။ အညံ့နတ္ထိ ဆိုပေသည့်လည်း

။ ဘုရားသည်သာ ကိုးကွယ်ရာလည်း
သမ္မာသမ္ဗုဒ် ဂုဏ်ရည်ပုဒ်သို့
အဟုတ်ပီပြင် မသက်ဝင်က
ခြောက်ခွင်ဘုန်းလှည့် စက်မမိကြောင့်
ရရှိခွင့်ရေး မရသေးပြီ။

။ ရန်ဘေးမီးပွား အစားစားတို့
ဝိုင်းထားပိတ်ဆို့ အောက်ဘုံချို့မှ
ဆောင်ပို့အထက် အေးစေကွက်လည်း
လက်လွှတ်ပါရ ချို့တဲ့ရသည်
ဗုဒ္ဓစက်မှ ထွက်ရခြင်း။

။ တရားသည်သာ ကိုးကွယ်ရာလည်း
ခန္ဓာဉာဏ်ရောက် ထွင်းမဖောက်က
အနှောက်သွေးလျှင် ဘေးမစင်ကြောင့်
အေးခွင်အမြိုက် အရိုက်အရာ နန်းရိပ်သာသို့
စိတ်မှာဉာဏ်ပွား ခံစားမရ အားမပြုပြီ
ဓမ္မရတိ ဝိမုတ္တိ၏
အရှိသရုပ် သုဒ္ဓဘုတ်၏
မလုပ်ဘဲကောင်း မပေါင်းဘဲပြီး မပျက်စီးသော
ပြည်ကြီးထီးသုံး နန်းသုံးဖလတ် သမာပတ်လည်း
ကပ်ခွင့်မရ လက်မဲ့ကျသည်
ဓမ္မစက်မှ ထွက်ရခြင်း။

။ သံဃာသည်သာ ကိုးကွယ်ရာလည်း
ပန္နာလေးပေါက် ဉာဏ်မရောက်က
မမြောက်သံဃာ ပုဂ္ဂိုလ်မှာပင် စိတ်မေးတင်ကြောင့်
ကြည်လင်အေးချမ်း ဘေးမသန်းသော
မခမ်းရေဦး အမြိုက်ထူးကား
မကူးကိုယ့်မှာ ရောက်မလာပြီ။
လေးဖြာခမ်းမ သွားလမ်းကျသည့်
မဂ္ဂင်အင်ပါ ဖိုလ်အင်ပါကို
ခန္ဓာလျှင်ပွား ကျင့်စဉ်များဖြင့်
ကြားစေနာစေ ဟောချွတ်ခြွေလည်း
နှုတ်ဗွေမုခ လမ်းဆုံးရသည်
သံဃာ့စက်မှ ထွက်ရခြင်း။

။ မြတ်ဘုရားနှင့် ကိုယ်ပွားအလုံး
ကျင့်သုံးဓမ္မ ထိုသုံးဝကား
လကဲ့သို့သာ ဓာတ်ဖြန့်ရာကြောင့်
ကြည်သာရွှန်းပ အေးသောလက
ဖြန့်ချကမ္ဘာ ရောင်အဝါဖြင့်
လသာချင်းချင်း လင်းလင်းပြည့်ပြည့်
ဘယ်သို့ရှိလည်း . . . ။

။ လ၏အောက်မှာ မရောက်လှာသော်
မလာသူအား လဓာတ်များက
ခံစားခွင့်ပိတ် အေးတိတ်ဆိတ်သို့။
ဂုဏ်ဟိတ်သုံးပါး အလင်းအား၏
ဓာတ်များအောက်မှာ မရောက်လာသော်
မလာသူအား ရိပ်ကွယ်ခြားပြီ
တရားလက်လွတ် နေလေမင်း။

နတ်တလူစာစဉ်

# ၅။ အကန်းတို့အကြား သွားမပြောအပ်သော စကားကြီးလေးခွန်း

သတ္တဝါသွင်ပြင် ဖြစ်စခွင် မြင်ရန်အခက်သား။
သစ္စာလေးအင် တရားခွင် မြင်ရန်အခက်သား။
ဝမ်းတိုက်ကူးဝင် သန္ဓေယှဉ် မြင်ရန်အခက်သား။
သမုပ္ပါဒ်ယာဉ် လှည့်အစဉ် မြင်ရန်အခက်သား။
ကိုယ်မြင်ပါမှ သူ့ထံပို့ ပြောဖို့ပိုခက်သား။

ပမာပုံသေ နှိုင်းရချေမူ
သန္ဓေပါကန်း မမြင်စမ်းအား
ပန်းချီဆေးစက် မှုန်းခြယ်သက်ဖြင့်
လေးကွက်အထား ပုံလွှာများကို
ဤကားတောဆင် ဤခုတင်တည့်
ဤလျှင်ဘူးသီး ဤပုတီးဟု
နားနီးကပ်ခါ ပြောပေးပါလည်း
သေချာတိပ ရှင်းမရပြီ
ပြောမရချေ စမ်းကြည့်စေလည်း
ပုံသေကားချ သိမရသို့
ဓမ္မရေးရာ ထိုလေးဖြာလည်း
သေချာထိမိ သင့်ယုတ္တိဖြင့်
အရှိတံထွာ ရှင်းပေးပါလည်း
ပမာပေးပြ ချက်မကျ
ခက်လှပါချေတကား။
ဒွဲ့ဒိုးပြောပြ ဇောမကျ
မောလှပါချေတကား။

နတ်တလူစာစဉ်

www.burmeseclassic.com

## ၆။ သေတောင်မအေး ကာမသွေး

မသိလို့ပျော် တော်ပြီမှရှိဘဲ၊
ပိုးဖလံ မီးကစား
မီးဝါးသည့်ပွဲ။ ။

## ၇။ မီးနေအိမ်မှ မီးနေအိမ်သို့

အနိစ္စအရာ ငါ့ခန္ဓာ
ဖြစ်ခါ ပျက်နေသည်။
ဖြစ်ပျက်နှစ်ဖြာ နှိပ်စက်ရာ
မကြာ အိုရော့မည်။
အိုခြင်းရင့်မာ အားပျက်ခါ
သေရွာသေဘက် ဆက်ရမည်။
သေမင်းခေါ်ရာ ဖော်မပါ
ဗလာကိုယ်တည်း သွားရမည်။
ငါ့မခင်ချစ် ငါ့မနှစ်
ပစ်ကြပေရော့မည်။

မီးကြားမှလာ ငါ့ခန္ဓာ
မီးမှာဆုံးလိမ့်မည်။
မီးဆုံးနေရာ မီးတစ်ခါ
မလာစေဖို့ အရေးကြီးသည်။

**[၁၃၆၂ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်၊ ပဋိပတ်တောကျောင်း။]**

## ၈။ သူသေကိုယ်သေ အကြေနွဲ့

သူသေပြီလား
သည်စကားလေး သူ့လှန်မေး။
သူမသေသေး
ငါသေပေးရန် အရေးဖန်
မအေးထိုရန်ပွဲ။

ငါသေပြီလား
သည်စကားလေး ငါ့ပြန်မေး။
ငါမသေသေး
သူသေပေးရန် အရေးဖန်
မအေးဤရန်ပွဲ။

သူနှင့်ငါကား
နေရာအတူ ဂေဟာတူ၌
ဆိုးတူကောင်းထပ် မပေါင်းအပ်
ဓာတ်ချင်းဇာတ်ချင်းကွဲကြပြီ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

သူကိုင်မူကား
လူလျှင်လူချင်း နတ်နတ်ချင်းနှင့်
ဇာတ်ချင်းမတူ ဓာတ်မတူပါ
သူတကာကို ဖြူရာမှမဲ
မဲရာမှမှောင် အညစ်ရောင်ဖြင့်
အရောင်ချင်းပြိုင် မှောင်ချင်းပြိုင်
သူနိုင်ကိုယ်နိုင် ကိုင်စေခြင်း။

ငါ့အယူကား
လူချင်းနတ်ချင်း ဇာတ်တူချင်းကို
ကိုယ်ချင်းချင်းစာ တာချင်းချင်းထောက် ပူမနှောက်ဖြင့်
သူရောက်လျှင်ကြို ကိုယ်ရောက်လျှင်ကမ်း
အတူလှမ်းကာ လမ်းဆုံးရာ
တန်းကာစီကာ ပို့လိုခြင်း။

သည်သို့အယူ မူမတူကြောင့်
သူသေလျှင်သေ
မသေရန်ဘေး ငါမအေး
ဘွာတေးခတ်၍ မရပ်သာ။

**[၁၃၆၂ ခုနှစ်၊ ပြာသိုလကွယ်နေ့။]**

# ၉။ အစာသွင်း စာရင်းရှင်းခဲ့ပါ

l အသွင်းတစ်ပေါက် ဆင်းကိုးပေါက်
ကျပျောက်ကွယ်ရာ သည့်အစာ။

l အများရှေ့သုံး စွန့်လျှင်ပုန်း
အဆုံးသတ်ရာ သည့်အစာ။

l သွင်းစဉ်သာပြီး အဆင်းမုန်း
နှလုံးမသာ သည့်အစာ။

l တစ်ညဉ့်ဝမ်းအောင်း ပုပ်ညှီလောင်း
အကောင်းမပါ သည့်အစာ။

l ခန္ဓာ့ဝင့်ခြင်း မလွတ်ကင်း
သွတ်သွင်းရရာ သည့်အစာ။

ဤသို့ရှုမှ အာဟာရ
ကင်းပ ထိုတဏှာ။ ။

BURMESE CLASSIC .com

# ၁၀။ သည်ကျောင်းမကောင်း ဟိုကျောင်းပြောင်း သူကောင်းမွေးမြူပါ

၊ အာရုံပြုတ်တောင်း မှတ်မကောင်း
ပြောင်းသင့်ပြောင်းပေးလိုက်။

၊ သက်သာမကြိုက် ထိုစိတ်မိုက်
တိုက်သင့်တိုက်ပေးလိုက်။

၊ သတိမစပ် ခုန်ကျော်မှတ်
ပိုးထပ်ဝီရိ ထည့်ပေးလိုက်။

၊ အသိမစွဲ ထုံပေမွဲ
ပိုကဲဝီရိ ထည့်ပေးလိုက်။

၊ မိုလ်သင်းငါးဖြာ ညီရျိန်ခါ
အသာကြည့်နေလိုက်။

## ၁၁။ ဤကြွေ့မထက် သည်အချက် ပြည့်စွက်ပေးလိုက်ပါ

သဒ္ဓါနည်းလျက် မကြည်သွက်
အားတက်စရာ စိတ်မှာမွေး။

ဝီရိယနည်း သမာနည်း
သိပ်သည်းမှတ်ရိပ် စိပ်စိပ်မွေး။

သမာဓိလျှော့ ပျံ့နော့နော့
သော့ချက်ပင်တိုင် ထိုင်စိတ်မွေး။

ပညာမြင်လျှော့ မလေးပေါ့
ထပ်ကျော့ထိချက် နာနာမွေး။

သတိအားပျော့ လွတ်လွဲဆော့
ကူလော့နှုတ်မှတ် စိတ်မှတ်မွေး။

## ၁၂။ ဤကြွေ့လွန်ကဲ သည်အထဲ ဆွဲသွင်းပေးလိုက်ပါ

ဝီရိယလွန်ကဲ ပြန့်ပြန့်ကျဲ
တစ်ခုထဲထဲ စိုက်ပေးပါ။

သမာဓိလွန်ကဲ မေ့မျောကဲ
အထဲဝင်ရန် ထန်ပေးပါ။

သဒ္ဓါလွန်ကဲ ကြည်စိတ်တွဲ
ကြည်ဆဲကိုပင် ပြန်မှတ်ပါ။

ပညာလွန်ကဲ သရုပ်ခွဲ
ခွဲရာကိုပင် ပြန်မှတ်ပါ။

**[၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ပဋိပတ်တောကျောင်း။]**

နတ်တလူစာစဉ်

# ၁၃။ အားနည်းရောဂါလက္ခဏာ လေ့လာသည်မှာကြည့်

- သဒ္ဓါအားနည်း သူဆင်းရဲကား
  ရှုဆဲစိတ်စဉ် မကြည်လင်
  ပီပြင်ရွှင်ပျ မရှိလှ။

- ဝီရိယနည်း သူ မရဲကား
  လက်တွဲသဒ္ဓါ ထိုမှခွာကြောင့်
  မြင်လာဖြစ်ပျက် ဖြည်းဖြည်းညက်
  ရှုကွက်ပျောက်တတ်စွ။

- သမာဓိနည်း သူပျင်းတွဲကား
  မှတ်မြဲအရပ် စိတ်မကပ်ဘဲ
  တလွဲကူးဝင် ဘဝင်ပျံ့မြူး စိတ်လေ့လူး
  ပူးဝင်နေတတ်လှ။

- ပညာအားနည်း သူဖျင်းစွဲကား
  ရှုဆဲမြင်ကွင်း မရှင်းလင်းဘဲ
  မှုန်ခြင်းပျောက်ခြင်း ထိုအခင်း
  ရှုရင်းဖြစ်တတ်လှ။

- သတိအားနည်း သူငမွဲကား
  စွဲမြဲထပ်ထပ် မှတ်မစပ်ကြောင့်
  အမှတ်လွတ်ခြင်း လွဲချော်ခြင်း
  ပက်ပင်းတွေ့တတ်လှ။

**[၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊**
**ပဋိပတ်တောကျောင်း။]**

# ၁၄။ အားလွန်ရောဂါသိစရာ မှတ်ပါသည်မှာရှိ

။ ဝီရိယလွန် ထိုသူမွန်ကား
မွန်ထွန်ဖွာကျဲ ပေါ့ဟဲဟဲနှင့်
ကွက်ထဲမဝင် နှုတ်ခမ်းတွင်
မေးတင်နေတတ်လှ။

။ သမာဓိလွန် ထိုသူမွန်ကား
အလွန်သိမ်မွေ့ ထိပ်တိုက်တွေ့ဖြင့်
တမေ့မျောမျော ထိုင်းမှိုင်းတော
မျောပါနေတတ်လှ။

။ သဒ္ဓါလက်လွန် တစ်ခုချွန်ကား
တံခွန်နိမိတ် ကင်းပျောက်ဆိတ်လျက်
အရိပ်မသိ အကြည်သက်သက် ထိုပြချက်
မက်၍နေတတ်လှ။

။ ပညာလက်လွန် တစ်ခုချွန်လည်း
ရှေ့လွန်နောက်ချန် စိတ်ဝေဖန်နှင့်
သကန်သရုပ် ပညတ်ဘုတ်
ထုတ်ကြည့်နေတတ်လှ။

[၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊
ပဋိပတ်တောကျောင်း။]

www.burmeseclassic.com


## ၁၅။ လက်ကျန်ပိတ်မရသော စာရင်းရှင်းတမ်းများ

လူ့ပြည်ဒေသ အခြေချ၊
နေရပေါင်းက များလှပြီ။

နေဆဲကပင် သေပွဲပြင်၊
သေခွင်ဝင်ပေါင်း များလှပြီ။

နေရေးမှကျော် သေဘေးပေါ်၊
တော်ပြီဟူ၍ မရှိပြီ။။

သေဘေးမှကျော် နေရေးပေါ်၊
တော်ပြီဟူ၍ မရှိပြီ။

နေခွင့်ပြုရာ မှုကမ္ဘာ၊
ခုရှာဖွေဆဲ ရှိသေးသည်။

သေမိန့်ချရာ ဝေဒနာ၊
ခြေရာခံမြဲ ရှိသေးသည်။

ဝဋ်လွတ်သစ္စာ မြတ်ဓမ္မာ၊
လှပ်ခွာမကြည့် ရှိသေးသည်။

ဝဋ်ပြစ်နှစ်ပါး လွတ်စေသား၊
စကားမျှသာ ရှိနေသည်။

သေခြင်းတရား ကင်းစေသား၊
စကားမျှသာ ရှိနေသည်။

BURMESE CLASSIC .com

သည့်တိုင်းသာဆို ဝင့်ထိုထို၊
ကြို့ဆိုမြဲပင် ရှိနေသည်။

လူ၏ဒေသ အခြေချ၊
နေရပေါင်းကား များဦးမည်။

နေဆဲကပင် သေပွဲပြင်၊
သေခွင်ဝင်ပေါင်း များဦးမည်။

**[သက်တော် ၆၀ ပြည့် မွေးနေ့မှတ်တမ်း]**

BURMESE CLASSIC .com

## ၁၆။ လူ့မှတ်ပုံတင်ကတ်ပြား

။ ဘူတ ဓာတ်မှန် ရုပ်နှင့်နာမ်
လူ့ထံမှာသာ ရှိပါသည်။

။ ကောင်းဆိုးနှစ်တန် ကံ ပြန်လှန်
လူ့ထံမှာသာ ရှိပါသည်။

။ ဆိုးကျင့်ပယ်ရန် သုခ ဈာန်
လူ့ထံမှာသာ ရှိပါသည်။

။ ကောင်းကျင့်ဆယ်ရန် မဂ္ဂဉာဏ်
လူ့ထံမှာသာ ရှိပါသည်။

။ ဗောဓိသို့ဆန် အခြေခံ
လူ့ထံမှာသာ ရှိပါသည်။

။ ထောက်ချင့်ဝေဖန် ဆင်ခြင်ဉာဏ်
လူ့ထံမှာသာရှိပါသည်။

။ သတိကင်းစိတ် ကာမစိတ်မျှ
အိပ်ရုံစားရုံ ပျော်ပါးရုံဖြင့်
လူ့ဘုံခန်းဝါ သင်မလာသင့်
ကာမသက်သက် ထိုလုပ်ကွက်ကား
ကြွက်ဖြစ်လည်းရ ဝက်လည်းရ၏။
ဘဝလူ့ရွာ သင်ရောက်ရာတွင်
လူမှာလူဆင့် လူ့အကျင့်
ကျင့်ပြအပ်သည်သာ။

**[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ပဋိပတ်တောကျောင်း]**

## ၁၇။ သေမင်းငင်ခံနေရသူများ

။ ဘဝလျှင် သုံးပိုင်းပိုင်း
ဒုန်းစိုင်းလို့ ခရီးနှင်. . . ။

။ ဖြစ်ပျက်နှစ်တန် လုချက်ပြင်းသဖြင့်
ရှုကွက်မြင်ကွင်း မပီမပြင်။
- ဝေဟင်တွင်းက လေပြင်းအသွင်
- သေမင်းငင် မြန်ဆန်လွန်းလို့. . . ။

။ လှုပ်တစ်ချက် ရုပ်သက်ကုဋေချီလို့
သေပြည် သွေဖီ(ဖယ်)လို့ ပြေးစေသည်ကြောင့်
ကလေးသေ လူလတ်
လူလတ်သေ လူကြီးရွယ်ဖြင့်
ခရီးနယ် အပြင်းစိုင်းလို့ရယ်
သချိုင်းကိုပို့. . . ။

**[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊
ပဋိပတ်တောစခန်း]**

www.burmeseclassic.com

# ၁၈။ ကျော်တောသို့အရောက်

။ ကျော်ပြီကွဲ့တောင်ကြော
ချောင်မြောင်ပေါ်နဲ့ ရောရာစုံ။

။ တောင်ကျော်ရာတောနင်း
တောတွင်းလဲ ကင်းခဲ့ဖုံဖုံ။

။ လူတွေရဲ့နားရာဘုံ
ကစားစရာအာရုံတွေကဖြင့်မောက်ကြီး။

။ ကျော်နိုင်လျှင်ကျော်
မကျော်နိုင်လျှင် ခြေရာပျောက်
မှောက်လိမ့် ဖောက်ထီး။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ပဋိပတ်တောကျောင်း]

www.burmeseclassic.com


## ၁၉။ ကျော်တောသို့ရောက်သောအခါ

ကျော်ပြီကွဲ့တောင်ကြော
ချောင်မြောင်ပေါ်နဲ့ ရောရာစုံ။
တောင်ကျော်ရာတောနင်း
တောတွင်းလည်း ကင်းခဲ့ဖုံဖုံ။

ငှါဘ၀ တက်ကျအဟုန်
လက်ရပုံတွေကဖြင့် ကြောက်စရာကြီး။

သည်တစ်ကြော မရော
နောက်တစ်ခါကွဲ့
ရောက်လာလျှင် မှောက်ရာအောက်
ပျောက်လိမ့်ခရီး။

**[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ပဒိုပတ်တောကျောင်း]**

BURMESE CLASSIC .com

## ၂၀။ ဖွတ်မေ့ ပဒတ်မေ့သမား

။ နှစ်ဟောင်းရဲ့အပြို
အသစ်ဆောင်း ကပိုကရိုမို့
ငိုမလို ရယ်အား။

။ မေ့မသိ နဂို
နေ့အရှို သူမျိုကြောင့်
လူပါအို နှစ်ပြိုပိ
မမိကြ အနှစ်သား။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်၊ နှစ်ဆန်းတစ်ရက်နေ့]

## ၂၁။ ရှေ့ဆောင်နွားလား မပြောင့်ပြားက

။ သတိဝင်ရာ ဉာဉ်ဓမ္မာ
သညာမလိမ်ရဲ။

။ သတိမဝင် ထိုသည့်ဉာဉ်
သညာလိမ်ခေါက်ဆွဲ။

။ သညာလိမ်လျှင်
ဝိဉာဉ်စိတ်ထား ဒိဋ္ဌိများပါ
သိမှားမြင်မှား အထင်ထားဖြင့်
အမှားသုံးချက် ရှေ့ပြေးထွက်သော်
နောက်ဆက်ကိုမှား လိုက်၍စား
မိုက်မှားရဖို့ချည်း။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ပဋိပတ်တောကျောင်း]

## ၂၂။ သဘောမျှသာ သိသောခါဝယ်

၊ သုခတွေ့လျှင် သုခထင်
အမျှင်မပြတ်ပြီ။

၊ ဒုက္ခတွေ့လျှင် ဒုက္ခထင်
အမျှင်မပြတ်ပြီ။

၊ အကြင်အခါ သင်္ခါရာ၌
ပညာမျက်စိ အထူးကြည့်ဖြင့်
တည့်တည့်လည်းဝင် ထင်ထင်လည်းထောက်
အမြင်ပေါက်အောင်
ထိုးဖောက်အထွင်း ဉာဏ်ကပ်ချဉ်းကြောင့်
လက်ရင်းကျန သိခွင့်ရသော်
သုခအသက် ပေါ်ရာပျက်
သက်သက်အပြောမျှသာတည်း။

၊ ဒုက္ခအသက် ပေါ်ရာပျက်
သက်သက်သဘောမျှသာတည်း။

l သို့ကလိုပင် ဉာဏ်သက်ဝင်ကာ
အမြင်လည်းပြောင်း အသွင်ပြောင်းဖြစ်
ယောင်းသစ်အာရုံ မည်သည့်ပုံက အငွေ့ချလည်း
တွေ့သမျှပေါ် ဉာဏ်ဖြင့်ကျော်
အလျော်အစားမလုပ်တော့။

l အကောင်းလာလည်း မပြောင်းလဲ
ခေါင်းဆွဲမလုပ်တော့။
အဆိုးလာလည်း မပြောင်းလဲ
ခေါင်းဆွဲမလုပ်တော့။

l ထိုရောအခါ သင့်မျက်နှာ၌
ပြုံးရာမထင် မဲ့မထင်ဘဲ
ကြည်လင်ချမ်းမြ ယုန်စန်းလသို့
သာလှဘိခြင်း ခြောက်ပြစ်ကင်း
အလင်းဖြန့်နိုင်ပြီ... ။

## ၂၃။ စက်ထုတ်လုပ်သား

1 လူ့ဘုံတစ်လျှောက် အလည်ရောက်
ဘယ်လောက်ဘယ်လောက် ငါမသိ။
နတ်သွင်ဟန်ပေါက် ကံကြည်ထောက်
ဘယ်လောက်ဘယ်လောက် ငါမသိ။
ဗြဟ္မာ့ထံမှောက် ဈာန်ရည်သောက်
ဘယ်လောက်ဘယ်လောက် ငါမသိ။
အပါယ်လေးပေါက် ဒိုးယိုလျှောက်။
ဘယ်လောက်ဘယ်လောက် ငါမသိ။

1 ထိုငါမသိ ဘာမသိက
အငြိစုံလင် ဘုံခင်မင်ခဲ့
ဘုံစဉ်လေ့ သူချင်းတွေ့၌
ရှေ့လျှင်တစ်မျိုး ကောင်းနိုးနိုးဖြင့်
ကြိုးစားခွင့်ရ ပုည ပုညာ အနဋ္ဌာအား
စဉ်လာမပျက် ဝဋ်ပတ်စက်ကို
သွက်သွက်ငင်စေ လည်ပတ်စေခဲ့
စေရာကိစ္စ ပြုမိန့်ကျသည့်
ဘဝချက်ချာ သက်ခန္ဓာလည်း
ရုံခါအထက် အောက်ဘက်တစ်ခါ
အလည်မှာတစ်ထောက် ပတ်လှည့်လျှောက်လျက်
ဖောက်ဆက်ဆက်ကြောင့်
စက်ထုတ်လုပ်သား ငါသည်ကား
အားသည် နားပြီ မရှိသေး။

နတ်တလူစာစဉ်

www.burmeseclassic.com

## ၂၄။ ပတ်လည်ကစားသမားများ၏ ရှုံးထွက်ပွဲမြင်ကွင်း

1 ညဉ့်စရိုက်
စဉ်တိုက်ကွဲ့ လိုက်ဖိလေရာ
နောက်တော်ပါအစွဲများ
အသည်းကြားက ဘွားခနဲလာ
အသားများလည်း ဆတ်ဆတ်ခါ
မအပ်စပ်ရာ အပ်စပ်လှာလို့
ရှုသတိ သူ့အဖိ မကွယ်ကာလျှင်ဖြင့်
အလွယ်ပါ အလာထပ်တော့မယ်
ပတ်ပတ်လည်သို့... ။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်]

## ၂၅။ ဒုက္ခဘဏ်

1 ကံစက်လည်ရာ ဤခန္ဓာကား
လေးဖြာစပ်ဖက် ဓာတ်အသက်ကို
ပျက်တိုင်းပင်ပြင် လေးဘက်သင်ဖြင့်
ဆာလျှင်အစာ နာသော်ဆေးကု
ပူ ရေ လေ ဖျန်း ချမ်း နွေးအောင်ပြု ထိန်းကျောင်းမှုများ
ပြု–စုမကုန် နည်းမျိုးစုံနဲ့
အာရုံအတိုက် သူ့အကြိုက်ဖြင့်
တိုက်ကွက်သောင်းပြောင်း လိုက်ပွဲဆောင်းရ တောင်းပေးရသေး။
ညောင်းကတစ်ဖန်
ဘယ်ပြန်ညာကပ် ပြောင်းလည်ပတ်မှ
ရပ်၊ သွား၊ ထိုင်၊ လျောင်း ပုတ်လေးကြောင်းထိ
ပြောင်းလှည့်ပေးရ ကံကြွေးချနဲ့
လေးဝဓာတ်စာ ထိုခန္ဓာကား
သခေါ်လေးခွင် ဘယ်သို့ပြင်လည်း
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

နတ်တလူစာစဉ်

www.burmeseclassic.com

၊ ကံတက်ချီရာ မှီရန်လာကား
သကာဥပ သိကာမဖြင့်
များစွာဒကာ ဒါယိကာပင်
ငါသို့အားထား ထိုသူများလည်း
လေးပါးခေတ်စာ လေးဖြာသစ် ကံစက်ဝတွင်
ဆယ်ဝကိလေ ဆယ်ထွေသံယောဇဉ်
ဆယ်ခွင်ဒုစရိုက် အမှုလိုက်တို့
ထုရိုက်မောင်းမဲ ခံရဆဲသာ
ခေါင်းဆွဲအဝိဇ္ဇာ တဏှာမာန ပပဥ္စကြောင့်
မယားအဆွယ် လင်အဆွယ်မှ
ခင်တွယ်သားမီး ပစ္စည်းအာရုံ
ကာမဂုဏ်တိုင် သူဘုံဆိုင်များ
ကိုင်ပေးထားရ ထိန်းပေးရသေး
ရောအိုဘေး ဗျာဓိဘေးနှင့်
သေဘေးကဆွဲ လူရွေးပွဲထဲ
ရှင်ကွဲ သေကွဲ တိုင်ခြေလွဲချိန်
ဝမ်းနည်းပူဆွေး ငိုကြွေးရှိုက်ငင် ခွဲပွဲဆင်ဖြင့်
အော်–အင်ကြွရ ငြီးတွားရ၏။
လေးဝဗိုလ်ပါ ထိုသူငါလည်း
သခေါ်လေးခွင် ဘယ်သို့ပြင်စေ
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

၊ ကံပျက်ဆည်ရာ ပြည်ဘဏ္ဍာကား
လေးဖြာဆေးဆွမ်း ကျောင်းသင်္ကန်းပင်
ရဟန်းမှီခိုး ဤလေးမျိုးလည်း
ရေခိုးမြေခိုး ဥတုခိုးနှင့်

ခတ်နိုးလေးချက် အတွင်ဖျက်ကြောင့်
ဝင်းလက်တောက်ရှင် ဝါဝါလွင်နှင့်
စွမ်းအင်ထက်စွာ ကံရိက္ခာများ
ထိန်ရာမှမှိန် နိသင်တိမ်ခဲ့ ... ။
နေရှိန်ကညှင်း လေကညှင်းနှင့်
မြေဆင်းခြွကြွက် ပိုးပုရွက်တို့
ထိုးနှက်ကိုက်ဝါး အတိုက်များကြောင့်
ဆောက်ထားအလုံး သက်န်းသုံးတို့
ပြုန်းစားပင်ပြို မဖြိုအိုရ ဆွေးရိရသေး ... ။
ခန္ဓာ့ဝမ်းရေး ဆွမ်းကွမ်းဆေးလည်း
အေးခင်းပူခင်း အနိုးကင်းများ
အတင်းလုယက် အတင်းဖျက်ကြောင့်
ယွင်းပျက်ပုပ်သိုး အခြေဆိုးလိမ့်
မှီနိုးလေးဖြာ ထိုရိက္ခာလည်း
သခ်ါလေးခွင် ဘယ်သို့ပြင်စေ
ပြင်ရင်းကပျက် ပြုရင်းဖျက်သည်
သက်သက်ဒုက္ခစုပါတကား။

[၁၃၆၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့ အသက်(၆၀)ပြည့်မှတ်တမ်း]

## ၂၆။ အလိမ်မခံ အိမ်ပြန်ခက်ကရော့

l **အနိစ္စဝတသင်္ခါရာ ဥပ္ပါဒဝယ ဓမ္မိနော**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိတေသံ ဝူပသမော သုခေါ**

l **ဘုတ်တို့မှီရာ ဤခန္ဓာကို**
**ရှည်ကြာအသက် တည်မပျက်ရန်**
**လက်ယုက်စီမံ တာဝန်ခံရ။**

l **သင်္ခါရတွင်**
**စိတ်ကစီစဉ် ကံတီထွင်တို့**
**ဆာလျှင်အစာ နာလျှင်ဆေးကူ**
**ပူရေလေဖျန်း ချမ်းအနွေးလျောက် ထိန်းစောင့်ရှောက်လည်း**
**ဖောက်ပြန်ခင်းများ တင်သွင်းထားကြောင့်**
**ထင်ရှားဒိဋ္ဌ ပျက်ရိုပ်ပြသည်**
**အနိစ္စဝတာ သင်္ခါရာ။**

l **တစ်ဘဝအတွက် တစ်ပန္နက်ကျ အချက်ပြသို့**
**ပုညပုညာ အနဉ္ဇာဖြင့်**
**သင်္ခါရကံ စိတ်ဝိညာဏ်များ မျိုးခံထားစဉ်**
**စေးပွားရောင်ဖျက် စုပ်လက်ချက်ဖြင့်**
**ဆေးစက်ချတန်း ရုပ်ပုံဖမ်းနှယ်**
**ပွဲထမ်းဆင့်ဆင့် စွဲခန်းပွင့်ကြောင့်**
**ဖြစ်ခွင့်ကြုံပြန် ရုပ်နှင့်နာမ်လည်း**
**ရှေ့ဆန်နောက်ပြုတ် ဖြစ်တိုင်းချုပ်သည်**
**ဥပ္ပါဒဝယော ဓမ္မိနော။**

နတ်တလူစာစဉ်

 www.burmeseclassic.com 

1 ရှေ့ဆန်နောက်ပြုတ် ဖြစ်တိုင်းချုပ်သည့်
ဘုတ်ဆင့်ဆင့်ခံ ထိုရုပ်နာမ်ကား
နောက်ခံအတိတ် ကံပင်းစိတ်၏
အရိပ်ပြသာ ဖြစ်ချေရာကြောင့်
ရာသီဥ္စမှီ သီးနှံသည်ကား
ရာသီကုန်ဆုံး သီးနှံတုံးသို့
ကံဖုန်းရှိန်စက် တွင်းခံပျက်က
ကံဆက်စိတ်ဆောင်း ဆွေးစွမ်းကောင်းနှင့်
စားကောင်းသောက်ဖွယ် အမယ်မယ်များ
ဆွယ်ယူဖြည့်ဆည်း ဘယ်ပုံမှီးလည်း
ဖြစ်ပြီးသောဘုတ် နိသင်ချုပ်ပြီ
ဥပ္ပဇ္ဇတိ နိရုဇ္ဈိ။

1 ဘုရားတပည့် များကဝိတို့
သတိဉာဏ်ယှဉ် သမ္မာဉ်ဖြင့်
မြင်တိုင်းဝေဖန် ကြားဝေဖန်ကြ
ကံ စိတ် ဥ ဟာ လေးဖြာလှုပ်လဲ့ ဘုတ်အဖွဲ့ကား
အချဲ့ဝေဒနာ ရှု့သညာနှင့်
ဝိညာလှဲ့လိမ် အာရုံလိမ်များ
အိမ်ငှားပေးရာ ပွဲစားသာမို့
တစ်ခါအပျက် တစ်ကွက်အတည် လှုပ်ပလီ၏
သည်တစ်ချီလူ နောင်မူနွားကျွဲ ဘုံလိမ်လွဲ၏
တစ်ပွဲမှာကောင်း တစ်ကြောင်းကျဆိုး ပြောင်းလှန်ချိုး၏
အိမ်အမျိုးမျိုး လိမ်ဖဲချိုးကို
ဟုတ်နိုးကောင်းနိုး လိမ့်တိုးတိုးသော်
ကြိုးစားတိုင်းလျှင် သေပွဲဝင်
ပြင်ဆင်ရန်ပင် ချိန်မရှိ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

နိုးတိုင်းကံထပ် အလုပ်အပ်
ပြန့်ဖြတ်ရန်ပင် ချိန်မသိ။
ကံလိမ်အဖိ စိတ်လိမ်မိ၏
ဒက်ထိယနေ့ သင့်လက်တွေ့ကား
ကောင်းစေ့စီမံ ဆိုးကျိုးခံရ
နေရန်ပြင်ဆင် သေပွဲဝင်ရ
နောင်လျှင်မျှော်ကိုး သည့်ထက်ဆိုး
အကျိုးပေါ်ရန် အကြောင်းခံထား
ဘုတ်လိမ်များနှင့် လိမ်စားညာစား
လုယက်စားကြ ထိုပါပကို
ဖြိုချဖျက်ချ ဖြတ်ထုတ်ချသည့်
မဂ္ဂသစ္စာ ကိရိယာဖြင့်
ငြီရာတိုင်းဖြို ပြိုလာတိုင်းချ
လေးမဂ်ပြုမှ ဂူပသမံ ရွှေမြေခံမည်
**တေသံအယော သုသုစေါ်။**

[၁၃၆၃ ခုနှစ်၊ ဝါဆိုလဆုတ်၊ ဝဋ္ဋိဝတ်တောကျောင်း]

## ၂၇။ ဆီလိုက်မမှန်သော စက်တစ်လုံး

၊ သန်စိတ်ရဲ့အလျဉ်
ထန်ရိပ်အကဲဝင်စဉ်မှာတော့
သိချင်ပြီအောက်စလွတ်
ခွင့်လွှတ်တရား။

၊ လိုက်လျှောက်ခဲ့တစ်ခွင် တစ်ပြင်
ကြိုက်ပေါက်မမြင်လျှင်လဲ
မာန်အဝင် ထန်အပြင်းကြောင့်ပင်
တင်းလေပြီ နှုတ်ခမ်းပြတ်
တစ်ခန်းရပ်စာတတ်သွား။

## ၂၈။ မပြတ်ဆင်ခြင် ဤငါးခွင်ကား

l အိုခြင်းဇရာ ငါ့ခန္ဓာ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ် ငြိမ်ရှုံခံ ငါအံ့မတုရဲသေး။

l နာဖျားရောဂါ ငါ့ခန္ဓာ ရန်ရှာနေဆဲပင်။
သူ့နှိပ်စက်ဒဏ် အံ့တင်းခံ ငါမလွန်ဆန်ရဲသေး။

l သေခင်းကြမ္မာ ငါ့ထံလာ ရန်ရှာနေဆဲပင်။
သူ့အမိန့်သံငါနာခံ မာန်မလွှတ်ရဲသေး။

l ငါနှင့်ပေါင်းသင်း သူခပင်း ကွေကွင်းကြဦးမည်။
သူတို့ကလား ငါကလား ထားခဲ့ရမှာချည်း။

l ငါနှင့်မကွာ ကံသည်သာ သွားရာပါမြဲရှိနေမည်။
ကောင်းလျှင်ကစံ ဆိုး ဆိုးဒဏ် အမွေခံရမည်။

l ဥစ္စာပိုင်မျိုး နိုကိုးရိပ်သွင် ငါ့သခင်
ကံပင်အရင်းအနှီး။

l မကင်းတရား ထိုငါးပါးကို
ယောကျ်ားမိန်းမ ကာမမှောင်နို
မနိုလွှတ်ရန်း ကျန်အားလုံးပါ
ယော်ခါထပ်ထပ် ကြိုးထပ်ထပ်ဖြင့်
မပြတ်ဆင်ခြင် လွှတ်လမ်းထွင်ကြ။

နတ်တလူစာစဉ်

1 နေ့မှာမပြုတ် ညမပြုတ်ဖြင့်
တပ်အပ်ပီပြင် တိုက်ပွဲဝင်ကြ။

1 အကယ်တိတိ မေ့မသိကြောင့်
ကျန်သည့်ငါးအင် တရားခွင်ကို
မဝင်–မထိုင် ရင်မဆိုင်မိ
ငေးမှိုင်တွေမိ အမေ့သိကြောင့်
တွေ့မိတွေ့ရာ အလေ့ပါဖြင့်
ဝေ့ကာရှောင်လှည့် တိမ်းဖယ်မိလည်း
မရှိလွတ်ရိုး ဘာဝမျိုးမို့
ပိုင်စိုးတွင်ကျယ် သူ့နယ်ပယ်မှာ
မျက်ကွယ်သေဒဏ် သူစီမံ
မခုခံချင်နှင့်တော့။
မျက်ကွယ်နာဘေး ကြိုးမိန့်ပေး
မပြေးချင်နှင့်တော့။
မျက်ကွယ်အိုမင်း ဓာတ်ရိုက်ခင်း
မငြင်းချင်နှင့်တော့။

[၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

www.burmeseclassic.com

## ၂၉။ တစ်ဖက်သတ်

l ငါနောက်ဆုတ်၍
ကသုတ်ကရုတ် သူလည်းဆုတ်သော်
ဟုတ်သေး မှူသေး ဆိုရသေး၏။

l ငါကြေအေး၍
ကြေအေးခွင့်ရေး သူလည်းပေးသော်
တော်သေး သင့်သေး ဆိုရသေး၏။

l ယခုမှာမူ ငါနှင့်သူကား
မူချင်းကကွဲ လမ်းချင်းလွဲကြောင့်
စစ်ပွဲချင်းရိုန်း နယ်မြေသိမ်းရာ
အထိန်းခံခန္ဓာ ငါညှာတာမိ
ရန်ရှာဘက်ချင်း ငါမညှဉ်းမိ။

l ဒင်းကျလျှင်ကား
ခန္ဓာငါးပါး နယ်ခံများကို
အအားမပေး နားမပေးဘဲ
တွေးလျှင်တွေးပေး မပေးနှုတ်ဖွင့်
မဖွင့်ကိုယ်ထ ထိုသုံးဝဖြင့်
နှိုးစမှသည် အိပ်ပါပြီထိ ခိုင်းစေဘိ၏။

l ငြင်းမိ ခုန်မိ တော်လှန်မိသည့်
ရော့တိရောက်ရား ငါ့ကိုယ်အားလည်း
မထားနယ်ခွင် ချက်ချင်းနှင်၏။

l နှင်၍မရ ပေ၍ပြသော်
ဟိုကသည်က လက်ကျမွေးထား သူ့တပ်များနှင့်

ညှပ်လားပိတ်လား စစ်ကစားရာ
အပါးမဝ အားမမျှကြောင့်
ခန္ဓာ့လက်ရ ငါ့ဘက်က
ဆုတ်ရနောက်ကိုချည်း။

1 ဆုတ်၍ပေးလည်း
အေးငြိမ်မရှိ သူကဖိဆဲ ... ။
ဆုတ်မပေးလည်း
ပြေးသည်မရှိ သူကဖိဆဲ ... ။
ဒင်း၏အဖိ ဒင်း၏အနှိပ် ဒင်းအစွာကို
ငါသည်ငုံ့ခံ ခံမည်လော။
ဒင်း၏အတိုက်
ဒင်း၏နှိုက်ရာ ဒင်းလိုက်စွာကို
ငါသည်တန်ပြန် တော်လှန်မည်လော။
သူ့ဘက်မှာကား
ငါ့အားညှဉ်းမိ နင်းဖိဖိ
သေသည့်တိုင်အောင်ပင်။
ငါ့ဘက်မှာကား
သူ့အားညှဉ်းဆဲ သနားဆဲ။
မခွဲနိုင်အောင်ပင်။
ငါဆိုသည်မှာ သုံးသိက္ခာနှင့်
သဒ္ဒါရင်းခံ ဈာန်မဂ်ဉာဏ်
တွန်းလှန်နေသည်များ။
သူဆိုသည်မှာ ကိလေသာနှင့်
တဏှာရင်းခံ ဥပါဒါန်
ပွဲခံနေသည်များ... ။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလဆုတ်နေ့၊ ဝဋ္ဋိဝတီတောကျောင်း]

## ၃၀။ ပိုးကိုက်မျိုးစေ့မှထဖြစ်သောအပင်များ

၊ ငါ့ရှေ့မှာသေ များလူတွေ
မြင်နေအတိုင်းသား။
သို့တစေလည်း
ငါသေဖို့ကျ တွေးမရ
ငါက ပွဲကြည့်သမား။

၊ ငါ့ရှေ့မှာနာ များတကာ
ငါ့မှာအမြင်သား။
မြင်နေပါလည်း
ငါနာဖို့ကျ တွေးမရ
ငါကပွဲကြည့်သမား။

၊ ငါ့ရှေ့မှာအို များတိုတို
အလိုလိုမြင်နေသား။
မြင်တယ်သာဆို
ငါအိုဖို့ကျ တွေးမရ
ငါကပွဲကြည့်သမား။

 www.burmeseclassic.com 

1 ဤလူ့ဘဝ လာခွင့်ရရန်
ပုညကံပင် မျိုးချစဉ်က
ဉာဏ်မြင်အသိ ထွင်းမထည့်ပဲ
သိရုံသာမြင် မှတ်မထင်နှင့်
မြင်ရုံသာသိ မှတ်မရှိကြောင့် ... ။
မသိအဝိဇ္ဇာ ငါ့ရှေ့လာ
တွေ့ရာတွင်ဝေ့ မေ့ပစ်ခြင်း။
သူနှင့်လိုက်ပါ မိုက်တဏှာ
ကြိုက်ရာနှင့်တွေ့ တွေးပေးခြင်း။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက် ဖဋ္ဌိပတ်တောကျောင်း]

# ၃၁။ ကြောက်ခွင့်မသာ

1 သေမင်းလာရောက် အော်ခေါ်ငေါက်
သင် မကြောက်ဘူးလား။
သေရမှာကို
ယွင်းပြိုကွယ်ခြား မဆိုထားဘိ။
သင့်အားဒက်ထိ သေကိန်းရှိပြီ
ယောဂ၏ဗေဒင် ကြားရုံပင်ဖြင့်
ကြည်ရွှင်ကင်းလိမ့် ကျောချမ်းစိမ့်
ဖိန့်ဖိန့်တုန်ပါသည်။
သို့သော်လည်း
သေမည့်ကာလ မသိရ
စိတ်ချလက်ချနေဦးမည်။

1 နာမင်းလာရောက် တံခါးခေါက်
သင်မကြောက်ဘူးလား။
နာရမှာလည်း
ဖိစီးနာဖျား မဆိုထားနှင့်
အသားဆူးခြစ် စူးနစ်ဖဝါး ငုတ်သေးမွှားပင်
အားအင်ပြတ်ကာ ဆတ်ဆတ်နာ
သည်းမှာတုန်ပါသည်။
သို့သော်လည်း
နာမည့်ကိစ္စ တခဏ
စိတ်ချလက်ချနေလိုက်သည်။

BURMESE CLASSIC .com

။ အိုမင်းလာရောက် စာရင်းကောက်
သင်မကြောက်ဘူးလား။
အိုမှာကိုလည်း
ယွင်းပြိုရိရှား မဆိုထားနှင့်
စိတ်ထားမရွှင် ဘဝင်နုံရှိ သွေးမြို့စိကြောင့်
နွမ်းရိုမှုန်သို မျက်နှာအိုပင်
ရေစဉ်ပက်ဖျန်း သွေးသစ်ဆန်း
လန်းပျိုစေပါသည်။

။ သို့ပေသိလည်း
ဆွေးရိကာယ တစစမို့
စိတ်ချလက်မြှုပ် ကိုယ်မလှုပ်
ငုတ်တုတ်နေမိသည်။

။ ဤလူ့ဘဝ လာခွင့်ရရန်
ပုညကံပင် မျိုးချစဉ်က
ခင်မင်ပုဂ္ဂိုလ် ရလိုကိုယ်ကျိုး ရှေ့မျှော်ကိုးဖြင့်
ကြိုးစားမိရာ ဆွဲခတ်ပါကြောင့်

– ဝတ္ထုချင်းတွဲ လူချင်းတွဲ
တွဲပွဲထဲမှာမေ့နေပြီ။

– အာရုံချင်းဆွဲ စိတ်ချင်းဆွဲ
ဆွဲပွဲထဲမှာ မျောနေပြီ။

– အကြိုက်ချင်းလဲ မုန်းချင်းလဲ
လဲပွဲထဲမှာ မောနေပြီ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
ဝဋ္ဋိပတ်တောကျောင်း]

www.burmeseclassic.com

# ၃၂။ စည်းရိုးတွင်း အပျင်းဖြေ

1 ငါနှင့်တဏှာ တွဲမိရာ
ငါလိုချင်သည် အတွင်ပြော။
မာနနှင့်ငါ ပွဲဆက်ရာ
ငါလုပ်လိုက်ပြီ အတွင်ပြော။
ဒိဋ္ဌိနှင့်ငါ ပွဲသိမ်းရာ
ငါပိုင်ရပြီ အတွင်ပြော။

1 ဤလူ့ဘဝ လာခွင့်ရရန်
ပုညကံပင် မျိုးချစဉ်က
အမြင်ကလွဲ အစွဲကနို
အလိုကကြီး စည်းသုံးစည်းတို့
ဝိုက်ဘီးမြှုပ်သွင်း ထောင်ထားခြင်းကို
နင်းခဲ့မိစိတ် ချိတ်ခဲ့မိကိုယ်
လိုမိကောင်းကျိုး ဇွတ်ဝင်တိုးကြောင့်
တစ်မျိုးတစ်မျိုး အမျိုးမျိုး
ရိုးသည် ဘယ်မရှိ။
သူ့လို ငါ့လို လိုပြီးလို
ပိုသည်ဘယ်မရှိ။
ငါ့ကိုငါချစ် သူ့ငါချစ် အပြစ်မမြင်မိ။
အိုနာသေရေး အပျက်ဘေး တွေးပင်မတွေးမိ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊
ဝင္ဂပတ်တောကျောင်း]

# ၃၃။ သေဖူးသည်မှရှိရှိ

l ဝမ်းစာစားကျင်း
ဖွေရှာရင်းက သေတွင်းကျ
သေခဲ့ရလှပြီ။
ဓမ္မရသ အမည်ရသည့်
မဂ်ကျဖိုလ်သွင်း ကြိုးစားရင်းကား သေခင်းကြား
ငါမသွားဖူးခဲ့သေး။

l စီးပွားစစ်ခင်း
တိုက်ခိုက်ရင်းက သေတွင်းကျ
သေခဲ့ရလှပြီ။
ကိုယ်ပိုင်ဓနအမည်ရသည့်
သီလ၊ သမာ၊ ပညာ၊ အလင်း
ကြိုးစားရင်းကား သေတွင်းလား
ငါမသွားစဖူးသေး။

l မယားချစ်တင်း
နှီးနှောရင်းက သေတွင်းကျ
သေခဲ့ရလှပြီ။
ကိုယ်ပိုင်သုခ အမည်ရသည့်
ဓမ္မအမြင် ဆင်ခြင်ရင်းကား သေမင်းနား
ငါမသွားဖြစ်ခဲ့သေး။

l သားမြေးအတွက်
ထမ်းရွက်ရင်းက သေတွင်းကျ
သေခဲ့ရလှပြီ။

l **စရဏစွင် အမည်တွင်သည့်**
**ရှုတင်တိုက်ကင်း ကျင့်ဆောင်ရင်းကား သေခြင်းကြား**
**ငါမသွားမီချေသေး။**

l **ယနေ့သည်ကား**
**ဘုရားသာသနာ ဆုံနိုက်ခါမို့**
**ငါ၏အသက် ခန္ဓာစက်ကို**
**မဂ်ဖိုလ်တံခါး နိဗ္ဗာန်သွားမည့်**
**တရားလမ်းအတိုင်း ဒုန်းချစိုင်းမည်။**
**မလှိုင်းစဖူး အလှိုင်းထူး**
**နိုင်းဖူးသည်မှရှိရှိပေါ့။**
**မတွဲစဖူး အတွဲထူး**
**လဲဖူးသည်မှရှိရှိပေါ့။**
**မစေစဖူး အစေထူး**
**သေဖူးသည်မှရှိရှိပေါ့။**

**[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊**
**ပဋ္ဋိုပတ်တောကျောင်း]**

# ၃၄။ ကုလားပြည်ရောက် မြန်မာတစ်ယောက်အကြောင်း

1 ကုလားပြည် သည်တစ်ခေါက်
တန်းတန်းမတ် ရောက်ပြီဆို
ရောက်တုန်းခါ ဈေးတန်းလျှောက်
မေးခန်းဖောက် ဈေးတောက်သကို။

1 မေးသည်က မြန်မာလို
ဖြေဆိုသည်က ကုလားစကား။

1 စကား သည့်ပမာ တရားအသိရှာစဉ်ပ
ကြည့်သူမှာ ပညတ်သုံးသော်လည်း
သူ့ထုံး ပရမတ်ပေမို့
မစပ်ပါ ကပ်ခွာသွားရတယ်
ကုလားပြည်ရောက် မြန်မာတစ်ယောက်နှင့်မခြား။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

# ၃၅။ လွယ် ခက်

၊ လွယ်လျက်ကယ်နဲ့
တယ်ခက်တဲ့ အရေးပေပဲနော်။
ထိုထိုထို သိသင့်သမျှတွေက
အလိုလိုလှည့်ဖွင့်ပြနေသော်လည်းဘဲ
ကြည့်ခွင့်ကျလျှင်ဖြင့် နံဘေးချော်
အရှိဖြင့် အရေးဖော်
အပေးမျှော်နေသည်က နှုတ်ဖွင့်စကား။

၊ ပရမတ်မစပ် ပညတ်ပေမို့
အပွင့်ဓာတ်တွေ ဘယ်လိုပင်စောလာထိသော်လည်း
အပြောမပါ သဘောသာအရှိရယ်ကြောင့်
စောအရာ စောကာပင်မကြည့်တယ်
မိလျက်နှင့်မစား။
(အလိုကွယ်) အကြည့်ဆက်သော်မှ
သိကွက်ကျတခြား။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
ဝဋ္ဋိပတ်တောကျောင်း]

BURMESE CLASSIC .com

# ၃၆။ ယုံမှရဲ ရဲမှယုံ

၊ အယုံဖွင့်ပါမှ
ရဲစွင့်ရကြပါသကွဲ့ စိတ်တို့ရဲ့ဓမ္မတာ။

၊ ယုံကြည်ရန် အခံကျပြန်တော့လည်း
ဆန္ဒထန် အသန်ပွားရမယ်
ဖွားဖွားလွှာလွှာ။

၊ အယုံနှင့်အရဲ လက်ဆက်မကွာ
ထက်မြက်လာပါသဗျာ့
ကျင့်တည်သိ တက်ခရီး။

၊ အကြိုသုံး မိုလ်ဘုန်းဂုဏ်မြင့်ပွဲမှာဖြင့်
အယုံနှင့်အရဲသာ အခရာပါကွဲ့
သူမပါ ဘာကမှပွဲမပြီးတယ်
တစ်ခါလာ မဲပြာကွက်ကြီး
နှစ်ခါလာလည်း မဲပြာကွက်ကြီး။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊
ပဋိပတ်တောကျောင်း]

www.burmeseclassic.com

## ၃၇။ မျှော် ချော်မည်

၊ အမျှော်ဝင်
ချော်လျှင်ချော်
မချော် လျှော်ပင်ကြား
သွားရသည့်အမျိုး။

၊ အထားကမှန်
အသွားသန်သန်နဲ့
တရားညာဏ်အခံပါမှ
အမှန်လာရိုး။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

## ၃၈။ တွေး••• ဝေးမည်

၊ အပေးရဲ့သဘောမှန်
အတွေး အရောခံက
မောပြန်ရ ဘုမသိဘမသိအထဲ။

၊ ပြချက်နဲ့ အရေးဖော်
ရကွက်အတွေးမပေါ်မှ
အပေးတော်သူ့အရှိ
ဘုလည်းသိ ဘလည်းသိ ထိမိသည့်ပွဲ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

## ၃၉။ ခွပ်လိုက်ကြစို့ သူငယ်ချင်း

1 **တဏှာဆိုတာ**
**လိုရာရာဆွဲ ပူဆာမြဲပင်**
**အစွဲခိုင်ခိုင် လူထိုထိုတွင်**
**ကိုယ်လည်းကိုယ်ကြိုက် ရဲ့ထွင်လိုက်သို့**
**သူကြိုက်သူဝင် သူရဲ့ထွင်လိမ့်။**

1 **ထိုစဉ်အခိုက်**
**ကိုယ်ကြိုက်ရာ၌ သူဝင်ကြိုက်**
**ခွပ်လိုက်ကြစို့ သူငယ်ချင်း။**

1 **မာနဆိုတာ**
**လိုရာရာထဲ ခွတ်လိုက်မြဲပင်**
**စွဲလမ်းရာခို လူထိုထိုတွင်**
**ကိုယ်လည်းကိုယ်ကြိုက် ခွတ်ဝင်လိုက်သို့**
**သူကြိုက်သူငှင် တိုက်ပွဲပြင်လိမ့်။**

1 **ထိုစဉ်အခိုက်**
**ကိုယ်ကြိုက်ရာလိုက် သူဝင်တိုက်**
**ခွပ်လိုက်ကြစို့ သူငယ်ချင်း။**

နတ်တလူစာစဉ်

BURMESE CLASSIC .com

၊ ဒိဋ္ဌိဆိုတာ
လိုရာရာစွဲ သိမ်းပိုက်မြဲပင်
အစွဲ–အဆွဲ အကဲပိုပို လူထိုထိုတွင်
ကိုယ်လဲကိုယ်ကြိုက် စွဲသိမ်းပိုက်သို့
သူကြိုက်သူယှဉ် ပိုက်ပွဲဆင်လိမ့်။

၊ ထိုစဉ်အခိုက်
ကိုယ်ပိုက်ရာ၌ သူဝင်ပိုက်
ခွပ်လိုက်ကြစို့ သူငယ်ချင်း။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊
ဗဋ္ဌိဗတ်တောကျောင်း]

# ၄၀။ မာန်တံခွန်ထူ လောကလူမှ

1 မာနတရား သဘောသွားကား
အားများရာကိုး မြတ်နိုးရာခင်
ထင်မိရာကြီး သူ့ဝင်စီးလိမ့်။

ထင်ကြီးမြတ်နိုး အားကိုးရာ၌ မာန်အလိုက်တွင်
လှုနိုက်မှာထက် မာန်ဝင်စွက်လည်း
ပျက်စဉ်ကာလ အားငယ်ရမည်။

ပစ္စည်းရှိန်တက် မာန်ဝင်စွက်လည်း
ကျပျက်ကာလ အားငယ်ရမည်။

ပညာဉာဏ်ထက် မာန်ဝင်စွက်
မထက်ရှိန်ကျ အားငယ်ရမည်။

ခြွေရံတောင့်တင်း မာန်ဝင်းနင်းသော်
ချို့ယွင်းပြန်က အားပျက်ကျ၏။

အရွယ်တောင့်တင်း အားမာန်ပြင်းသော်
ချို့ယွင်းပြန်က အားပျက်ကျ၏။

ကျန်းမာတောင့်တင်း မာနပင်းသော်
ချို့ယွင်းပြန်က အားပျက်ကျ၏။

BURMESE CLASSIC .com

l အကယ်၍သာ
လှရာရရာ အားတက်ရာ၌
ကင်းကွာမာန စိတ်မထသော် ...
– မလှမဖြို့ လှမဖြို့ မတုန်မလှုပ်သာ။
– မရမဖြို့ ရမဖြို့ မတုန်မလှုပ်သာ။
– မကျမဖြို့ ကျမဖြို့ မတုန်မလှုပ်သာ။
သည့်နေရာများ ငါတို့ကား
ဘယ်တော့များမှရောက်ပါလိမ့်။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ဝဠုဝတီတောကျောင်း]

## ၄၁။ အချက်ပြများ တပ်ဆင်ထားသော စက်ရုပ်ကြီး

၊ ဤကိုယ်ကာယ တစ်လံမျှ၌
တွင်းပပြန်လှန် ဓာတ်အခံတို့
ရန်ရန်ချင်းတိုက် မိတ်ချင်းတိုက်နှင့်
တိုက်ခိုက်အာရုံ ကောင်းဆိုးဂုဏ်ကြောင့်
အကုန်မစဲ ခမ်းမစဲသည်
မြဲခွင့်မသာပါတကား။

၊ ဤကိုယ်ကာယ တစ်လံမျှကို
ကံကလည်းဖျက် စိတ်ကဖျက်နှင့်
တိုက်ဖျက်ဥတု သွင်းရအစာ ဝင်ဖျက်လာကြောင့်
မကွာဆင့်ဆင့် ပျက်ဘေးသင့်သည်
ကောင်းခွင့်မသာပါတကား။

၊ ဤကိုယ်ကာယ တစ်လံမျှကား
ကံထအငွေ့ စိတ်ထငွေ့နှင့်
ဓာတ်ငွေ့ထဟန် ဘုတ်ပုံစံကို
မွမ်းမံဥတု သွင်းရအစာ ထိုနှစ်ဖြာက
ဆိုင်ရာဓာတ်သက် ငွေ့ချင်းဆက်ဖြင့်
ခြေလက်စသား လှုပ်ပေးထားကြောင့်
နှစ်သားကင်းစင် တိမ်သို့လွင့်သည်
ပိုင်ခွင့်မသာပါတကား။ ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ဝဋ္ဋိပတ်တောကျောင်း]

# ၄၂။ တရားဂုဏ်တော် ပူဇော်လိုလျှင်

- ဗုဒ္ဓကွဲ့ကြည်ညို
  မှီနိုကြ ဂုဏ်ဝယ်မျှော်မှန်း
  ပူဇော်ရာ ဆီမီးပန်း
  ဆွမ်းနှင့်ရေချမ်း။
- သံဃကွဲ့ကြည်ညို
  မှီနိုကြ ဂုဏ်ပုဒ်အထား
  ပူဇော်ရာဘုရားအလား
  ဆွမ်းစသည်များ။
- ဓမ္မကွဲ့ရည်ရော်
  ပူဇော်လိုကြလျှင်ဖြင့်
  ဓမ္မပေါ် ဓမ္မထား
  တရားဖြည့်ကျင့်။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊ ဝဋ္ဋိပတ်တောကျောင်း]

# ၄၃။ ကြိုးခြောက်ချောင်းတပ် အရုပ်ကလေးများ

l ရာဂသွေးတိုး စိတ်ကိုနှိုးသော်
ချစ်မိုးစွေကြ ပြုံးစစ
လှပအချိုးစား။

l ဒေါသသွေးဆိုး စိတ်ဆောင့်ထိုးသော်
စိတ်ဆိုးလိုက်ကြ မဲ့လိုက်ကြ
မလှအချိုးစား။

l မောဟသွေးမွှဲ စိတ်ဝင်စွဲသော်
ဝေခွဲမရ မှိုင်ငေးကြ
မပြသဘောထား။

l သဒ္ဓါသွေးကြည် စိတ်ဝင်မှီက
နိဗ္ဗာန်ဘုရား အယုံပွား
ကိုယ်ထားသန့်စင်ခန်း။

l ဝိတက်သွေးအေး စိတ်ဝင်ထွေးက
အတွေးဖြင့်ခေါ် ဟိုသည်ဖော်
မပော်ဆုံးဖြတ်ခန်း။

l ပညာရင့်ကျက် စိတ်ဝင်စွက်က
ဖြတ်ချက်တိကျ ကောင်းဂုဏ်ပြ

နတ်တလူစာစဉ်

www.burmeseclassic.com

ဘဝတိုးမြှင့်ခန်း။

1 လူ့ပြည်ဘဝ ရောက်လာရလည်း
နောက်မှဆိုက်မြိုက် အစဉ်လိုက်သည့်
ညဉ့်စရိုက်ကြိုး ကောင်းအဆိုးတို့
တစ်မျိုးကငှင် တစ်မျှင်ကဆက် တစ်စင်တက်ဖြင့်
လုယက်လှာကြ နောက်ယောင်ပြကြောင့်
အောက်ကပြင်းထန် ကြိုးဆွဲသန်
ကြက်ဟန်ဝက်ဟန် ပုံစံချိုး။
အထက်ကြိုးတင်း စိတ်ကပ်ချဉ်း
နတ်မင်းကြွပုံမျိုး။
အလည်ကြိုးက မြှူလေမှ
လူကကလှည့်တိုး။
[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ ဝဋ္ဋီဝတ်တောကျောင်း]

## ၄၄။ သတိ၏စွမ်းပကား

1 အမြင်ကို မြင်သည်မှတ်
သညီမကပ်ပြတ်ခဲ့နေရာ။
မြင်မြင်ရာအတွင်သာမှတ်
ပညာစေတ်က ကပ်မနေသာ
အထဲသိ ဖိလိုက်လာ
အထဲရှိသာပေါ်ရစမြဲ။

1 မှတ်သတိ
စပ်မိလျှင် သညာမကပ်သည့်အပြင်
အစပ်တွင် အစိုက်ယှဉ်တော့
သညာလျှင် ပညာလွှမ်းဦးမယ်
လက်စွမ်းပြ သတိ၏ပွဲ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊
ဝဋ္ဋိဗတ်တောကျောင်း]

## ၄၅။ ခြေရာလက်ရာအစွမ်းထက်သောသတိ

1 စိတ်ပွားသတိ ကိလေငြိ
ထိထိမိမိ ကန့်ချလွှတ်။

1 အောက်မေ့သတိ ခွဲဝေသိ
ထိထိမိမိ တွန်းတင်လွှတ်။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊
ဝဋ္ဋိဗတ်တောကျောင်း]

www.burmeseclassic.com

# ၄၆။ သေပင်ရှင်ပင် စာရင်းကောက်ကြည့်ရာ

1 သတိမပျက် အသိဆက်
အသက်ရှင်သူဆိုရမည်။
ကိုယ်ပိုင်အသိ ကိုယ်ပိုင်ရှိ
ကိုင်မိနေသောကြောင့်။
ကိုယ့်ကိုယ်ကိုယ့်စိတ် ရှေ့နောက်ပိတ်
မဖိတ်မစင်ကြောင့်။
အချိန်နှင့်စက် အရွယ်သက်
တာထွက်နေသောကြောင့်။

1 သတိလွင့်စင် သိလွင့်စင်
ရှင်သူမဟုတ်ကြတော့ပါ။
အမှားအသိ အများရှိ
ငှားမိနေသောကြောင့်။
ကိုယ့်ကိုယ်သူ့စိတ် ချင်းချင်းချိတ်
ယှဉ်အိပ်နေသောကြောင့်။
အချိန်မှုခွဲ ရွယ်မှုခွဲ
အစွဲကျန်သောကြောင့်။

1 သတိကိုဆောင် စေတိုင်းအောင်
သေတောင်ရှင်နေပါလိမ့်မည်။
သတိမဆောင် အမြင်မှောင်
ရှင်တောင်သေပြီးဖြစ်ပါမည်။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊
ပဋ္ဌိပတ်တောကျောင်း]

# ၄၇။ အချိန်နှင့်လူ နိုင်သူစားစတမ်း

1 သတိရဲ့မတိမ်၊
အသိထိန်ထိန်ဆိုတော့
အချိန်ကို လူကစား
သွားသမို့လား။

1 သတိက တိမ်တိမ်
အသိမှိန်မှိန်ဆိုတော့
အချိန်ကပင် လူကိုဝါး
စားသည်သို့လား။

1 ချိန်မှတ်တိုင်ထူ
လူခရီးသွား လမ်းတက်ထားက
ရပ်နားမထျှိုင် ထိုမှတ်တိုင်ကို
ရင်ဆိုင်ကျော်လွှား လူကသွား
စား၍ မျို၍ မခြား။

1 အချိန်မြွေထား လူကဖားဆို
ရွှေ့လျားမြွေကား
ရပ်နားငေးနေ ဖားတွေဝေကို
မျိုလေအသက် အချိန်နှင့်စက်
တစ်ကွက်ချန်မထား။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊
ဗဋိုဗတ်တောကျောင်း]

www.burmeseclassic.com

# ၄၈။ ကျင့် တည် သိတို့၏ဖြည့်ကွက်များ

l သီလဆိုလျှင် အဖြည့်ဓာတ်မို့
စေ့စပ်အမှတ်က တာဝန်ယူသည်။
သမာဓိဆို ကပ်အလိုက်မို့
အမှတ်စိုက်က တာဝန်ယူမည်။
ပညာဆိုလျှင် စစ်ချက်လှည့်မို့
ဖြစ်ပျက်သိက တာဝန်ယူပြီ။

l သည်သုံးချက် အကွက်လည်
တက်ကပြီ မဂ်ဖျား။
သိက္ခာစဉ် မိစ္ဆာသူနှင်ပြီး
စိတ်ဖြူစင် ပို့ကြိုထုံးရယ်ကြောင့်
ကိုယ့်ကိုယ်ကို ကြည်ညိုလို့မဆုံးတယ်
ထုံးဖြူသုတ်ဘုရား။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊
ပဋ္ဋိပတ်တောရကျောင်း]

# ၄၉။ သတိဉာဏ်ယှဉ် သမ္မာဇဉ်ကား

၊ အလုပ်တစ်ခု ပြုတော့မည်ဆို
တင်ကြိုသတိ ဉာဏ်မျက်စိဖြင့်
ကျိုးရှိမရှိ မြင်အောင်ကြည့် ရှိမှပြုကျင့်ပါ။

၊ အလုပ်တစ်ခု ပြုမည့်ဆဲဆဲ
ခွဲခြမ်းတတ်အပ် ဉာဏ်ဓါးမြတ်ဖြင့်
အပ်၏မအပ် ကိုယ်ချင်းစပ် အပ်မှပြုကျင့်ပါ။

၊ အလုပ်တစ်ခု ပြုလုပ်နေစဉ်
ကိုယ်ဝင်ကျက်စား သူ့အထားသို့
စိုက်အားအပြည့် သမာဓိဖြင့်
မိ၏မမိ သုံးသပ်ကြည့် မိမှဆက်လုပ်ပါ။

၊ အလုပ်တစ်ခု ပြုလုပ်ပြီးပြီ
ဤသည့်အလုပ် သရုပ်ခြယ်မှုန်း စ၊ လယ်၊ ဆုံးကို
သိမ်းကြုံးထိမိ ထိုးထွင်သိဖြင့်
မြတ်၏မမြတ် စာရင်းဖြတ် မြတ်မှရှေ့တိုးပါ။

၊ ဆိုပြီးလေးလီ သင့်ဉာဏ်ရည်ကား
လောကီလောကုတ် အလုပ်မှန်သမျှ အသုံးကျ၏
ကင်းပအပြစ် ပွားသစ်အကျိုး
မငြိုးမညို ပန်းထိုထိုကို
ပန်လိုသူများ လက်ကိုင်ထားကာ ကြိုးစားရာသည်
မေတ္တာရှင်၏အမှာတော်။

[၁၃၆၃ ခုနှစ်၊ ဖြာသိုလပြည့်နေ့၊ ဗဋိုပတ်တောကျောင်း]

# ၅၀။ သူနှင့်ဖက် ကိုယ်တွက်ကျန်ပစေ

l လူ့ပြည့်တစ်ခေါက်
ဆုရည်ပြီး ရောက်ရှိလာကြလေရာ။
လူချင်း တုပေါင်းတော့လည်း
သူကောင်းဖို့ချည်းသာ။
ပစ္စည်းခင်း စုဆောင်းတော့လည်း
နောက်ကြောင်းတွက်က ဗလာ။
အိမ်ထောင်တွင်း ခိုအောင်းမိပြန်တော့လည်း
သူထောင်းကိုယ်ထောင်း ခံရမှာသေချာ။

l လူ့ဘ၀ လူ့အကျင့်
လူ့ခရီးစဉ် ဖွင့်နိုင်ကြစေရန်
– ဒါနဖြင့် အပြင်မီးဖို့သိပ်မှ
ကိုယ့်ကိစ္စက ရေရာ။
– သီလဖြင့်အတွင်းမီး ဆို့ပိတ်တတ်မှ
ကိုယ့်ကိစ္စက ကိုယ်နှင့်မကွာ။
– ဘာ၀နာဖြင့် ကိုယ့်စိတ်ကိုယ်ဆွဲ
အစွဲခွဲပစ်နိုင်မှ ကိုယ့်ကိစ္စက ကိုယ့်ဘက်ပါ။

l လူ့ဘ၀ရောက်ဆဲကာလ
တွဲသင့်ရာတွဲ နွှာသင့်ရာနွှာ ပါသင့်ရာပါ
လက်မဲ့ဗလာချည်း မပြန်ကြရပါစေနှင့်။

[၁၃၆၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၊ ပဋိပတ်တောကျောင်း]

## ၅၁။ စံရိပ်ငြိမ်၏ စံရိပ်ငြိမ်ကြီးများ

က။ ကိုယ်ဆိတ်ငြိမ်လို့ မွှာရုံခင်း
အာရုံငါးသင်း ကင်းအောင်နေ
တံခါးတိုင်းမှာ သတိအစောင့်ထား
မသိယောင့်မှား တားဆီးလေ။

ထိတိုင်းလဲ သိမှီစေ
မိပြီလေ မြင်မြင်ရုံဘဲ။

အတိုက်ရဲ့ဝင်အမွှေ
စရိုက်ညဥ့်ငှင်စေမည့်
ဘဝင်လေ ဟိုသည် မသုတ်လျှင်ဖြင့်
ကိုယ်မလှုပ် နှုတ်မဆော့ပြီမို့
ဟုတ်တော့သည် ကာယတွဲ
ဝိဝေကဝင်ပွဲ။ (ကာယဝိဝေက)

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊
ပဋ္ဋိပတ်တောကျောင်း]

www.burmeseclassic.com

ခ။ ကိုယ်ဆိတ်ငြိမ်သော် စောပြေးမသက်
မနောသွေးခွက် မပွက်သာပြီ။
ထိ၊ သိရုပ်နာမ် သရုပ်အရှိ
ဟုတ္တိပတ္တိ မိမိနေသည်။
အဆန်းတွေ့လို့ ခွေ့ကပြီ
အတွေ့မှီ အတည်ထူး။
ကြိုက်တစ်သင်း အတွင်းကိုယ်တွင်မှာကွဲ့
ဖိုလ်ဝင်ရာ စောကြည်ဆိုက်သည့်နှယ်
မနောရည် လောကီမလိုက်ပြီ
ယောသည်တစ်ဝိုက်မှာပဲ
မဂ်ပိုက်လို့မြူး။ (စိတ္တဝိဝေက)

ဂ။ စိတ်ဆိတ်ငြိမ်သော် ဉာဏ်စဉ်တက်
ကံဝင်စွက်လို့ မဖျက်နိုင်ပါ။
တွင်းခံပြင်ခံ ဈာန်ဟုန်နှစ်ခင်းက
ကံမကုန်မချင်း နင်းလိုက်နေမှာ။
စွဲချက်တို့ပျက်လေရာ
မက်နေရာက မဂ်သို့အပြောင်း။
ဥပဓိ သူ့အရှိ မပီလှာသမို့
တည်ရာသည်မှာလို့ နိမိတ်ခံစရာမဲ့ပြီကွယ်
နိဗ္ဗာန်ရဲ့ ဝိဝေကလမ်းကြောင်း။ (ဥပဓိဝိဝေက)

[၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ အင်္ဂါနေ့၊ ညဥ့် ၁၀ နာရီ၊ ခံရိပ်ငြိမ်]

BURMESE CLASSIC .com

## ၅၂။ တစ်ဘဝအတွက် လက်ကျန်ရှင်းတမ်းများ

l အို–နာ–သေ တွင်း လူတိုင်းဆင်း
ငြင်း၍ မရပါတကား။
တားဝံ့သူကင်း တစ်ကိုယ်ချင်း
ဆင်း၍သွားရမှာပါတကား။
ရှာ၍ရထား ပစ္စည်းများ
ထားခဲ့ရမှာပါတကား။
သွားသာသွားရ ထားခဲ့ရ
အားရမရှိပါတကား။ ။

[၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်၊ စံရိပ်ငြိမ်]

## ၅၃။ ရိက္ခာ

l အဆံဆောင်
အောင်ပါစေထွင့်ဖျား ... ။

l အဆံချောင် အနံ့ဖျင်း
ယွင်းရိက္ခာထား ... ။

[၁၃၆၃ ခုနှစ်၊ ခုတိယဝါဆိုလပြည့်]

www.burmeseclassic.com

နတ်တလူစာစဥ်

www.burmeseclassic.com

# ရွှေချည်ငွေချည်အမျှင်တန်း

[ကဗျာရှည်]

www.burmeseclassic.com

## ၇၄။ ရွှေချည်ငွေချည်အမျှင်တန်း

1 ဘုရားပွင့်လှာ ခေတ်ချိန်ခါက
အာဠဝီပြည် မြို့ရွာနီ၏
တည်ရာနီးနား လမ်းနီးနားဝယ်
အများမှီခို ကြည်ညိုဝတ်တက် ဒါနဆက်ရာ
အဂ္ဂဠွာစေတီ တစ်ဆူသည်ကား
ထည်ဝါခံ့ညား လွန်ထင်ရှား၏။

1 တစ်နေ့သောခါ မြတ်ဗုဒ္ဓါသည်
နောက်ပါငါးရာ ခြံရံခါဖြင့်
အဂ္ဂဠွာစေတီ ထိုရွာနီသို့
ကြွချီသိမ်းရုံး သီတင်းသုံး
အုံးအုံးကျွက်စေ ခဲ့ပါသည်။

1 ထိုချိန်မှာပင်
အာဠဝီရို မန္ဒီပျိုလည်း
ချည်ကိုယှက်သမ်း လက်ရက်ဖမ်းသည့်
ရက်ကန်းကိုဝင် တန်းချည်ခင်လျက်
ပြည်ခွင်တစ်လွှား လူအများ
ဖောက်ကားနေပါသည်။

www.burmeseclassic.com

။ ရက်ကန်းမှထွက် အဆန်းကွက်ဖြင့်
လက်ခံရောင်းပေး သူကလေး၏
ပျို့မွေးလုပ မည်နာမကား
ဗေသကာရ စီတရ
ယက္ကန်းစင်မှ လုပ်အားပြကြောင့်
ဗေသကာရ ဂုဏ်ထူးရ၏။
သူမအပြင် သွန်သင်မိဘ ရှိဆဲကမို့
စီတရစွက် နောက်ကဖက်၏
သို့တည်းမဟုတ် ယက္ကန်းလုပ်ဖြင့်
ကြီးကုတ်ဝန်ထမ်း ထိန်းကျောင်းဝမ်းကြောင့်
ရက်ကန်းပျို၏သမီးလေး။

။ ထိုသည့်ပျိုထွေး သမီးလေးကား
လုပ်ရေးကိုင်တာ လိမ္မာရှာ၏။
လက်ရက်ဈေးထွက် ထိုနှစ်ဖက်ဝယ်
သွက်လက်ချက်ချာ အရေးပါ၏။

။ သို့ကြောင့်ပင်လျှင်
နေဝင်နေထွက် နေ့ရက်ဆက်ခါ
ရက်ဟယ်ရောင်းဟယ် ကုန်ဖလှယ်ဖြင့်
နှစ်သွယ်မိဘ သမီးလှ စန်းထနေကြခြင်း။
ရက်ရန် ရောင်းရန် စုန်အဆန်ကား
မြို့ပြန်ရွှံ့သွား ထိုနှစ်ပါးလုံး
ဘုရားရှေ့မှ ဖြတ်လျှောက်ရရာ... ။

။ မြို့မှအစုန် ရဂုံတောခင်း ရုံသို့ချဉ်းစဉ်
လက်တွင်းခေါင်းမှာ ချည်လွှာအများ ပါတအားကြောင့်
ဘုရားရှေ့မှောက် မဝင်ရောက်မိ။

 www.burmeseclassic.com 

- တစ်ခေါက်အဆန် မြို့ကိုပြန်တော့
  ရောင်းရန်အထည် အပ်ထည်အများ ပါတအားကြောင့်
  ဘုရားရှေ့မှောက် မဝင်ရောက်မိ။

- တစ်ခေါက်နှစ်ခေါက် အခေါက်ခေါက်များ မည်မျှများလည်း
  မြတ်ဘုရားနှင့် တရားလက်ကျ မြတ်ဓမ္မကို
  နားမှပန်ဆင် မျက်မြင်လည်းကျ ခွင့်မရကား
  သူမလေး၏ ရောင်းရေးချည်ထည် လက်မလည်ကြောင့်။

- သည်တစ်ချီမှာ
  တရားနာမည် စိတ်ကရည်လည်း
  အပ်ထည်များစွာ စုပြုံလာကြောင့်
  ပြေးကာအလျှင် ရုံသို့နှင်
  သောကမျှင်က တားဆီးခြင်း။

- မဝင်မိချေ ရှိပါစေဦး
  ရုံမြေကနှင် မြို့ကိုဝင်ချိန်
  ဝင်မည်စိတ်ချ ဖြတ်ချက်ချလည်း
  ကျပြီးသားများ မြို့ပြန်ထားရန် အကြောင်းဖန်ကြောင့်
  အမြန်ပို့ရ အပ်သမျှ
  လောဘမျှင်က တားဆီးခြင်း။

- သို့ကြောင့်ပင်လျှင်
  ဝင်လည်းမသွား ကြားလည်းမနာ ဖူးဗလာဖြင့်
  လူးလာခေါက်ပြန် စုန်ချည်ဆန်ချည် လိပ်ပတ်ချည်ကာ
  မြို့ဆီမှရုံ ရုံဆီမှမြို့ ကုန်ကူးတို့
  အပို့ဖြင့်သာ အချိန်ကုန်။

- မြတ်ဘုရားကား
  တရားမိုးကြီး ခြိမ့်ခြိမ့်သည်း
  စည်တီးရွာနေဆဲ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

ရက်ကန်းပျိုတွက် သူ့အသက်ကားရ
လက်တစ်ကမ်းမျှ ကျန်ရှိန်ထဲ။
သေရှိန်နီးလျက် သူ့အတွက်ကား
တစ်ချက်လေးမျှ လက်မဆွဲ။

l ထိုသည့်အခင်း အကြောင်းရင်းကို
ထင်းထင်းထင်ထင် ဘုရားမြင်၍
ကယ်တင်လိုလှ မြတ်ဆန္ဒကြောင့်
မြို့မှအစုန် အလုပ်ရုံသို့
လူစုံအပ်ထား ချည်ခင်များဖြင့်
ဘုရားနားမှ လွှားလွှားပျာယာ သမီးလာစဉ်
မြတ်စွာဗုဒ္ဓ သုံးလူ့ဘသည်
မကြည့်စဖူး အကြည့်ထူးဖြင့်
စူးစူးစိုက်စိုက် တိုက်ရိုက်တူရူ
ကြည့်တော်မူ၏။

l လိမ္မာပြီးသား သမီးလွှားလည်း
ဘုရားမည်သည်
ရှေ့လည်းနောက်ကြောင်း ဉာဏ်တော်ဆောင်းမှ
ဦးခေါင်းတူရူ ရှေ့သို့ပြုမြ်
ငါ့မူယခု တစ်ခုခုမှာ ရှိသေချာ၏။
သည်မှာအတွေး သည်ဖြေဆေးဖြင့်
အေးစိတ်ကိုတည် ဉာဏ်ရည်ကိုပွား စိတ်မများဘဲ
ဘုရားထံပါး ချဉ်းကပ်သွားခါ
တရားလည်းနာ ခန္ဓာလည်းရှု သည်နှစ်ခု
ပြုစုနေချေပြီ။

၊ ဗုဒ္ဓမြတ်စွာ ဉာဏ်မဟာလည်း
လိမ္မာပြီးသား သမီးလွှားကို
စကားလေးပုဒ် မေးခွန်းထုတ်
သရုပ်ခွဲစေပြီ။
'ဘယ်ကလာသနည်း ချစ်သမီး'
'သမီးလာရာ မသိပါ၊ မေ့ကာနေပါ၏ဘုရား'၊
'ဘယ်ပြန်မှာလဲ ချစ်သမီး'
'သမီးပြန်ရာ မသိပါ၊ မေ့ကာနေဆဲပါဘုရား'၊
'မသိဘူးလား သမီးလွှား'
'သိလည်း သိ၏၊ ရိပ်မိ၏၊ သမီး သိသိနေပါပြီဘုရား'။
'တကယ်သိလား သမီးလွှား'။
'တကယ်ကားမသိ သူ့အရှိ တွေးမိရုံလေးပါဘုရား'။

၊ ထိုရောအခါ
အာဠဝီဘွား လူအများတို့
ဘုရားကပ်ဖဲ့ အဖြေရှုပ်ကို
ပေးခဲ့လေပေါ့ မိန္နတ်ဆော့ဟု
မေးငေါ့ပြစ်တင် အော်ငေါက်နှင်
အပြင်ထုတ်ရန် ကြိုးစားပြီ။

၊ ထိုစဉ်အခါ မြတ်ဗုဒ္ဓါလည်း
အာဠဝီဘွား လူအများကို
နှုတ်ဖျားလည်းဖွင့် လက်ဖြင့်လည်းတား ငြိမ်စေထားကာ
စကားလေးတွေ အဖြေလေးဖြာ သွားအလာကို
သေချာထိမိ အများသိရန်
အချင်ဉာဏ်ဖြင့် ပြန်လှန်ခွန်းပုဒ် တစ်ဆင့်ထုတ်
သရုပ်ခွဲစေသည်။

www.burmeseclassic.com

l သမီးလိမ္မာ ဉာဏ်စကြာသွေး
ငါလျှင်မေးပြန် ဤလေးတန်ကို
ပြန်လှန်ချင့်တွေး အဖြေပေးဦး။
ငါဘုရားက
ဘယ်ကလာသလဲ မေးချက်စွဲစဉ်
လမ်းခွဲပမာ မသိပါဟု
ဖြေလွှာထုတ်ဆို ကထာပို
ဘာကိုရည်၍ဆိုသနည်း။

တင်ပါ့ဘုရား
ဘုရားမည်သည် ဘယ်ဆီဘယ်ရွာ ဘယ်ကလာကို
ပျူငှာလောကွတ် တရားလွတ်အဖြစ်
သွတ်သွင်းစလေ့ ဉာဏ်လေ့ကျင့်ကာ
မေးလေ့မရှိ သမီးသိမို့
ထိုသည့်ကထာ အမေးလွှာသည်
စုခါလက်ရ စုဘဝကို
ဘယ်ကလာသည် အမေးလွှာထင်ဖြင့်
ဖြစ်စဉ်ဘဝ ဘယ်ကအလာ မသိပါ
သည်မှာရည်၍ ဖြေပါသည်ဘုရား။
သာဓု – သာဓု – သာဓု။

l ယခုအဖြေ အမြှုတေ
မှန်ပေချစ်သမီး... ။
ဘုရားကသော် သာဓုခေါ်ကြောင့်
နမော်စကား လူအများလည်း
နှုတ်ဖျားသံပြိုင် သုံးခွန်းဆိုင်
ဂနိုင်တောလုံး ဖုံးချေပြီ။

1 ငါကတစ်ဖန်
ဘယ်ပြန်မှာလဲ မေးချက်စွဲစဉ်
ရှောင်လွှဲပမာ မသိပါဟု
ဖြေလွှာခွန်းဆင့် သင့်နှုတ်ဖွင့်
အချင့်ဘယ်ကိုညွှန်းသနည်း။

တင်ပါ့ဘုရား သည်စကားလည်း
နောက်များဘယ်ဆီ သွားရမည်ကို
တင်ကြို့မသိ လက်မရှိကြောင့်
မသိပါပင် အဖြေတင်
သည့်လျှင်ရည်ညွှန်းပါသည်ဘုရား။
သာဓု - သာဓု - သာဓု။

1 ယခုတုံ့ပြန် စကားညထာ်
မှန်ကန်ပေ၏ ချစ်သမီး။
ဘုရားကသော် သာဓုခေါ်ရာ
အာဠဝီဘွား လူအများလည်း
စကားကောင်းခြင်း သာဓုမင်း
တင်သွင်းလိုက်ကြပြီ။

1 ချစ်သမီးက
ဖြေနည်းအရာ မသိပါဟု
ကထာထိမိ အဖြေရှိကြောင့်
မသိဘူးလား ငါဘုရားက
စကားတစ်ထွေ ထပ်ဆင့်မွေသော်
သိနေပါသည် ခွန်းတုံ့လည်း ရည်ရွယ်ဘာကိုနည်း။
တင်ပါ့ဘုရား သည်စကားလည်း
သွားရာဘဝ မသိရလည်း

BURMESE CLASSIC .com

သွားရမည်ကား အသိသားမို့
လျှောက်ထားတုံ့လှည့် သိပါ၏
တင်မိခဲ့ပါသည်ဘုရား
သာဓု – သာဓု – သာဓု။

၊ ယခုတင်သွင်း အဖြေခင်းလည်း
မှန်ခြင်းမက မှန်ပေစွာ
ဘုရားကပင် ခေါ်ငင်သာဓု သိမှတ်ပြုကြောင့်
ပေါင်းစုနာကြား လူအများလည်း
လက်ဖျားခါကြ ခေါင်းငြိမ့်ကြဖြင့်
တကွတူပျော် သာဓုခေါ်
တောကျော်တောင်ထိ လွှမ်းသွားခြင်း။

၊ နောက်ဆုံးအချက် ငါ့မေးကွက်က
ထွက်ခွာရန်ရှိ သိပါ၏ဟု
ဖြေမိနှုတ်ဝယ် စကားလှယ်အရ
တကယ်ကောများ သိသလားဟု
ဆင့်ပွားညာဏ်ချယ် စကားဆွယ်ရာ
တကယ်တော့လည်း သမီးမသိ အဖြေလှည့်
မည်သည့်အကြောင်းရည်သနည်း။

၊ လျှောက်တင်ပါမည်
ဘုန်းရှင်ထွဋ်ထား ရှင်တော်မြတ်ဘုရား။
ချိန်ရွယ်သက်ပေါက် လူလားမြောက်သို့
ရောက်ခဲ့လျှင်ပင် ရှေ့တွင်အများ ကွယ်လွန်သွားကို
မှတ်ထားအသိ သမီးရှိကြောင့်
သိပါ၏ဘုရား ဖြေခဲ့ပြားလည်း
သွားရန်ချက်ချာ အသက်မှာ
ဘယ်ခါကုန်မည် မှန်မသိ။

နတ်တလူစာစဉ်

အသက်ငှင်ရာ ထိုရောဂါ
ဘယ်ဟာမှန်မသိ။
အဘယ်ချိန်ခါ သေရမှာ
သေချာမသိရှိ။
ဤကိုယ်ခန္ဓာ ပစ်ချရာ
ဘယ်မှာမှန်မသိ။
မည်သည့်ဘုံမှာ သွားစွင့်သာ
စိတ်မှာဘာမသိ။

၊ ထိုသည့်ငါးပါး နေအထားကို
ဝင်စားစိတ်ဝယ် ဉာဏ်မခြယ်မို့
တကယ်တော့လည်း
သမီးမသိ ဖြေပါ၏ဘုရား။
သာဓု - သာဓု - သာဓု။
ယခုအဖြေ အမြွတေ
မှန်ပေချစ်သမီး။

၊ သည်သို့သာပင်
မြတ်စွာဗုဒ္ဓ နှုတ်တော်ဟလျက်
ခေါ်စွာ့သာဓု သူကောင်းပြုရာ
ပေါင်းစုဆုံထား လူအများလည်း
ထားကြသာဓု သူကောင်းပြု
တစ်စုတစ်ဝေးကြီး။

၊ ထိုသို့မေးဖြေ ပေးပြီးဝေမှာ
ဣန္ဒြေငါးပါး တည်ကြိမ်များက
အများဦးပင် ရိုစွဲဝင်၏
ဉာဏ်လျှင်ပွားရာ

www.burmeseclassic.com

ငါးဖြာတည်ခွင် တွဲပွဲဝင်ကြောင့်
စိတ်စဉ်တလင်း ဉာဏ်ခြေနင်းလည်း
သန့်ခြင်းကြည်ခြင်း ငြိမ်သက်ခြင်းဖြင့်
ကင်းရှင်းကိလေ ညစ်ခြင်းပြေခဲ့
စိတ်အစဉ်များ စုမိထားစဉ်
ဘုရားမြတ်စွာ ဉာဏ်မဟာသည်
သေချာတိပ မြတ်ဓမ္မ
လှစ်ဟဟောတော်မူ။
လောဘအခြေစိုက် လူ့အသိုက်ကား
အမိုက်မောဟ ဖုံးလွှမ်းလှ၏။
အထူးအားယူ ထိုးဖောက်သူကား
ဓမ္မူတွင်းပ နည်းလွန်းလှ၏။
ကွန်ယက်အကြား ဖမ်းမိထားသည့်
ငှက်များအတွက် အပျံခက်၏။
မေ့ကွက်အကြား မိသူများလည်း
ထက်ဖျားနတ်ဘက် အသွားခက်
အတက်မရှိလေစွာ့တကား။

1 မြတ်ဗုဒ္ဓသည်
ဝေနေယျအလို တရားကိုယ်ဖြင့်
ထိုဒေသနာ သေချာပေါ်လော နှုတ်ဖွင့်ဟောရာ
ဟော၍အပြီး ဆုံးခရီးဝယ်
သမီးထံမှောက် လက်ဝယ်ရောက်ပြီ
မျက်မှောက်ကေန် သောတာပန်။
ဘုရားစကား
ကြားရုံမက နာခွင့်ရသည့်

မွှေလက်လျှို သမီးပျိုကား
နို့ခွင့်တစ်ခါ အခွင့်သာ
တစ်ခါနှင့်ပင် အဖိုးတန်။
လူအများလည်း
တရားအဆုံး ထိုနိဂုံးတွင်
အဖုံးမောဟ လှစ်ခွာချမည့်
မွှေသရဏဂုံ ကိုယ်စီထုံ
နိုလှုံမိကြပြီ။

l မွှေသဘင်
ဆင်ယင်အပြီး ပွဲသိမ်းဆည်းချိန်
သမီးအလှ ရှင်မွှေလည်း
ဗုဒ္ဓထွင့်ဖျား ရှိဝတ်တွားကာ
တရားရင်ပြင် မဏ္ဍပ်ခွင်မှ
ဖခင်၏ဘုံ ယက္ခုနန်းရုံသို့
ရဂုံရစ်သိုင်း လမ်းအတိုင်းပင်
မဆိုင်းမဖင့် ခရီးလွှင့်
စိတ်ဆင့်ကိုယ်ဆင့်သွားချေပြီ။

l ရုံသို့ရောက်လျှင် အလုပ်ခွင်၏
ဖခင်လက်ယက် စင်တော်ဘက်သို့
ညက်ညက်သာသာ ဖဝါးလာဖြင့်
လက်မှာပါသား ရက်ဖောက်များကို
အောက်ကြားသို့လှည့် ကုန်းရှုဖြည့်စဉ်
မော၏ ပန်း၏ ဆာလောင်၏ကြောင့်
အိပ်မိဖခင် လန့်ချက်ဝင်ပြီး
လက်တွင်ကိုင်ထား လွန်းအိမ်ဖျားဖြင့်

BURMESE CLASSIC .com

တအားဆောင့်ထိုး ယောင်ချီးချီးသည်
နိုးနေသူလေး သေရှာပြီ။

၁ ဒီဋ္ဌိယိုဖိတ် မောဟရိပ်မှာ
အိပ်ခြင်းမက်ခြင်း အလျဉ်းကင်းကာ
ငါသွင်းမထား ငါစားမရှိ ငါမငြိကြောင့်
ဒိဋ္ဌိကွန်ယက် မောဟစက်
ဖောက်ထွက်နိုင်လိုက်ပြီ။

မှိုင်းမိအကွက် ဖြတ်ထွက်ထွက်ကြောင့်
မပျက်သရဏဂုံ ပွားထုံသတိ မေ့မရှိဖြင့်
တွေ့ထိရာတွင် ဖြစ်ပျက်မြင်ကာ ငါမပါ
သူပါကပ်ခွင့်မသာပြီ။

ငါသူမဝင် မဆင်ခြင်ဘဲ
မြင်မြင်ရုံသာ ထိရုံသာဖြင့်
ခန္ဓာအရှိ ပကတိကို
အရှိတိုင်းပင် ဉာဏ်သက်ဝင်ကြောင့်
ပြည်ခွင်တစ်ဖက် နိုးထွက်ထွက်ရ သမီးလှကား
သွားရနတ်ပြည် ဆန်ချီချီပြီ
ရွှေချည်ငွေချည်လက်စေခြင်း။

ရွှေချည်ငွေချည် လက်လက်ရည်ကြောင့် ...
– သူ့ချီကိုယ့်ချီ နှစ်လီတိုင်ဖောက် ယက်ရာအောက်
မရောက်တော့ပါပြီ။
– သူကငါ့ချည် ငါကိုယ်ထည်အပ် ယက်ခတ်ခတ်
မပတ်တော့ပါပြီ။
– ငါ့ဘဝသူ သူ့ဘဝငါ
နှစ်ဖြာအကြောင်း ထပ်ပေါင်းပေါင်း
မရောင်းတော့ပါပြီ။

နတ်တလူစာစဥ်

www.burmeseclassic.com

– ရောင်းခြင်းဝယ်ခြင်း အပ်ခြင်းအစား
ကံထားမွေ့ရ ထိုကာမဌ်
မရမမင် ရမမင်
ငါ့လင် ငါ့မယား စွဲမထား။

## ကာလပေါ် ရက်ကန်းသည်များသို့

၊ ရက်ကန်းဟူသည်
တိုင်ချည်နှစ်လွှား ဖောက်တစ်လွှားဖြင့်
ယက်သွားလည်းတပ် နှပ်နှစ်ထပ်ထား
ခြေနင်းများပါ ထားသိရာ၏
နောက်မှာဆက်လက် များတွဲဘက်ကား
လက်ခတ်လည်းသုံး လိပ်ပတ်တုံးထား လွန်းပျံများဖြင့်
တွဲထားနယ်ကန် ဘယ်ညာပြန်
အစီမံများပင်။

၊ ထို၍စုံစွာ ကိရိယာဖြင့်
စင်မှာယှက်သန်း ယက်လုပ်ခန်းကြောင့်
ရက်ကန်းနာမ ဂုဏ်ထူးရ၏
ထိုသည့်ရက်ကန်း အကွက်ဆန်းကား
တန်းထားအမျှင် ဘယ်ညာငင်ကာ
လေးတိုင်စင်ကြား တိုင်ဖောက်ထားဖြင့်
ချည်များကိုချည် အထည်သို့ထွက် ဆင်သွေးစွက်လျက်
ယောက်ယက်လည်စေ လိပ်ပတ်ခွေရာ
တိုင်လေချည်များ ဖောက်ချည်များလည်း
နှပ်လွှားရက်သွား သူတို့ကြားမှာ
သွားရင်းကယောက် ယောက်ရင်းက တုံး

**ပြန်လမ်းသုဉ်းကာ နောက်ဆုံးမြိတ်ဆာ မရက်သာချိန်**
**ထည့်ပါချည့်ပါ ဗလာကျသက် စင်မှထွက်ကြောင့်**
**ရက်မိတိုင်းကန်း ထိုရက်ကန်း**
**တန်းလိုက်တိုင်းပင် ကုန်ချေပြီ။**

1 **သည့်ပမာလျှင်**
**တဏှာပေမ ပယောဂဖြင့်**
**နောကြလူချင်း ဓာတ်စုံခင်းရာ**
**သူတွင်းလက်ရှိ အာရုံလှည့်ကို**
**ကိုယ့်ရှိတံခါး အပေါက်များသို့**
**သွင်းထားသွယ်ဆက် အတွင်ရက်၏။**

**သူ့ဘက်ကလည်း**
**ထိုနည်းတူစွာ ပြိုင်ပွဲပါကာ**
**ကိုယ့်မှာသိုသိပ် အာရုံစိတ်ကို**
**လိပ်သို့ပမာ သူ့ဘက်ပါရန်**
**ပူးခါကပ်ခါ နှူးနှပ်ကာဖြင့်**
**အခါခါဆက် သူ့ဘက်ယက်ခဲ့။**

**သူ့ဘက်ကိုယ့်ဘက် အာရုံဘက်များ**
**သူရက်ကိုယ်ရက် ဘယ်သို့ဖက်လည်း**
**တစ်ချက်အထိ တစ်ချက်မိက**
**ထိရင်းတန်းလန်း ပျောက်ပျက်ခမ်းမို့**
**ရက်ကန်း ရက်ကန်း ရက်တိုင်းကန်း**
**မကန်းဘယ်မရှိ။**

**နောက်ဆွယ်ထပ်တိုး တစ်မျိုးမှတ်ဦး**
**ကပ်ပူးခပ်ဖက် သူကိုယ်ယက်စဉ်**
**ရမ္မက်အထန် သွေးပြောင်းဆန်က**

စိတ်မှန်ကိုခွင်း မြှန်စိတ်သွင်းကြောင့်
ဘယ်ဒင်းမှပင် ဘာမမြင်ဘဲ
တမင်ငမ်းဖမ်း ကြောင်တောင်ကန်းရာ
ရက်ကန်း ရက်ကန်း ရက်တိုင်းကန်း
မကန်းဘယ်မရှိ။

1 လူလူချင်းလျှင်
ချည်မျှင်အလား သဘောထားကာ
တိုင်ထားသူမှာ နှစ်လွှားပါကား
အာရုံဝတ္ထု ပုံနှစ်ခုပင်
ဖောက်လုထိုးဝင် လူးလာငှင်မည့်
ကိုယ့်တွင်ကိုင်ထား ချည်တစ်လွှားကား
တံခါးငါးပေါက် တစ်ပေါက်ပေါက်ပင်
ဖောက်ချည်မျက်စိ ကိုယ့်ဘက်ရှိက
သူ၏ပြကွင်း ရုပ်အဆင်းနှင့်
အဆင်းတည်ရာ ကိုယ့်ခန္ဓာကို
အာရုံလည်းဖမ်း ကိုယ်လည်းဖမ်း
သွားလမ်းဖောက်ချည် ဝင်စေပြီ။

အဆင်းအာရုံ ကာမဂုဏ်
စိတ်စုံများက ဖမ်းလိုက်ခြင်း၊
ကိုယ်ခန္ဓာရှိ ဝတ္ထုပြည့်
မျက်စိများက ဖမ်းပေးခြင်း၊

ထိုနှင့်မခြား တစ်သားတည်းပင်
နားလျှင်နောက်ထ ကိုယ်ချင်းကျအောင်
သူကိုယ်နှောင်ထား ချည်ဖောင်များလည်း
သူကားတိုင်ချည် နှစ်လွှားတည်က

နတ်တလူစာစဉ်

www.burmeseclassic.com

BURMESE CLASSIC .com

ကိုယ်သည်ဖောက်ကား တစ်ခုထားဖြင့်
ကစားလက်ယှက် ကိုယ့်ဘက်ရက်လိမ့်။

ကိုယ့်ဘက်တိုင်ချည် နှစ်လွှားတည်က
သူသည်ဖောက်ကား တစ်ခုသွားဖြင့်
ကစားလက်ယှက် သူ့ဘက်ရက်လိမ့်။

1 နောက်လျှင်တစ်မျိုး ထပ်တိုးမှတ်ဦး
အထူးပြင်ဆင် ညှို့ပွဲဝင်သည့်
သူလျှင်ပိုင်ထား ရုံတစ်ပါးက
တံခါးများလှည့် စောင့်ကြည့်ကြည့်သည့်
ကိုယ်၏စိတ်နေ ကလိချေသော်
စိတ်ထွေစိတ်ပြား စိတ်ကစားကာ
တံခါးငါးပေါက် လူးလာခေါက်ဖြင့်
ဖောက်ချည်အများ စုံလှည့်သွားသော်
သူကားတိုင်ချည် ကိုယ်ဖောက်ချည်
ရှေ့ရည်နွှေရည် လျှမ်းစေပြီ။

1 ထို့အတူပင် ...
သူကမျက်စိ ကစားမိချိန်
ကိုယ့်ရှိအဆင်း အာရုံခင်းက
သူတွင်းစိတ်သို့ ညှို့ချက်ပို့ကာ နှုးခွာခွာကြောင့်
သူ့မှာစိတ်ထား ထွေသွားသွားကာ
တံခါးငါးပေါက် စင်းလုံးမှောက်ဖြင့်
ဖောက်ချည်အလား လှည့်ကစားသော်
ကိုယ်ကားတိုင်ချည် သူဖောက်ချည်
ရှေ့ရည်နွှေရည် ဆန်းစေပြီ။

BURMESE CLASSIC .com

၊ သို့ဖြင့်ပင်လျှင်
နေဝင်နေထွက် ရက်ချင်းဆက်လျက်
နှစ်သက်ပီတိ ပွမ်းဆီထိဖြင့် ...
– ကြည့်ပြီးပြန်လျှင် ကြည့်ချင်ချင်
ငှင်၍မဆုံး တစ်သက်လုံး၊
– ကြားပြီးတိုင်းပင် ထပ်ကျော့ဝင်
ငှင်၍မဆုံး တစ်သက်လုံး၊
– နမ်းမပြီးခင် နောက်ပွဲပြင်
နမ်းဝင်ဘယ်မဆုံး။

၊ ထိုနည်းတူစွာ
အရသာငွေ့ ကိုယ်ချင်းတွေ့နှင့်
တွေး၍ပျော်ရွှင် စိတ်ကူးယဉ်များ အစားစားလည်း
ခံစားတစ်ကွက် အကြိုက်ဖက်က
တစ်သက်လုံးလုံး ငှင်မဆုံးပြီ
လူလုံးချည်းကျန် ကိုယ်ထည်းကျန်စေ
လွန်းပျံလွန်းသွား စိတ်ကစား
ဖောက်ကားမဆုံးစေ။
ရက်ကန်း ရက်ကန်း ရက်တိုင်းကန်းကား
ဆန်းပြားအာရုံ ကာမဂုဏ်ကြား စိတ်ကစားရန်
လှည့်စားတဏှာ ဝေဒနာရဲ့ကား သညာငှားဖြင့်
သည်ကားယောက်ျား သည်ကားမိန်းမ
ခွဲတမ်းချကာ ယက်စေပါလည်း
လက်မှာကိုင်ကြည့် ဆုပ်၍ကြည့်က
မိပြီးသားကား လက်တွင်းကြား
လားလားမရှိချေ။

www.burmeseclassic.com

## ချည်မျိုးစုံဝယ်လိုသည် ဖောက်သည်ဈေး စုံစမ်းပါ

၊ ချည်ဆိုသည်မှာ ဖြည့်ရန်မဟုတ်
ချည်တုပ်ရာ၌ သူရုံးစိုက်လိမ့်၊
အတိုက်ချင်းမျှား စိတ်ကစားစဉ်
ဆယ်ပါးကိလေ ဆယ်ထွေသံယောဇဉ် နှောင်ကြိုးမျှင်ဖြင့်
သူလျှင်ကိုယ်နား ခွာမသွားရန်
မိထားသားကောင် ကွန်ယက်မျှောင်ကို
ချည်နှောင်ရစ်ပတ် မျှင်ထပ်ထပ်ဖြင့်
သတ်ဖြတ်စားသုံး ပင့်ကူထုံးသို့
လူလုံးချင်းကပ် မျှင်ချင်းပတ်သော်
သက်အပ်ကိုယ်ထား သည်မှာနားပြီ
ဤကား ချည်၏အဓိပ္ပာယ်...။

၊ ယနေ့သည်ကား
ခြင်ဆီဦးနှောက် ဖြိုးဖြိုးမောက်ကာ
မြောက်ခဲ့လူလား ဉာဏ်ကစားပြီ။

၊ ယနေ့သည်ကား
သွေးသွားသွက်လက် ကိုယ်သွက်လက်ပြင်
ရင့်ကျက်စိတ်ထား ချင့်ဉာဏ်ဖွားကြောင့်
ဤကားကောင်းသည် ဤသည်ဆိုး၏ သူရိပ်မိပြီ။

၊ ဤကားချစ်သင့် ဤမုန်းသင့်လည်း
ချင့်မိ ချိန်မိ တိုင်းထွာမိပြီ။

၊ သို့ကြောင့်ပင်လျှင်
လူလျှင်လူချင်း မျှော်စိတ်သွင်းမိ
လိင်ချင်းခတ်ဘက် ဆန့်ကျင်ဘက်ဆို
ကိုယ်နှစ်သက်ရာ ဟန်မူယာနှင့်

နတ်တလူစာစဉ်

ရူပါအဆင်း အခင်းကျင်းက
ကြော့ရှင်းစင်းဖြောင့် လုံးထားတောင့်သော်။

– သဒ္ဒအာရုံ ဖွဲ့စည်းပုံလည်း
တုန်ခါကင်းစင် ပျံ့ကင်းစင်ကာ
ကြည်လင်အေးမြ ချိုပီသသော်။

– ဂန္ဓအာရုံ ဖွဲ့စည်းပုံလည်း
မွှေးထုံသင်းပျံ့ ကြာညိုနံ့သို့
လေလွန့်ရာဘက် ငြိမ်ထွက်ထွက်သော်။

– ရသအာရုံ ဖွဲ့စည်းပုံလည်း
ပုံထားအရျက် မကလက်ဘဲ
ဆက်ရာတိုင်းငြိ ရသာမိသော်။

– အတွေ့အာရုံ ဖွဲ့စည်းပုံလည်း
ကိုယ်လှုံလက်မြှူ ထိချက်ယူကာ
မပူမကြမ်း မခါယမ်းသော်။
ရွှေလမ်းခင်းမျိုး ရွှေချည်မျိုးမို့
တန်ဖိုးမြင့်ဆောင်း ရွှေရည်လောင်း
ရောင်းကဝယ်လိုပြီ။

1 ဆန့်ကျင်မဘက် လိုင်ချင်းဆက်ကျ
မပျက်ကတိ ထားချက်ရှိကာ
နှုတ်၏စောင်မ ကိုယ်စောင်မဖြင့်
မှုတအကူ အေးတူပူခန်း သူကိုယ်လွှမ်းသော်
ငွေလမ်းခင်းတိုး ငွေချည်မျိုးမို့
တန်ဖိုးချင်းပေါင်း ငွေရည်လောင်း
ရောင်းကဝယ်လိုသည်။

လိုင်တူမတူ နှစ်မူချိတ်ပိတ် ဝယ်ရန်ချိတ်ဖြင့်
ဖိတ်ခေါ်သွယ်ဆက် ချင်းချင်းယှက်မည့်

www.burmeseclassic.com

ရက်လေတိုင်းကန်း ထိုယက်ကန်း၌
ယှက်သမ်းရုံထား တိုင်ချည်များကို
လူများမှသည် အစချည်ကာ
ကိုယ့်ဆီလာထိ မြင်တွေ့မိသည့်

၊ သက်ရှိသက်မဲ့ မိတ်ဖွဲ့ရန်စ အားလုံးမှလည်း
ရောင်းကချက်ချင်း ဝယ်လိုခြင်းကြောင့်
အဆင်းမျက်ခြယ် လာဆက်သွယ်
ဝယ်ရန်ရှိပါသည်။
အသံနားတွင်း တိုက်ရိုက်ဆင်း
တင်သွင်းနိုင်ပါသည်။

၊ သည့်အတူပင် ...
နှစ်မူကောင်းဆိုး အနံ့နိုးနှင့်
နှစ်မျိုးရသာ နှစ်ဖြာအတွေ့ ပုံငွေ့ရိပ်ကျ
သဘာဝထား အစားစားလည်း
အများပေးထက် ဝယ်ဈေးပိုမို ကြေးဖြင့်ကြို
ဝယ်လိုလှပါသည်။

၊ နောက်ထပ်တစ်ခါ ဝယ်စရာကား
ထိအာရုံတိုက် ဝတ္ထုလိုက်စဉ်
စိတ်ကြိုက်စရာ ခိုက်စရာနှင့်
မိုက်လွှားအထန် ဖောက်ပြန်ကစား
အမြင်မှားမှာ ဝေဝါးပျံ့ထွက် မရှက်မကြောက်
စိတ်နောက်စရာ အားလုံးပါ
ဝယ်မှာလက်မနေး။

၊ နောက်ထပ်တစ်ဖန် ဝယ်ရန်ကျန်သေး
ကံလှည့်စိတ်လှည့် ဥတုလှည့်နှင့်
လှည့်၏အာဟာရ ထိုလေးဝကြောင့်

ကွဲကြရုပ်စုံ သံစုံနှံ့ခြား ဆိုးပြီးများလည်း
ရောင်းအားရှိသလောက် ဒိုင်ခံကောက်
နောက်ဆုတ်လိမ့်မည် မဟုတ်ပါ။

၊ ချည်ဆိုသည်မှာ

ဖြည်ရန်မဟုတ် ချည်တုပ်ရန်သာ ဖြစ်ပေါ်လာကြောင်း
သူ့မှာပေါင်းစု အတိုင်းပြုသည့်
ဝတ္ထုအာရုံ နှစ်ဘက်ဂုဏ်က
လွှာစုံများဆီ မျှားကွက်တည်ကာ
ချည်မည်တုပ်မည် နှောင်ဖွဲ့မည်
ချည်ဆိုသည်၏ ဓိပ္ပာယ်ခင်း။

အထည်များရောင်းရန်ရှိသည် ဖောက်သည်ဈေးစုံစမ်းပါ

၊ လက်ခံပြီးသား တိုင်ချည်များကား
ရောင်းအားအလိုက် ဝယ်သိမ်းပိုက်
ကိုယ်၌စိတ်၌ များနေပြီ။

၊ တိုင်ချည်အကြား လွန်းကစားကာ
ကိုယ်ထားဖောက်ချည် ထက်အောက်လည်ဖြင့်
အထည်ဖော်ကွက် ကုန်ချောဘက်
ရက်ဖို့ချိန်တန်ပြီ။

၊ တိုင်ချည်ဖောက်ချည် ထိုနှစ်လီဖြင့်
ကွက်လည်ပုံဖမ်း ထိုယက္ကန်းမှာ
ရှေ့ထမ်းနောက်ထမ်း ဘက်စုံဖမ်းသည့်
နှစ်ခန်းခြေလက် ဒေါက်လေးချက်နှင့်
အထက်ကိုယ်တိုင် မလုပ်ကိုင်
လေးတိုင်စင်လို့ မှတ်ခဲ့ပါ။

www.burmeseclassic.com

l တစ်ဖက်မှာစု ဝတ္ထုအာရုံ ထိုနှစ်စုံကား
ပုံဖြင့်ပလီ ဂုဏ်ပလီ
တိုင်ချည်နှစ်လွှား မှတ်ခဲ့ပါ။
ကိုယ့်ဘက်မှာထား ငါးတံခါးက
သွားလာပြန်ချီ ပုံဖော်မည်
ဖောက်ချည်များပင် ဖြစ်ပါသည်။
ငမ်းဖမ်းခံရ ထမ်းထားရသည့်
ကာမဘဝ နှစ်ဝတထှာ ကိုယ်စီပါကား
နှစ်လွှာနှပ်များ သဘောထားပါ။

l ဒိဋ္ဌိ၊ ဥပါဒါန် နှစ်တန်အတွဲ စိတ်အစွဲကား
နှပ်ဆွဲခြေနင်း သဘောသွင်းပါ
ပင်တိုင်စုံစိ ကွက်တိုင်းမိသည့်
ကိလေဆယ်ခွင် သံယောဇဉ်ဆယ်ပါး ကိုယ်စီထားကား
ရက်သွားလို့သာ မှတ်ကြပါလေ။

l သူ့ရှိကိုယ့်ရှိ အလိုဖြည့်ကို
ထိမိစေရာ ကံသင်္ခါကား
သူ့မှာကိုယ်အပ် လှော်ခတ်ခတ်မည့်
လက်ခတ်လို့သာ မှတ်ခဲ့ပါလေ။

l မျက်ခွံနားရှက် ပုံစံခွက်ထား ထိုငါးပါးကား
လွန်းသွားပွေလိမ် ယက်ဖောက်အိမ်
ချင့်ချိန်တွေးကြည့်ပါ။
ကံ–ကိလေသ ဝိပါကဟု
သုံးဝဋ္ဋ်ခင်း လည်ပတ်ခြင်းကား
ရက်ရင်းကထပ် ကောင်ထည်ကပ်
လိပ်ပတ်တုံးလို့မှတ်ခဲ့ပါ။

နတ်တလူစာစဉ်

၊ ချစ်ပြန်မုန်းပြန် ထိုနှစ်တန်
နယ်ကန်များချည်းမှတ်ခဲ့ပါ။
ကံ၊ စိတ်၊ ဥ၊ ဟာ လေးဖြာသင်္ခါရ
ပြုလုပ်ပြသည့် လူ၏ မလု
ပုဂ္ဂ တိုရှည် ဖြူမဲသည်နှင့်
ပိန်သည် ဝသည် ဖြောင့်သည် ကောက်သည်
စသည်ဖုံဖုံ ရိပ်သွင်ပုံ
ရောင်စုံချည်များ မှတ်ကြပါ။

၊ စင်တော်ကြီးကား ပြင်ဆင်ထား
အားလုံးအဆင်သင့်။
အဆင်သင့်ထား သူကိုယ်ကြားသို့
လွန်းသွားလွန်းဆန် အပြန်လှန်ဖြင့်
အခံတိုက်ကွက် တိုင်ဖောက်ဆက်
ရက်ကြပါလေပြီ။

၊ ရံတစ်ခါမှာ
သူ့မှာအထား အာရုံကြားသို့
ကိုယ်သွားရောက်ထိ ရုံစဉ်လှည့်
အငြိဖော်ထုတ်ခြင်း။

၊ ရံတစ်ခါကျ
သူကတိုးလှာ ကိုယ့်ရှိရာကို
ထိကာရောယှက် ရုံစဉ်ဖက်
အကွက်ဖော်ထုတ်ခြင်း။

၊ ထိုသို့စွက်ဖက် သူကိုယ်ယက်မှ

၊ ထွက်ခဲ့တအား ရက်ထည်များကား
– မွေးဖွားရာဂ ပပဥ္စ သားလှသမီးများ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

– ဆင့်ပွားမာန ချစ်မ၀ သားလှသမီးများ

– ငါစွဲကြီးလှ ဒိဋ္ဌိကျ သားလှသမီးများ။

၊ သို့တည်းမဟုတ်

သမုတ်သူ့ကိုယ် အာရုံသိကာ

အလိုလည်းလား မာန်များလည်းရစ် ငါစွဲဖြစ်ဖြင့်

ချစ်ကြလေပြီ သူကိုယ်ချည်

သေသည်အထိ မှားယွင်းစန်း။

၊ မှားယွင်းလိုငြား လူအများသို့

ငါကားလှည့်လည် ဗန်းကိုချီလျက်

အော်မြည်ဟစ်ကြွေး ဖိတ်ခေါ်ပေးကား

– ရာဂပြောင်းဆန် အာရုံခံ ရောင်းရန်ရှိပါသည်။

– မာနပြောင်းဆန် အာရုံရုံ ရောင်းရန်ရှိပါသည်။

– ဒိဋ္ဌိပေါင်းလန် အာရုံပျံ ရောင်းရန်ရှိပါသည်။

## အပ်ထည်များလက်ခံသည် ဖောက်သည်ဈေး စုံစမ်းပါ

၊ တစ်ဦးနှင့်တစ်ဦး စိတ်ချင်းကူးလျက်

မြူးတူးပျော်ပါး ကိုယ်ချင်းသွားစဉ်

ကစားမျက်စိ အဆင်းမိ

ဖွား၏ရာဂသား။

၊ သည့်အလားပင်

နားနှင့်အသံ အသွားပြန်နှင့်

အာရုံခံထား အတိုက်ကြားမှ

ဖွားကြအများ ရာဂသား

အများအပြားပင်။

BURMESE CLASSIC .com

၊ သို့ကြောင့်သာပင်
ရာဂနစ်မြို့ ငါ့အဖို့လည်း
သူပို့လိုချက် ရာဂကွက်များ
မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ထွက်
ထိုငါးချက်ဖြင့် လက်ခံဖို့ရန် အဆင်သင့်။

၊ သူပို့လိုချက် မာနကွက်လည်း
မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ထွက်
ထိုငါးချက်ဖြင့် လက်ခံဖို့ရန် အဆင်သင့်။

၊ သူပို့လိုချက် ဒိဋ္ဌိကွက်လည်း
မျက်စိ၊ နား၊ နှာ၊ လျှာ ကိုယ်ထွက်
ထိုငါးချက်ဖြင့် ကိုယ့်ဘက်မှပြန် တုံ့လည်ဆံ
လက်ခံဖို့ရန် အဆင်သင့်။

၊ ငါ၊ ငါ့ပစ္စည်း ငါပိုင်ချည်းချ အစွဲပြသည့်
မာန ရာဂ နောက်ထဒိဋ္ဌိ သူ့အရှိကို
ငါ့ရှိရာဂ မာန၊ ဒိဋ္ဌိ ဖောက်ချည်ဖြည့်လျက်
တွင်တွင်ယက်မှ ထွက်ခဲ့လက်လည် အကောင်ထည်ကား
– အာရုံဝတ္ထု သုံးလိုမှု ကာမုပါဒါန်များ။
– ငါပိုင်ရှေ့ရှု သိမ်းလိုမှု ဒိဋ္ဌုပါဒါန်များ။
– သန့်ရာရှေ့ရှု ကျင့်လိုမှု သီလဗ္ဗတုပါဒါန်များ။
– အတ္တရှေ့ရှု အစွဲပြု အတ္တဝါဒုပါဒါန်များ။
အစွဲလန်းထား ထိုလေးပါးကို
အပ်ထားချည်မှ အထည်လက်ထွက် ပြန်လည်ဆက်မည်
နှစ်သက်ပါက လက်ခံပါ
အထည်မည်သည်
တုပ်ချည်ချင်းရက် တိုင်ဖောက်ကွက်မှ

BURMESE CLASSIC .com

တက်ခဲ့သရုပ် ပုံစံထုတ်မို့
အုပ်ရာဖုံးရာ ထုပ်ပိုးရာ
နေရာတကာ တွင်ကျယ်၏၊

၊ အာရုံချင်းနှောင် ဝတ္ထုနှောင်မှ
အကောင်လည်းတည် အထည်လည်းဖြစ်
အချစ်လည်းပွား အမုန်းပွားများ
လားလားလောက်လောက် သူကိုယ်နောက်
ထောက်ပံ့နေကြပြီ။

၊ ထို့အတူသာ
တဏှာချင်းနှောင် ဒိဋ္ဌိနှောင်မှ
အကောင်လည်းတည် အထည်လည်းဖြစ်
အမြစ်လည်းပွား အဆစ်ပွားများ
လားလားလောက်လောက် သူကိုယ်နောက်
တောက်လျှောက်လိုက်နေပြီ။

၊ ဥပါဒါန်နှောင် ကံစိတ်နှောင်မှ
အကောင်လည်းတည် အထည်လည်းဖြစ်
အညစ်လည်းပွား အရစ်ပွားများ
လားလားလောက်လောက် သူကိုယ်နောက်
ထိုးဖောက်လိုက်နေပြီ။

၊ အကောင်ချင်းမျှောင် အနှောင်ချင်းယက် သူကိုယ်ထက်မှ
ထွက်ခဲ့အများ အထည်များကို
အပ်ဖျားကြိုးတုပ် နဖားလှုပ်ဖြင့်
ချုပ်သည် စပ်သည် အပ်လျက်ချည်ရာ
အထည်ပါချွတ် စင်ဖြူကျွတ်
အဝတ်ဖြစ်တော့သည်။

နတ်တလူစာစဉ်

1 **လင်ဝတ်၊ မယားဝတ်၊ လောကဝတ်**
**ဝတ်စရာကားအများကြီး။**
**ကိလေမှထွက် ကံသို့ဆက်**
**ဝိပါက်ဝဋ်လိုက် ဆိုက်ခရီး။**

1 **သူကိုယ်ပြန်လှန် တွဲဖန်ဖန်ဖြင့်**
**လက်ခံပြီးသား ရက်ပြီးသားနှင့်**
**ချုပ်သားကျန ပုံကျနသား အဝတ်များကား**
– **ထိပ်ဖျားပိုင်းဘက် ဦးခေါင်းထက်**
**တဘက်လိုလည်း သုံးနိုင်သည်။**
– **ကိုယ်ထားသို့မြောင် လုံးပြည့်နောင်**
**စောင်လိုလည်းပဲ ရပါသည်။**
– **သူ့မှာကိုယ်မှာ စပ်ဖက်ရာ**
**ဖျာလိုလည်းပဲ ခင်းနိုင်သည်။**

**အထည်မည်သည်**
**တုပ်ချည်ချင်းဖက် တိုင်ဖောက်ယက်မှ**
**တက်ခဲ့သရုပ် ပုံစံထုတ်မို့**
**အုပ်သည် ဖုံးသည် ထုပ်ပိုးသည်**
**အထည်များ၏အမိပ္ပာယ်။**

ဈေးကုန်ရှုံးတစ်ခေါက် လူကုန်ရှုံး တစ်သက်လုံးမှောက်

1 **အနွှနွှယ်ဘွား အမျိုးကောင်းသားတို့**
**လူသားဘဝ တစ်ခါရစဉ်**
**ဘဝလက်သုံး ရင်းမဆုံးသင့်**
**လူလုံးချင်းတိုက် အာရုံတိုက်သို့**
**အကြိုက်လိုက်စား ရောင်းဝယ်မှားသော်**
**ရင်းစားဘဝ ပြန်မရပြီ**

နတ်တလူစာစဉ်

www.burmeseclassic.com

ကာမကုသိုလ် လက်တွင်းနိုကြောင့်
သူကိုယ်ချင်းချင်း ဈေးပြိုင်သွင်းလည်း
ကြည့်ရင်းကပျောက် ကြားရင်းပျောက်နှင့်
နမ်းပျောက်စားပျောက် ထိရင်းပျောက်ကို
ထွင်းဖောက်သိမြင် ဉာဏ်သက်ဝင်ကြ
မှတ်ချက်နောက်ခံ ဆင်ခြင်ဉာဏ်ဖြင့်
ငါခံသည့်စိတ် သူနှင့်ရှိတ်ကာ
လိပ်နှင့်တွဲဘက် ကိုယ့်ဘက်ယက်လည်း
ရက်လိုက်တိုင်းကန်း တန်းမိတိုင်းပျောက် တိုင်အဖောက်ကို
ထွင်းဖောက်သိမြင် ပယ်ရန်ပြင်ကြ
မပြင်ရှေ့ဆက် သည်တိုင်းထွက်သော်
အကွက်မလည် လက်မလည်ဘဲ
– တိုင်ချည်ပိတ်ကာ ဖောက်ပိတ်ကာ
မိစ္ဆာချည်းသာ ကျန်ကြမည်။
– ဆွေရပ်ကင်းကွာ မျိုးဗလာ
မိစ္ဆာချည်းသာ ကျန်ကြမည်။
– ငါစွဲရှိတ်ခါ သူရှိတ်ခါ
မိစ္ဆာချည်းသာ ကျန်ကြမည်။
– ဗုဒ္ဓနွယ်ဘွား မျိုးကောင်းသားတို့
လိုလားကာမ ရှေးပုညတို့
နောက်မှထောက်ခံ ကံကြွင်းရုံကြောင့်
ကိုယ့်ထံအရှိ သူလို၏ဖြင့်
သူ့ရှိငါမျှား ကိုယ်လိုလားဖြင့်
ဖောက်ကားရောင်းဝယ် ကြောင်းဖလှယ်ကား
လူနယ်နတ်တွင်း မကင်းရှင်းချေ။

1 သို့တစေလည်း

ဖွေလှစ်ရှာမှီး ထိုသည့်ကျိုးသည်

အစာလည်းရှိုက်ယူ ရန်သူလည်းကြည့် နှစ်စုမိသို့

အထိလည်းရှိ အငြိလည်းထယ် နှစ်စုတွယ်ကြ။

1 အကယ်တိတိ

သတိမသွင်း မြင်မရှင်းဘဲ

ထိခင်းနှစ်ပါး ရုံခွင်းမျှားက

ငါးစားသူထဲ စိတ်နှစ်စွဲကြောင့်

မြဲသည့်ကောင်းသည့် ငါပိုင်သည်ဖြင့်

သူ့ဆီငါယိမ်း အမြင်တိမ်းသော်

ကိန်းလေဘုရား ဆူဆူကြား၌

ဖြတ်သွားရင်းကြုံ အချိန်ကုန်လိမ့်။

ရောင်းကုန်ဝယ်ကုန် ပြန်လှန်ကြုံဝယ်

ဆန်ရင်းကစုန် အချိန်ကုန်လိမ့်။

အစုန်အောက်မှာ ထက်မှာအဆန်

အပြန်လှန်ကြုံ အချိန်ကုန်လိမ့်။

ရက်ကန်းမှီခို မဒ္ဒီပျိုကား

မှီခိုအများ သူအားထားမှာ

ဘုရားမှီခို ကြည်ညိုတရား ပြန်လည်နားကြောင့်

ဖြတ်သွားခြင်းမှ ကင်းလွတ်ရပြီး

တစ်ခါမှာဝင် တစ်ခွင်မှာရှိ ဉာဏ်ထားသိရာ

တစ်ခါနှင့်ပင် နတ်ထံဝင်

မဂ္ဂင်ယာဉ်နှင့် သွားချေပြီ။

1 ဘုရားနားကပ် ကျော်ဖြတ်သွားဆဲ သင်တလွဲလည်း

သေပွဲတန်းဘက် ပတ်ထွက်ထွက်ချိန်

– လက်မဲ့ကြီးလား လက်ဆုပ်လား
ခွဲခြားဝေဖန်လေ။
– အိပ်လျက်ကလား နိုးလျက်လား
အထင်းသားပေါ်ပစေ။
– ခြေလျင်ပဲလား ယာဉ်နဲ့လား
မှတ်သားလေ့လာနေ။

၂ ရက်ကန်းရက်ကန်း ရက်တိုင်းကန်းကား
တန်းမိသည့်ချည် တည်မိသည့်ဝတ် အားလုံးကျွတ်က
အလွတ်မြိတ်ဆာ လက်ကျန်လာခဲ့
သည့်ပမာပင်
အာရုံဝတ္ထု တိုင်နှစ်ခုနှင့်
တစ်ခုတံခါး ထိုအကြားဝယ်
သူကကိုယ့်ယက် ကိုယ့်သူယက်ဖြင့်
သက်ထက်ဆုံးထား ယက်ကစားလည်း
နောက်ဖျားလက်ခံ မိစ္ဆာကျန်မည်
ကေန်ကေ မှတ်ကြကုန်။ ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ဗဋိဝတ်တောကျောင်း]

www.burmeseclassic.com

အပိုင်း [ ၂ ]

# ရှုမြင်စရာ သင်္ခါရ လောက ကဗျာပိုင်း

(လောကနှင့်ပတ်သက်သော အကြောင်းချင်းတများ စုစည်းပေးထားခြင်း)

www.burmeseclassic.com

## ၁။ ဘယ်ကိုဦးတည့် ငါ့သတ္တိကား

၊ သတ္တိရှိမှ အောင်ပွဲရလိမ့်
သုပ္ပမေးစက် ညအိပ်မက်က
ဘယ်တွက်ကိုများ ပစ်မှတ်ထား
ပြောကြားလေသနည်း။

၊ ငါနှင့်ဖက်ရာ စစ်မျက်နှာကား
ရှေ့မှာတောခွင် နောက်တွင်ပရိသတ်
ဘေးပတ်ရန်မိတ် ထိပ်ဝိစ္စာထား
အောက်ကားအားလုံး
စိတ်တွင်းပုန်းမှာ ကိလေသာ
ငါ့မှာပတ်ချာဝိုင်း။

၊ ထိုဤပစ်ကွင်း စစ်တလင်းတွင်
တောတွင်းကြီးစိုး အမျိုးမျိုး၏
သွေးထိုးသွေးလှန့် သူ့အဟန့်၌
နိုင်ခံ့ထိမိ ငါ့သတ္တိ
ရှိရချေမည်လော။

နတ်တလူစာစဉ်

www.burmeseclassic.com

l သို့တည်းမဟုတ် နောက်လိုက်အုပ်တို့
အားထုတ်နေရာ ရောက်အလာတွင်
ရှောင်စွာမတိမ်း ခေါင်းမယိမ်း
စိမ်းစိမ်းကြည့်ရန်လော။

l ထိုမှနောက်ကြွင်း
စစ်တလင်းများ အရင်းထားသော်
စဉ်းစားစရာ များလှစွာ၏၊

l လောကစံစက် ဝဲယာနက် ဖယ်ထွက်ရာ၌လော။
ကောင်းဆိုးနှစ်ခု ဘာမမှု ရှုကြည့်ရာ၌လော။
ခန္ဓာအသက် မငဲ့ကွက် ရက်စက်ရာ၌လော။

l သတ္တိရှိမှ အောင်ပွဲရလိမ့်
သုပ္ပမေးစက် ညအိပ်မက်က
ဘယ်တွက်ကိုများ ပစ်မှတ်ထား
ပြောကြားလေသနည်း။

## ၂။ လူကမွေး လူသွေးမပါသူ

၊ ဒို့လူတွေ ဘာဖြစ်
စစ်ကြည့်ကြပါဦး။
ဝေဖန်ပြီ ကြိုက်မသက်
တိုက်ချက်ကထူး။

၊ ဘုန်းကြီးက လူ
လူကဘီလူး အောက်ဘက်ကူးသို့
မကျူးအပ်ရာ ကျူးမိပါသော်
တဏှာဘီလူး စိတ်ဝယ်ပူး
အနှူးခံရမည်။
မာနဘီလူး စိတ်ဝယ်ကူး
အရူးအမူးလုပ်တတ်သည်။
ငါစွဲအားကြူး စိတ်ဘီလူး
ဘက်ကူး ဘက်ပူးနိုင်းတော့သည်။

၊ ထိုသည့်လူသား သူ့အလားကား
အမှားနောက်မှာ တရားပါကြောင့် .... ၊
– ပညာရှိတောင် မာန်ထောင်ထောင်
ကယောင်ကတမ်းချည်း။
– လူ့အသွင်ဆောင် စွယ်ထောင်ထောင်
ရန်စောင် ရန်ဖမ်းချည်း။
– ရှက်ကြောက်မဆောင် မျက်နှာပြောင်
မရှောင်အရမ်းချည်း။

# ၃။ ချို(ကျို)တစ်ထောင်လူသား

l လူသာဆို ချို(ကျို)နဲ့ကားကား
မလိုရာ ကြိုကာဖော့
တွေ့ခတ်မသား။

l ဝေဖန်ခြင်းကား
ရှုတ်ယွင်းလမ်းထား သူ့အမှားကို
စဉ်းစားခွင့်ပေး သူချင့်တွေးရန်
အေးအပြင်အဆင် ယဉ်အသုံးနှုန်း စကားလုံးတွင်
ပိုက်ကြုံးမေတ္တာ မှုပညာဖြင့်
ကြင်နာလက်ကမ်း ပို့ဆက်လှမ်း
ဝမ်းသာဖို့ရာပင်။

l ပုတ်ခတ်ခြင်းကား
တည်ခင်းပေးထား သူ့လက်ပွားကို

BURMESE CLASSIC .com

စော်ကားမာန မုန်းဒေါသဖြင့်

မြေချခြေနင်း ဖျက်ချွေခင်းမို့

ယွင်းမှားတစ်ခု ဆယ်ခုတိုက်ကွက်

ဝိုက်တွက်တွက်ကာ ထိုးနက်လာပြီး

ခင်းမှာသည်လို ငါသည်လို

ချို့(ချို့)ခြင်း ယှဉ်ပြိုင်ခြင်း။

ခင်းသည်လောက်မှာ ငါနောက်ကာ

နွှာချင်း တိုင်းထွာခြင်း။

– ဝေဖန်ခြင်းက သူကိုယ်မျှ

သုခ ရစေတတ်ပါသည်။

– ပုတ်ခတ်ခြင်းက နှစ်ဦးဝ

ဒုက္ခ ရစေတတ်ပါသည်။

– ဝေဖန်သူများ ယင်းနှစ်ပါး

စဉ်းစားကြမှ တော်ပါမည်။

[၁၃၆၂ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊
ဗဋ္ဋိပတ်တောကျောင်း]

BURMESE CLASSIC .com

# ၄။ စမ်းချောင်းထဲ မီးခဲကျ၊ စမ်းကာဘယ်မှာ

၊ သံဃာမိဘ ဆရာလှတို့
နှုတ်ဟစကား ဘယ်မျှများလည်း
သွင်းထားမေတ္တာ သိက္ခာအပြည့် ဓာဝီထိက
တပည့်သားထွေ များဝေနေဘက် အကောင်းစွက်ဖို့
မပျက်မခမ်း စိမ့်တွင်းစမ်းရာ ကဲ့ပမာကြောင့်
– မာနဖြင့်ပြိုင် သူရင်ဆိုင် စိမ့်ကိုင်ခံရမည်။
– ဒေါသဖြင့်ချဉ်း သူထဲဆင်း လောင်သင်းမိလိမ့်မည်။

၊ ပညာစီးပွား ထိုနှစ်ပါးဖြင့်
အားချင်းတူယှဉ် ပြိုင်ပွဲဝင်က
သားလျှင်တပည့် အောက်လက်ရှိက
အားမိအားဆောင်း အံ့လောက်ပေါင်းဖြင့်
နိုင်ကောင်းနိုင်မည် ရှိတတ်သည်လည်း
စိမ့်၍မေတ္တာ စမ်းအရာကျ အားမမျှ
ရှုံးရသည်ချည်းသာ။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊
ဝဠီပတ်တောကျောင်း]

# ၅။ ကာမတာမှ ဓမ္မတာဘက် ကူးမထွက်သော တာကူးပွဲများ

၊ လူ့တာဝန်
သူ့မှာကျွံ နှံ့နစ်စူးရာက
ကူးထွက်ခဲ့ တာကူးခြင်းများ။

၊ တစ်နှစ်ပြည့်
အနှစ်ရှိ လက်မိမပါလျှင်လ
တစ်ခါဝင်တစ်ထွက်
ဆက်ကြပေါ့ မနေမနား။

၊ လူတို့ပိုင်ရာ ဤခန္ဓာတွင်
ကိုယ်မှာကားမိုး ကာလမျိုး၌
သွန်းဖြိုးအုံ့အိုက် ဥတုလိုက်လျက်
ချွေးပြိုက်တစ်ခါ ချမ်းတစ်ခါ
သူ့မှာဝဋ္ဋရား။

၊ မိုးလလွန်မြောက် ဆောင်းသို့ရောက်သော်
လေနောက်မြူဆောင်း ဥတုပြောင်းတိုင်း
လမ်းကြောင်းလိုက်ကာ ချမ်းတုန်စွာ
သူ့မှာမနေနား။

၊ ဆောင်းခေတ်ကုန်ပြီ နွေသို့လည်သော်
နေချီလေချီ အခြေမှီလျက်
ချွေးဆီပြန်ခြင်း ပူလှိုက်ခြင်းဖြင့်
ဆောင်းခင်းမှခွာ နေနှင့်သာ
သူ့မှာကူးပြီးသား။

နတ်တလူစာစဉ်

www.burmeseclassic.com

1 သည့်သို့သာပင်
ခန္ဓာရုပ်ဖြစ် သူ့သနစ်ကား
တစ်နှစ်တစ်နှစ် ဥတုခေတ်၏
ရစ်ပတ်ချည်နှောင် အဆွဲဆောင်တိုင်း
မျှောင်လျက်လိုက်ပါ ကူးလိုက်ပါဖြင့်
– တစ်ခါလည့်ကျိုး ရုပ်တစ်မျိုး
တိုးတိုးတက်တက်ရှိခဲ့သည်။
– ဆယ်နှစ်ဆယ်နှစ် ရုပ်တခေတ်
လှစ်၍လှစ်၍ပြခဲ့သည်။
– သင်္ခါလေးပါး လက်တွင်းကြား
ရုပ်ကား တာဝန်ကျေပါသည်။။

1 စိတ်ခန္ဓာကား
ရာသီမလိုက် ရုပ်မလိုက်ဘဲ
စရိုက်ညဉ်ပါ ဝါသနာအတိုင်း
ညွှတ်ကိုင်းရှေ့ဆန် နောက်တပြန်လှည့်
ကူးမိကူးရာ ကူးပြောင်းပါမို့
– တစ်ခါလာလည်း အလိုကြီး
ပူမီး မစဲတော့ပါတကား။
– မွေးစသေဆုံး ဒေါသဖုံး
လုံးလုံးမပြောင်းလဲပါတကား။
– ဘဝသာကူး မေမေ့မူး
အရူး အရူးပဲပါတကား။

[၁၃၆၃ခုနှစ်၊ နှစ်ဆန်း ၁ ရက်၊ အင်္ဂါနေ့၊ တန်ခူးပြည့်ကျော် ၁၀ ရက်၊ ဝင်္ဂီပတ်တောကျောင်း]

# ၆။ ကြွေးတန်းလန်းနှင့်လမ်းလျှောက်သူ

l စရိုက်သွေး
မိုက်ကြွေးကွဲ့ သူတောင်းခံ
လေလှုံ့ရာသွေးပွက်
တွေးကွက်ကပြောင်းဆန်။

l ငြင်းမရ အကြောင်းကံ
တောင်းပန်လျှင်လည်း အချည်းနှီး။

l တစ်ဖက်တက် အဖျက် လုဝင် ဝင်တော့
တစ်မှုဖျင် နှစ်မှုထပ်လို့ရယ်
အဖြတ်ကပင် ပတ်တီးတီး။

[၁၃၆၃ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ရက်၊ နှစ်ဆန်းတစ်ရက်၊
ဝဠီပတ်တောကျောင်း]

## ၇။ စည်းမလုံ ခွေးတိုး

1 မမေ့သတိ လေ့မရှိက
တွေ့မိတွေ့ရာ စိတ်ဝေ့ပါမို့
သိက္ခာအရှိ လူ့အသိ
တတိ တတိ ပျောက်တော့သည်။

1 သဘောကျရာ လောဘပါ
တဏှာခွစီး စီးသောကြောင့်။

1 ကိုယ့်သဘောကျ သူမမျှ
မာနခွစီး စီးသောကြောင့်။

1 အကြဲတူက စိတ်မောရ
ဒေါသခွစီး စီးသောကြောင့်။

[၁၃၆၃ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

## ၈။ အဆိုးမလိုက် ငါရဲမိုက်

1 လောကပြင်သာ ခွင်အာကာမှ
မြင်ရာကိစ္စ အ၀၀ကို
ကာမဖြစ်က ကာမအလိုက်
ချင့်တိုက်ဖွေလှန် ငါဝေဖန်ခဲ့။
အကယ်တိတိ
အရှိကာမ ထိုပါပကို
စာဂလက်သင် အကွက်ဖျင်လျက်
ပြင်လိုဆင်လို မြင်လိုရာဘက် မွေစက်သို့
ဆက်ပေးသောအခါ ထိုနေရာလည်း
ကာမတစ်ဝက် တစ်ဖက်မွေ
နှစ်ဝါဒပြိုင် ငါလက်ကိုင်ခဲ့။

1 ထိုသို့ကထာ
ဆိုလေရာတိုင်း စာပေပိုင်းတွင်
ရိုင်းစိုင်းမျက်မြင် သတင်းစဉ်လည်း
မြင်မြင်သည့်တိုင်း ကြားကြားတိုင်းလျှင်
မှတ်တမ်းတင်မို့

www.burmeseclassic.com

အသွင်ရိုင်းပျ မြင်မလှ
ကျကောင်းကျပေလိမ့်။

အမြင်သာလှ တွင်းပနှစ်တန်
အကောက်ညာဏ်ဇော့ ကံဝေလေ့တို့
တွေ့မြင်လေရာ ထိုအခါလည်း
ရာဇဝင်သွင်း သတင်းသမား ထိုနှစ်ပါးကား
မမှားမယွင်း မှားယွင်းယွင်းကို
မြင်ကွင်းအတိုင်း ကောက်ချက်ပိုင်းကာ မှတ်တင်ပါသို့
ငါ့မှာအခံ အတွင်းညာဏ်ဖြင့်
အမှန်ကပ်ချဉ်း သူ့တွင်းချဉ်းကို
ရှင်းလင်းဝေဖန် ပယ်ဖျက်ဟန်မို့
ရန်လိုစကား အတိုက်ကြား
လားကောင်းလားပေလိမ့်။

1 ရှေ့ရေးမကြည့် နောက်မကြည့်နှင့်
မှောက်မိမှောက်ရာ မှောက်လျက်ပါသို့
ဆရာမမိ ဟုတ်တိုင်းသိတို့
မိမိသားလှ သမီးလှကို
သည်ကသည်လို ဟိုလိုဟိုကျ ခွဲတမ်းချဖြင့်
အစ၏ဆုံး ခွဲပြမှုန်းသို့။

1 ထွင့်ဘုန်းချစ်သား ငါသည်ကားလည်း
အများနိုကိုး အမျိုးဘာသာ သာသနာ၏
ဘယာအမှောင့် စိတ်သယောင့်ကို
အဖြောင့်တည်ပေး ခါတွက်ရေးမို့
သေးသိမ်ဖျင်းနုပ် စကားယုတ်
ပုပ်ကောင်း ပုပ်ပေလိမ့်။

နတ်တလူစာစဉ်

1 ရှိင်းပျစကား ရန်စကားနှင့်
စကားယုတ်ပတ် ထိုလုပ်ရပ်ကြောင့်
ပုတ်ခတ်စော်ကား အမုန်းထား
ငါကားခံမည်သာ။

1 မဟာဗောဓိ မြိုင်ဗောဓိနှင့်
ဝါသီဝန မည်နာမများ ဘေးဖယ်ရှားလည်း
ငါကားမလှုပ် ပြန်မကုတ်
ငုတ်တုပ်ခံမည်သာ။

1 ထိုသည့်ငါကား
တကာသူကြိုက် ရောမလိုက်ဘဲ
အတိုက်ဖြင့်ခိုက် လှန်ငုတ်စိုက်
လူမိုက်ကြီးကား ဖြစ်နေပြီ။

1 သို့တစေလည်း
ဝေနေသောင်းပြောင်း လွဲမှားစောင်းတို့
မကောင်းလမ်းကူး များလူတို့ကိုး ယုတ်မာန်နှိုးသည့်
လူဆိုးကြီးကား မဟုတ်ပါ။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊
ဝင်္ဂပတ်တောကျောင်း]

## ၉။ အလိုပါ အလာစောင့်

1 အကြိုက်မြှောက်
နိုက်သလောက် လိုက်စား။

1 ပိုးဖလံ မီးကိုဝါး
မီးနားမှနား။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊ ဝင်္ဂပတ်တောကျောင်း]

www.burmeseclassic.com

## ၁၀။ မျက်ကွယ်မလှုံ့ မပြုံ့ဘုရား တို့အားထား

1 တို့ဘုရားကား
ဆယ်ပါးကိလေ ဆယ်တွေသံယောဇဉ်
ဆယ်ခွင်ဒုစရိုက် အဆိုးမိုက်ကို
တိုက်နိုက်ဖယ်ခွာ သုတ်သင်ရာ၌
ပါရမီဆယ်ပါး ဉာဏ်ဓားဆယ်လက်
ဆယ်ကွက်ပုည ကိရိယဖြင့်
မီးမှုသည်ရေ ပြောင်းလဲစေခဲ့။

1 ပွင့်လေသောအခါ ဓမ္မတာလည်း
ဝေသာဆယ်ဝ ဗလဆယ်ပါး
တရားဆယ်တွေ ပွားသန္ဓေဖြင့်
ဝေနေမြောက်မြား ရင်သွေးသားကို
မခြားကိုယ်တော် ကိုယ်ပွားဖော်ကြောင့်
ပေါ်ထွက်ကြိုင်လှိုင် ယနုတိုင်ပင်
ကိုယ်တိုင်ကျင့်ကြံ ဗောဓိစံဆဲ။

1 ကံဆိုင်သုံးဝ သုံးခွင့်ရသည့်
ကာယဝစီ မနောချီသော လှူပြည့်မှုချဉ်း
လှူမင်းမှုဖြစ် ထိုသနစ်ကြောင့်
အောက်ထစ်အခံ အပါယ်ခံမှ
ထက်ယံနတ်ပြဟ္မာ အလည်မှာလူ
မည်သူမဆို သူ့ကြည်ညိုက
မှီခိုခွင့်ရ ကျင့်ခွင့်ရခဲ့။

နတ်တလူစာစဉ်

1 နောက်တစ်ချက်မှာ အနာဝရဏ
သဗ္ဗ အညု ဉာဏ်စက္ခုဖြင့်
ရှုကြည့်တပ်အပ် မြတ်ဝိပဿနာကြောင့်
ဖြတ်တောက် နုသယ ပြတ်ကျပရိယုဋ္ဌာန်
ပြုတ်ထွက်ဝီတိက္ကမ လုံးတိတ်ဆိတ်သည့်
ဖြတ်ရိပ်သောနည်း ပယ်လှီးသောဟန်
တော်လှန်ဉာဏ်များ ဖြန့်ဝေထား
အများပိုင်စေခဲ့။

1 သို့ကြောင့်သာပင်
ငါတို့ဘုရား ပြည်စံသွားလည်း
သားလျှင်ကိုယ်ပွား သမီးပွားဖြင့်
အားထားကြည်ညို လက်ဆက်နိုရန်
ကိုယ်စားကျန်သည် ...
– မံသစက္ခု ဖွင့်ဖော်ရှု
ယခုတိုင်အောင် ပွင့်နေဆဲ။
– ဉာဏ်ဝင်စက္ခု ချင့်မျှော်ရှု
ယခုတိုင်အောင် ပွင့်နေဆဲ။
– ဗောဓိဉာဏ်ဆု ကိုယ်တိုင်ပြု
ယခုတိုင်အောင် ပွင့်နိုင်ဆဲ။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊
ဝဠုပတ်တောကျောင်း]

www.burmeseclassic.com

# ၁၁။ အကြိုက်မိ အထိနာ

1 အကြိုက်ကလော့်
တော်လို့မှမဖြစ်ဘဲ။
ပိုးဖလံ ခရီးလမ်း
မီးကျွမ်းမှစဲ။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်၊
ပဋ္ဌိပတ်တောကျောင်း]

# ၁၂။ နတ်ပြိတ္တာနှင့်တူသော လူသားများ

1 ကာမရဲ့ဘုံရွာ
ဝါန စုံတကာမို့
ကြုံရာရာ ဆုံစပ်လျက်
နတ်သက်မခြား။

1 လွှာပြီးရင်းလွှာ
ဆာပြီးရင်းဆာသည်ကြောင့်
တဏှာရည်စိတ်မှာစွက်
ပြိတ္တာသက်နှင့်လူသား။

## ၁၃။ သပ္ပုရိသ မူဝါဒ ဒါနလက်ကိုင်မှာ

၁။ ဗုဒ္ဓ ဓမ္မ သံဃဂုဏ်ရည် အယုံတည်သော
ကြည်မြစိတ်ထား ဆန္ဒများဖြင့်
လှူပြားစာဂ ထိုဒါနက
ဖလအကျိုး ပွားစီးတိုးသော်
ကောင်းမျိုးကာမ လိုရာရ
ဒါနသူ့လက်စွမ်း။
ရုပ်ရည်ရောင်ဝါ လှပလှာ
သဒ္ဓါသူ့လက်စွမ်း။

၂။ သဒ္ဓါဒါန ထိုနှစ်ဝထက်
သက္ကစ္စနို မာန်မသိဘဲ
ရိုသေတုပ်ကွ လှူဒါန်းကြသော်
ဒါနကပေး အစွင့်အရေး
သူ့ဌေးအာဏာရှင်။
သက္ကစ္စကံ အရိုသေခံ
ခြွေရံဦးညွတ်ဝင်။

၃။ သဒ္ဓါဒါန သက္ကစ္စဝင်
ထိုသုံးခွင်ထက် ချိန်ခါစွက်၍
သူ့ဘက်လိုချိန် သူ့အိမ်လိုကွက် ချင့်ဖြည့်စွက်က
သက်ရှုယ်မညောင်း အချိန်ကောင်း
အကောင်းသုံးဆောင်ရ။
ဒါနသဒ္ဓါ ရုပ်ကြည်သာ
ဥစ္စာကုံပြည့်ဝ။

၄။ သဒ္ဓါဒါန သက္ကစ္စနှင့်
ကာလချိန်စက် အလှူထက်မှာ

BURMESE CLASSIC .com

အနဂ္ဃဟိတ မူပါချလျက်
ဒါနလက်ထိ လှူရန်ရှိ၍
မငြိမကပ် စိတ်ထားပြတ်သော်
အမြတ်ဥစ္စာ လက်ရောက်လာ ကင်းကွာနမြောခင်း။
ရတိုင်းလည်းသုံး သုံးတိုင်းလည်းရ လာဘ်ရွှင်လှ
ဆန္ဒပြည့်ဝခြင်း။

၅။ သဒ္ဓါဒါန သက္ကစ္စနှင့်
ကာလနဂ္ဃဟိ လေးချက်ပြည့်စုံ ထိုကောင်းမှု၌
အနုပဟစ္စ နောက်တိုးပြကာ
ဒါနပြုသား သူတစ်ပါး၌
ထိပါးပုတ်ခတ် ထိုလုပ်ရပ်ကို
ပါးစပ်စိတ်ပေါက် ကိုယ်လက်မြောက်မှ
ဖြတ်တောက်ချထား ပေးစွန့်ငြားသော်
ငါးပါးရန်ပြု ကင်းရှင်းဆု
အနုရယူခြင်း။
ကောင်းလမ်းခရီး ကောင်းခန်းချည်း
မငြီးစံပါမင်း။
ဒါနခန်းဝင် ကောင်းမှုရှင်တို့
ငါးခွင်မူရ ဤဝါဒဖြင့်
ကျနသေချာ ပြုကျင့်ပါမူ
စင်ဖြူဘဝ ဆက်တိုက်ရပြီး
ဒါနခြေတည် ပါရမီဆယ်မျိုး လုပ်ခွင့်တိုးကာ
အရိုးလည်းစား အသားလည်းသုံး ဘက်စုံမှုန်းဖြင့်
ကျင့်ထုံးမကွာ ပြုခွင့်သာကြောင့်
ဒါနပြုရာ ဤငါးဖြာ
ထားပါ ပွားပါကုန်။ ။

နတ်တလူစာစဉ်

# ၁၄။ နေခြည်အောက်က နေပျောက် တစ်နေဝင် တစ်ခါပျောက်

1 ခန္ဓာငါးတွဲ ဓာတ်တိုက်ဆွဲ
အမြဲတည်မရ။
မမြဲခြင်းကို ပြင်ချက်လျှို
နုပျိုအိုဘေးခ။
အိုခြင်းများစွာ စုမိရာ
ခန္ဓာမရထာ။
ခန္ဓာငါးတွဲ ဓာတ်လွှတ်ပွဲကား
အိုခြင်းပေါင်းမှ
သေကြောင်းလမ်းဝ ထိုးအကျ
ပစ်ချမြေသို့သာ။

www.burmeseclassic.com
BURMESE CLASSIC .com

## ၁၅။ ကာမ ရင်ပြင်ရှိ စင်တင်ပွဲများ

၊ ကြိုက်စွဲရဲ့ရင်ပြင်
လိုက်ပွဲအဆင်အပြင်တွေနဲ့
စင်တင်ကာ ကရသည့်ပွဲ။
ပွဲဟောင်းကအပြန်မှာ
ပွဲသစ် စရုံပါတော့
မပြန်သာ သည်အတွဲ
စွဲပြီးရင်းနှဲ။

၊ စေတနာတူ ဝတ္ထုတူဖြင့်
အလှူတစ်ခု ဖက်စပ်ပြုက
လှူဘဝတုံ့ သူချင်းဆုံစဉ်
ခုံမင်သဘော သွေးချင်းပြောလိမ့်။
သွေးတွင်းသဘော သွေးချင်းပြောမှ
မနောသွေးဆက် အတွေးဘက်များ
တေးကွက် နွေးကွက် အတွေးဖက်သော်
– သေးထွက်မရ ပွဲခင်းက
ကပြ မိုးအလင်း။
– ကပြရင်းမှာ စိတ်ထန်လှာ
သန်ရာချဲ့ထွင်ခြင်း။
– ဘဝဘဝါ ပွဲဆက်ပါ
ဘယ်ခါမိုးမလင်း။

## ၁၆။ ဝင့်နှာကာံနှာ စိတ်ဒဏ်ရာ

1 ကြိုက်သွေးကသွန်
မိုက်သွေး အမှန်အထွန်မို့
အလွန်အကျွံ သူ့ပိုင်နက်
ထိုင်လျက်မိသား။

1 မိုက်သွေးရဲ့အပြယ်
ကြိုက်ကြွေးဖယ်မဟယ်လို့
ခြေအရှယ် လက်အရှပ်
နှုတ်မရ သူ့လက်ချက်ဓါး။

## ၁၇။ မြွေအထက် မှောက်လျက်လဲခြင်း

1 အသက်ရယ်တဲ့ ရွှေသခင်
ကြွက်သူငယ် အမေထင်လို့
မြွေဘုရင် ရှေ့ရင်ကြား
တိုးဝင်လို့သွား။

1 စားကာံဖြင့်ကြုံပြီ
အားမာန်ဝင့် အဟုန်ချီလို့
ထုံဝသီ မက်ယောင်ဆိုက်
ကြွက်အကောင်လိုက်ဝါး။

www.burmeseclassic.com

# ၁၈။ မှောင်ခိုချိန်း

1 သည်မှာဟဲ့ မကြေညာ
သည်နေရာအခါမှဲ့
မလာခဲ့စေချင်လို့။

1 အခါမှဲ့
လာခဲ့ပါလျှင်လ
ဘာမမြင်ထင်ရာဆွဲ
လွဲကြမှာမို့။

# ၁၉။ လောကီထုပ္ပတ် လူတို့ဇာတ်

l အာရုံအတိုက်
အငှားလိုက်စား ထိုလူသား၏
ကားလိပ်အမ မွေးကင်းစကား
ငိုပြတတ်ခါ ရှိသေးရာမို့
အော်ပရာပြခန်း သူ့ဇာတ်လမ်း
မှတ်တမ်းတင်ကြရန်။

l တစ်ဆယ်ကျော်ပြီ
အရွယ်တော်လူ သွေးဆူသားတိုး ဘဝမျိုးကား
ပုန်းရိုရည်းစား မီးကစားကြ မီးပွားကြမို့
ပြဇာတ်အခန်း သူ့ဇာတ်လမ်း
မှတ်တမ်းတင်ကြရန်။

l နယ်ကျွံသွားပြီ
သွေးသားကလိုက် စရိုက်ကပင်း
ဉာဉ်ကမျင်းကြောင့်
သူ့ခင်းသူ့ရာ သူ့ဥစ္စာ၌
ကိုယ်ပါစိတ်ဆင်း စွတ်မှားယွင်းကာ
သင်းငါ့မယား သင်းကားငါ့လင် အခန်းဝင်ကာ
စင်တင်ဝင့်ကြွား နှစ်ပါးသွား
မှတ်သားထားကြရန်။

နတ်တလူစာစဉ်

www.burmeseclassic.com

1 အရွယ်ကုန်ပြီ
သွေးမြို့သားကွယ် အားမာန်ပြယ်သည့်
ခြောက်ဆယ်ကျော်ရိပ် ခွန်ရှစ်ချိတ်၏
ကားလိပ်ချရိုန် မီးမှိတ်ချိန်ကား
ဣန္ဒြေပြယ်လွင့် ရွယ်ကစင့်များ
ကျင့်တိုင်းမလိုက် တိုက်တိုင်းမကြို
သွေးမစိုကြောင့်
ငိုချင်းချခန်း သူ့စာတ်လမ်း
မှတ်တမ်းတင်ရုံသာ။

[၁၃၆၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်၊
ဝဋ္ဋိပတ်တောကျောင်း]

# ၂၀။ လူဆိုသည်မှာ

l လူဆိုသည်မှာ
ငိုတစ်ခါ ရယ်တစ်လှည့်
အချီအဖွဲ့ လွှတ်ရသည်သာ။

l အကြိုက်က ပလီတာ
ရယ်စရာမှ မဟုတ်ပဲ။

l အကြိုက်ကွဲဖြို့လေရာ
ငိုစရာမှမဟုတ်ပဲ။

l လူ့အရှိ
လူ့အသိ သမ္မာခြေနဲ့
အမှန်တွင် ဉာဏ်ဝင်လို့ကြည့်မိလျှင်
အထိကလည်းအထိ အသိကလည်းအသိ
အရှိကလည်း အရှိပေမို့
မိသမျှလိုက်ပွဲ
ကြိုက်မကြိုက်ကဖြင့် စဲ။

www.burmeseclassic.com

## ၂၁။ လူ့အခွင့်အရေး

l ဘဝရွှေစစ် လူ့အဖြစ်ကား
မြစ်ဖြစ်လျှင်ဖောင် တောင်ဆိုလျှင်ဆင်
မြေပြင်ရထား ကားအလားသို့
ညဏ်စားလက်နက် ဈာန်ပွားကွက်ဖြင့်
ပယ်ဖျက်ခုတ်ဖျင် အစွဲနှင်ကာ
မဂ္ဂင်ဖောင်စက် နိဗ္ဗာန်ဘက်
ထွက်လျှင်ရသည်ချည်း။

l လမ်းဆုံးရွာပျက် နိဗ္ဗာန်ဘက်ထိ
မဆက်ချင်နေ ရှိပစေဦး။

ငါးထွေကာမ ညစ်စာဂကို
ငါးဝရာနှင် ကသိုဏ်းဝင်ကာ
ဆင်ဖြူတော်စီး ဗြဟ္မာ့ထီး
တည်းလျှင်ရသည်ချည်း။

l ဗလာဖိုမ ဈာန်လောက်မျှမို့
မရချင်ပေါင် ရှောင်ချင်ရှောင်ဦး။

ကံဆောင်သမ္ဘာ ခေါင်မဟာကြောင့်
မရှာဘဲပေါ် မခေါ်ဘဲရောက် အလိုလိုပေါက်ဖြင့်
တစ်ယောက်နတ်ထီး ဘုန်းနေမီးက
ခနီးအလဲလဲ စီးချင်းတွဲကာ
ပျော်ပွဲကစား နတ်ရထား
ပွားလျှင်ရသည်ချည်း။

1 အငွေ့ချင်းမျှ နတ်ကာမမို့
အားမကျမိ ရှိချင်ရှိဦး။

ထိကျဘုတ်ခင်း ကိုယ်ချင်းရင်းရာ
မင်းယဉ်သူမွေး သခင်သွေး၏
ငွေကြေးအာထာ ဘုန်းရှိန်ဝါဖြင့်
သည်နွှာပြီးဟို ဟိုကွာသော်နောက်
ဆယ်ရာပေါက်မျှ ယောက်ကြအတွဲ
စီးချင်းခွဲကာ ပြေးဆွဲပန်ချူ ကားစီးလူ
ယူလျှင်ရသည်ချည်း။

1 အထူးဆုရ အိုလူလှတို့
သည်မျှခွင့်ရေး လူကပေးလျက်
လူ့ရေးဥစ္စာ မလုပ်ပါဘဲ
ငယ်ခါလည်းမေ့ ကြီးလည်းမေ့ကြောင့်
အမေ့ကြီးရင့် အမက်ဆင့်သော်
သင့်လက်ရများ အလကား
ပစ်ထားခဲ့ရပါတော့မည်။

1 နေ့မှာလည်းတွေ့ ညလည်းတွေ့ကြောင့်
အတွေ့ကြာမြင့် တဏှာဆင့်သော်
သင့်လက်ရများ ပျောက်ကွယ်ခြား
အလကား ပြန်ရပါတော့မည်။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊
ဝဋ္ဋိပတ်တောကျောင်း]

BURMESE CLASSIC .com

## ၂၂။ လိုတရ မဟာလူသား

၊ လူတို့ရဲ့ခန္ဓာမှာ
ကံရာစာတတ်သက်
စပ်ဆက်လို့ထား။
စေလိုရာစေ
ရွှေဆိုရွှေ ငွေဆိုငွေမို့
တစ်ပြေစံမလီမံ့စာတတ်
မိန့်မှတ်နိုင်သား။

၊ လူရုပ်သည်ကား
လုပ်သလိုရ ခွင်တိုင်းကျ၏။

၊ ထဟဲ့၊ ထိုင်ဟဲ့၊ ကိုင်ဟဲ့၊ မြှောက်ဟဲ့
မှောက်ဟဲ့ပက်လက် လက်ပျက်ခြေခွေ
အထွေထွေနှင့်
ကောဇေကုန်းစေ ပြုံးရယ်စေ
စေသလိုပင် ရပါသည်။

၊ လူနာမ်သည်လည်း
ကြံလိုရာကြံ အဖြေမှန်၏
လူ့ထံရောက်ကြောင်း
ကံကောင်းဖွေရှာ ကောင်းမှုမှာတွင်
တဏှာမဝင် စောကြည်လင်က
စိတ်စဉ်ဖြူဖွေး သန့်စင်ရေး
လုပ်ပေးနေသောကြောင့်။

နတ်တလူစာစဉ်

1 ဖြစ်ပျက်ဆင်ခြင် ဉာဏ်အမြင်က
ဤလျှင်ကောင်းကျိုး ဤဆိုးကျိုးနှင့်
တိုးဝင်အောက်ခံ ကြောင်းကျိုးဆန်
အဖြေမှန်ပြသ နေသောကြောင့်။

1 ကိုယ့်စိတ်တိုင်းကျ ပြုခွင့်ရက
ခနရွေ့ရုံ ဇစ်မြစ်မှန်ကို
ကံ၊ ဉာဏ်၊ ဝီရိယ သုံးရုံ့မျှဖြင့်
မလာပဲပြီး မဆီးပဲကြို သူ့နဂို
အလိုလို ရစေ နိုင်သောကြောင့်။

1 လူဖြစ်ကြောင်းများ ထိုသုံးပါးကြောင့်
ခံစားမှတ်သား ကြောင့်ကြထားလျက်
ခွဲခြားဂုဏ်အင် ဓာသက်ဝင်တိုင်း
ရှင်စေတည်စေ ချီစေချစေ အထွေထွေနှင့်
သည်နေရာဝင် သည်လျှင်ဖယ်ရှား သည်တွင်နား
ထားသလိုပင်ရပါသည်။

1 လူတွင်အရှိ
ထိုသည့်ရုပ်နာမ် အရင်းခံဖြင့်
နတ်ထံအရောက် ကံလမ်းဖောက်
မရောက်မရှိပါ။
ဗြဟ္မာထံလောက် ဈာန်လမ်းဖောက်
မရောက်မရှိပါ။
နိဗ္ဗာန်မျက်မှောက် ဉာဏ်လမ်းဖောက်
မရောက်မရှိပါ။

1 သည်အခွင့်အရေး လူကပေး
လူသွေးပါလျှင် ရစေမည်။

နတ်တလူစာစဉ်

BURMESE CLASSIC .com

ထက်နေကမ္ဘာ နတ်ပြဟ္မာများ ညာထိကင်းပါးလည်း
ကိုယ်ကားဇလာ ဘုတ်မပါကြောင့်
သည်မှာစွင့်ရေး မရသေး။

l အောက်မှာယျော်မွေ့
ခြသေ့်ပြောင်ဆင် ဟိုင်းဘုရင်များ
ကိုယ်တွင်အင်အား ဖွံ့ဖွံ့ထွားလည်း
ညာထိကားဖိတ်ပြန် အဟိတ်ခံကြောင့်
မျိုးမှန်စွင့်ရေး မရဝေး။

l အလည်ဌာန
သုခ၊ ဒုက္ခ မျှဝေအတူ စံထွက်ပြုသည့်
လူတစ်ဦးသာ စေလိုရာစေ ကံသန္တေကြောင့်
ကိုယ်နေထင်ရှား စိတ်မြင့်မားကာ
ဘုရားကစ သာဝကထိ
သူ့အရှိမျိုး အသိမျိုးများ
ကြိုးစားတိုင်းရ တိုးတိုင်းကျ၏။
သည်မျှစွင့်ရေး လူကပေးလျက်
လူ့ရေးလူ့ရာ မလုပ်ပါပဲ
ငယ်ခါလည်းမေ့ ကြီးခါမေ့သော်
အမေ့နောက်မှာ အမက်ပါ
လက်ခါပြန်ပေဦး။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ဝဋိဝတ်တောကျောင်း]

## ၂၃။ ရာသီပေါ်လူသား

ı လူ့တစ်ဘ၀ ကံမီးပြစဉ်
ကာလသုံးသွယ် အရွယ်သုံးပါး ပိုင်းဆက်ခြား
ရှုစားသင့်ပါသည်။

ı မွေးကင်းစမှာ ကာလသားမီး
ခေတ်ဖန်တီးကွက် စမ်းသပ်ချက်များ
လက်ကိုင်ထားရာ ချိန်အခါ
သူ့မှာတက်ခေတ်ပိုင်း။

ı ကာလအမှောင် ကာမမှောင်ကြောင့်
တဲနှောင်ချင်းချင်း အိမ်ထောင်တွင်းကျ
အပြစ်ရရာ ချိန်အခါ
သူ့မှာအတည်ပိုင်း။

ı အိမ်ထောင်အတွင်း ဒဏ်ထမ်းရင်းပင်
ချင်းချင်းနှိပ်စက် ဘေးနှိပ်စက်ကြောင့်
စိတ်မသက်သာ လူမှာအိုမင်း ရုပ်ပျက်ယွင်းကာ
မတင်းဝံ့ရာ အချိန်ခါ
သူ့မှာအကျပိုင်း။

ı အတက်အပျက်
နားသက်အတည် ထိုသုံးလီကား
ရာသီမိုး ဆောင်း နွေသရောင်းသို့
နောက်ကြောင်းကံစိတ် ရောင်ပြန်ချိတ်ဆဲ

www.burmeseclassic.com

မိရိပ်ဖရိပ် ပစ္စည်းရိပ်နှင့်
ဂုဏ်ဟိတ်ဆွေမျိုး ထိပ်မှာမိုးဆဲ ရှိန်ထူထဲကြောင့်
ကင်းစဲအပူ တက်ခေတ်လူ
သူ့ရိန်မပြုရှုရဲ။

1 အရွယ်ကနုပျို
သူ့နဂို စိတ်ဖွေး
ကိလေရှိန်ခိုးမထွက်
မိုးထက်ပင်အေး။

1 တစ်ဆယ်ကျော်ပြီ ငါးပတ်လည်တော့
ခြင်ဆီ ဦးနှောက် ဖြိုးဖြိုးမောက်ကာ
ထောက်ပင့်သွေးသား စိတ်ကစားကြောင့်
ကွယ်ခြားကံကြွင်း အရှိန်ကင်း၏
မိ,ရင်းလက်ပျောက် ဖ,လက်ပျောက်၏
မထောက်ဆွေညာ စွန့်ခွာပစ္စည်း ကိုယ်လုံးချည်းဖြင့်
စွဲကြီးစွဲရာ သူ့နောက်မှာသို့
ခြေရာသွင်းထပ် လူချင်းကပ်
အပ်ပေါ့ လက်လက်ချင်း။

1 ကံဆက်အသစ် စိတ်အသစ်နှင့်
မိတ်သစ်ရစ်သိုင်း ရွယ်လတ်ပိုင်းလည်း
စိတ်တိုင်းကျပျော် ပွဲတိုင်းကျော်ဆဲ
နှစ်ဖော်ရွှေလက် ယှက်မြဲယှက်ဆဲ
နှစ်ဖက်မိဘ မ,မြဲ မ,ဆဲ
သွေးလှသားလှ အစွမ်းပြဆဲ နှင်းထူးကဲကြောင့်
ကင်းစဲအပူ အတည်လူ
သူ့ရိန်မပြုရှုရဲ။

BURMESE CLASSIC .com

၊ အသက်ချင်းရဲ့နှင်းအရိပ်
လင်းထိန်ထိန် ကံထောက်
လောကစံပူမဆင်း
မြူနှင်းကိုကြောက်။

၊ ခြောက်ဆယ်နယ်ကျွံ အရွယ်လွန်တော့
ခွန်အားကန်းဆိတ် ညဏ်မှိန်မှိတ်
ကံရိပ်ပျောက်ချေပြီ။
မိုးနေဦးထိပ် မိဘရိပ်
ကင်းဆိတ်ခဲ့ရပြီ။

၊ အသက်နှင်းလို့ လက်ချင်းလျှိုများ
အရျို့လည်းအို
အရျို့ဆိုသေ တွဲလက်ဖြေ
နှင်းဝေကင်းစဲပြီ။
သွေးဖြင့်ရင်းနီး ရှမငြီးသည့်
သမီးနှင့်သား အရိပ်ပွားလည်း
မယားလင်နေ ကံသစ်ချွေကာ
တစ်ပြေ(ပြည့်)တစ်ယောက် လမ်းသစ်ဖောက်
ကံထောက်လက်လွတ်ပြီ။

၊ မလွတ်လက်သုံး
အထွေးဆုံးဖြစ် သမီးချစ်ကျ
သူနှစ်သက်ညား သူ့လင်သားနှင့်
စုလျားရစ်ပတ် လက်ချင်းထပ်ကာ
နှင်းအပ်လယ်ယာ အိမ်ဂေဟာပြင်
ဖွေရှာသိမ်း ရှိပစ္စည်းများ အတွင်းထားပါ
ဖာသွန်အိတ်ဖျက် သမက်လက်
ဝကွက်အပ်ရပြီ။

နတ်တလူစာစဉ်

၊ ကံပြတ်စန်းပြတ် စုတ်လည်းပြတ်သည့်
နှောင်းလတ်ရွယ်ဟိုင်း အကျပိုင်းကား
ထင်တိုင်းမပေါက် ပေါက်တိုင်းမရှင် စိတ်မလွင်ကြောင့်
ကင်းစင်မိုးမြူ နှင်းမကူ
နေပူပြင်းပြင်းထဲ။

၊ အိုမင်းငှင် လက်တွင်းကျ
သက်ပြင်းချ အပူသယ်
ဆွေကပြို မျိုးမရိုတ်
မိုးရိပ်ကပြယ်။
ကိုယ်ကိုတော့ ဇာတ်ကနယ်
စိတ်ကိုဟယ် ကိလေညှင်း
ပူလိုက်လေ နေဆယ်စင်း မသေမချင်း
(အိုဟယ်) ခံပေရော့ သူ့လက်တွင်း
ငုတ်တုတ်လည်စင်း။

၊ ဘဝရှေ့စက် လူ့တစ်သက်တွင်
အတက်အကျ ကြားကာလဟု
ကာလသုံးသွယ် အရွယ်သုံးပါး သူ့အလားကား
မိုးသားတိမ်ရိုး နှင်းရိုးဝေမှောင် နွေခေါင်ခေါင်မို့
ဆောင်နိုင်တုန်းခဲ ဆွဲနိုင်တုန်းဖော်
နွေကျမှ မိုးမျှော်မနေနှင့်။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊
ဝဋ္ဋိပတ်တောကျောင်း]

## ၂၄။ ရှေ့သွားနောက်လိုက်ညီသော သူတို့အတွဲ

1 လူတို့ဘ၀ ရောက်ကာလ၏
ပထမရွယ် တက်ခေတ်နယ်ကား
နုနယ်ကိုယ်စိတ် ရွှန်းရွှန်းဖိတ်ကြောင့်
တိတ်တိတ်ပုန်းရွဲ့ ရည်းစားတွဲနှယ်
စိတ်ကဲသမျှ ကိုယ်ထကြွပြီး
ကိုယ်ကသွေးဆူ စိတ်လည်းကူဖြင့်
ပြိုင်တူနှစ်ဦး ပြုံးပျော်မြူး
နှုးစရာပင် မလိုပါ။

1 ဒုတိယရွယ် ပြေ(ပြည်)တည်နယ်ကား
ငြိတွယ်ကိုယ်စိတ် မုန်ယိုစိတ်ကြောင့်
ဘိသိက်မင်္ဂလာ ကြင်ရာနှောင်တဲ လက်ချင်းတွဲကာ
လင်သွားရာ၌ မယားလိုက်သို့

နတ်တလူစာစဉ်

BURMESE CLASSIC .com

စိတ်ကြိုက်တွေ့လျှင် ကိုယ်ပစ်ဝင်ဖြင့်
စိတ်လျှင်ရှေ့ဆောင် ကိုယ်နောက်ယောင်
မှောင်တကာတွင်း ဆင်းကြပြီ။

၂ တတိယရှုယ် ကျခေတ်နယ်ကား
အားပြယ်ကိုယ်စိတ် အလုပ်ဝိတ်ကြောင့်
သွေးဆိတ်လေကပ် အခြေပြတ်သည့်
မီးယပ်ကျိုးမ ဘုန်းဘုန်းကျကို
လင်ကတစ်ဖန် ပြုစုပြန်သို့
ဒဏ်သင့်မီးနာ ကိုယ်ခန္ဓာကြီး
ရောဂထောင်း ဥတုထောင်းကြောင့်
ပြောင်းလုတဲတဲ ပြိုလုတဲကို
မလဲရအောင် စိတ်နောက်ယောင်ဖြင့်
အမှောင်ကျချိန် မီးမှိတ်ချိန်
အိမ်သစ်ပြောင်းဖို့ မျှော်ရပြီ။

## ၂၅။ လနှင့်တူစွာ သာသနာ

l ညစ်ကြေးရဲ့မထင်
အေးကြည်လင် လမင်း။

l ကမ္ဘာကို အလင်းရောင်သွင်း
ပေးခဲ့လမ်းခင်း။

l ညချိန်သာစွ ထိုသည့်လကား
ကွယ်ပတစ်ခါ လင်းတစ်ခါပင်။

l လင်းရာမှာပင်
စခါညဦး ဆုပ်ကူးညနှောင်း
အလည်ကြောင်းကျ ပြည့်ပြည့်ဝ
ရွှန်းမြသူ့အဆင်း။

l ထွန်းတောက်ကမ္ဘာ သာသနာလည်း
ပမာလနှယ် မကွယ်ချိန်ရှိ ကွယ်ချိန်ရှိ၏

နတ်တလူစာစဉ်

www.burmeseclassic.com

လင်းရှိန်ရောင်ဝါ ပျံ့နှံ့ရာလည်း
စခါအဦး ကာလထူးဝယ်
ဆည်းပူးတာရှည် ပါရမီတို့
ပြည့်မီဖွံ့ထား ရင့်မများသာ ပွင့်ပေါ်ရာ၏။

၊ ဘုရားကွယ်ပြီ နှောင်းခေတ်ဆီကျ
ပြည်တည်အလား ဖြည့်စများနှင့်
နောက်ဖျားသာသနာ
ထိန်းဖို့ရာလောက် အလင်းရောက်
ပြိုးပျောက်ပြိုးပျောက်သာ။

၊ ဘုရားလည်းရှိ
တည်မိသာသနာ ပြည့်ချိန်မှာကား...
– သမ္မာမရင့် သမ္မာရင့်ဟု
အဆင့်နှစ်ပါး ခြားနားမရှိ အားလုံးပြည့်ပင်။
– ပွင့်လှည့်မကြွ ပွင့်လှည့်ကြွဟု
အပုံခြားနား စည်းတားမရှိ အားလုံးပြည့်ပင်။
– ပိတုန်းနှင့်ပျား ပန်းရုံကြားဝယ်
သွားလာရုန်းရုန်း စုပ်ယူသုံးသို့...။

၊ အားလုံးများစွာ သူတကာပင်
သိက္ခာသာရှိ သတိသာမြဲ အသိစွဲစေ... ။

၊ ဝေနေအကြိုက် လိုက်ဖက်တရား
သိထားအားလုံး ဉာဏ်မျက်လုံးရှင် ဘုရားမြင်က
မြင်ရာသို့ညွှတ် ဘုရားချွတ်ရာ
ကျွတ်ခဲ့သရွေ့ ပကတေ့ကား
နေ့ပြည့် လပြည့် များလွန်းဘိ၏။

နတ်တလူစာစဉ်

1 နွယ်သာကီယ များလူလုတို့
လနှင့်တူစွာ သာသနာကား
ကွယ်မှာမုချ ကေနွှမို့
မပမျှင်မျှင် မကွယ်ခင်လေး...။
– မမြင်သော်ရှိ မြင်သော်ရှိ
ကြည့်ခွင့်ရတုန်း ကုန်းကြဲ့ကြည့်ထား။
– မပွင့်သော်ရှိ ပွင့်သော်ရှိ
ဖြည့်ခွင့်ရတုန်း ကုန်းကြဲ့ဖြည့်ထား။
– မမိသော်ရှိ မိသော်ရှိ
ထိခွင့်ရတုန်း ကုန်းကြဲ့ထိထား။

[၁၃၆၃ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊
ဝဋ္ဋိပတ်တောစခန်း]

www.burmeseclassic.com

# ၂၆။ နေသို့ပမာ ကိလေသာ

l ပုရှိန်ရဲ့ထန်ထန် လင်းအားသန်ပုံက
ဖလ်ကဲ့သို့ပြင်း... ။

l ကမ္ဘာရဲ့တစ်ခွင် သာခဲ့အလျှဉ်ကွဲ့
မဝင်လာရာ ဘယ်မရှိ
ထိရှချက်ချင်း။

l နေ့မှာပူပြင်း ထိုနေမင်းကား
မလင်းမရှိ နေ့ရက်ပြည့်ပင်။

l သူမလာခင် သူ့ရှေ့တွင်လည်း
ရောင်စဉ်လမ်းပြ ခြေလှမ်းစခဲ့... ။

l သူ၏နောက်ဖျား သူဝင်သွားလည်း
ရောင်စားလက်ကျန် အမွေချန်ခဲ့။

l ရောင်ပြင်းလွှတ်ရာ နေစကြာကား
နခါကာလ ထွက်ပြုစနှင့်
ဝင်ရနောက်ကျွန်း သေဘက်ယွန်းချိန်
မရှုန်းမပြင်း အနိကျင်းပြီး

နတ်တလူစာစဉ်

www.burmeseclassic.com

နီးခြင်း ရင့်ခြင်း ကမ္ဘာချဉ်းရာ နေ့ခင်းမှာကား
ဖလ်ဝါသို့ပြင်း အလင်းပြင်ကျယ် နေပင်လယ်
ကွယ်သည်မရှိချေ။

l သည့်နေပမာ ကိလေသာလည်း
ဘဝါဘဝ ရောက်တိုင်းရရာ
သတ္တဝါတိုက် အားလုံး၌ပင်
စရိုက်ဉာဉ်ခံ သွေးဆန်လေသွား နည်းအများဖြင့်
ဖွားမြင်သည်မှ သေချိန်ကျအောင် သူ့စွမ်းဆောင်
ခေါင်သည်မရှိချေ။

l အရွယ်နုသေး ငယ်ကလေးမှာ
သွေးကလည်းနည်း သည်းခြေနည်းနှင့်
နည်းပါးခြင်ဆီ မပီနုလုံး
ကွယ်တုန်းဝါသနာ ဉာဉ်ဗလာကြောင့်
ဆာသည့်အခါ စားလိုရာမျှ ကိလေကျ၏။
ပျင်းရိသောခါ ပျော်လိုရာမျှ ကိလေကျ၏။
နွမ်းရိသောခါ အိပ်လိုရာမျှ ကိလေကျ၏။

l ဘာမှ ညာမှ ပြင်းရှုရှုထိ
ဆန္ဒမပြု စိတ်မထကြောင့်
လမ်းပြရောင်စဉ် အရှထင်
နီကျင် ရှေ့ပြေးလို... ။

l အရွယ်လွန်ပြီ
မသွန်သွေးခန်း လေမကြွမ်းနှင့်
ရိုနွမ်းပြီ ကိုယ်
ဖိုလေပြီစိတ် တွေးလုံးဆိတ်ကြောင့်
တိတ်ပေါ့သူ့ညဉ် မငင်စရိုက်

www.burmeseclassic.com

မလိုက်ဝါသနာ မှိန်ရှိန်ခါလည်း
ဘာညာဖွေလှည့် တယ်မရှိ
လက်မိသုံးလေးသာ... ။

l လေဝင်သွေးလျှံ တန္တန္တနှင့်
စမြို့ပြန်ရုံ တွေးမိရုံမျှ မုန်စိတ်ပြကြောင့်
ချုခဲ့ရောင်စဉ် တစ်နေဝင်
နီကျင်နောက်ချန်လို့... ။

l အရွယ်ရောက်ပြီ
လောက်လောက်လားလား သွေးလေသွားနှင့်
ထားမိခဲ့ရာ ဝါသနာဆင့် ညဉ်အပွင့်ကြောင့်
လူ့ရွှင့်ရေးရာ သိတတ်လာချိန်
ကာမမြစ်ချဉ်း စိတ်ထန်ပြင်းဖြင့်
ချဉ်ခြင်းဆန္ဒ ပြသမျှဉ်
မရမချင်း စိတ်ကမြင်းလိမ့်... ။

ကာမညဉ်ပင်း စိတ်ကမြင်းကြောင့်
လွတ်ကင်းစိတ်စဉ် အနှောက်ဝင်သော်
– မမြင်လိုက်နှင့်
ကြိုက်လျှင်ကားလိုက် မုန်းသော်တိုက်
ပူလှိုက် ပူလှိုက်ချည်း။
– မတွေ့လိုက်နှင့်
မွေ့သော်လည်စင်း မမွေ့ငြင်း
ပူပြင်း ပူပြင်းချည်း။

l ဆွမ်းခံချိန်လှည့် စားချိန်လှည့်နှင့်
မွန်းတည့်မွန်းတိမ်း
နေစိမ်းရောင်ခြည် အပြင်းချိ
နေ့လည်နေ့ခင်းလို... ။

နတ်တလူစာစဉ်

 www.burmeseclassic.com 

1 ကာမရှာဖွေ များဝေနေတို့
နေနှင့်တူစွာ ကိလေသာကား
လူ့ရွာရောက်မှ ကောက်ရဉစွာ မဟုတ်ပါချေ
ဘဝါဘဝ နောက်နောက်ကပင် တန်းလျှောက်ငင်ခဲ့။
ရှေ့တွင်အလား ဘဝများလည်း
ထွန်းကားစဉ်ဆက် သူဝင်စွက်ကြောင့်
– ကြက်ဖြစ်ထင်းထင်း နေဆယ်စင်း
  ပူပြင်းနေမည်သာ။
– ဝက်ဖြစ်လည်းညှဉ်း နေဆယ်စင်း
  ပူပြင်းနေမည်သာ။

1 ကာမဖြင့်ထွေ များဝေနေတို့
နေသို့ပူပြင်း ထိုဆယ်စင်းကို
ညခင်းပမာ သာသနာဝယ်
လူလာဖြစ်မှ ဖယ်ခွင့်ရ၏။
ကာမ ပြည့်ဉ်း လူပြည့်ဉ်းကို ဖယ်ရှင်းလိုလျှင်
– မပြိုသော်ရှိ ပြိုသော်ရှိ
  သတိသို၍ ဖြိုချပေး။
– မပြေးသော်ရှိ ပြေးသော်ရှိ
  သတိဝင်၍ နှင်ချပေး။
– မကင်းသော်ရှိ ကင်းသော်ရှိ
  သတိသွင်း၍ ရှင်းလင်းပေး။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊
ဝဋ္ဋိဗတ်တောစခန်း။]

www.burmeseclassic.com

# ၂၇။ ကန့်သတ်

၊ နေမင်းသူရိန် အပူရှိန်ပြင်းက
မြူတိမ်ကင်းမှ ဆင်းနိုင်ပါမည်။

၊ မြူတိမ်ကင်းချိန် ငွေ့ကင်းလျှောက်လည်း
နေ့ခင်းလောက်ပဲ သူနယ်ပိုင်သည်။

၊ လူတိုင်းသို့ လှည့်ချေပြီ
ကိလေမှီကလည်း သည်အတိုင်းပါပဲ။

၊ အလာအသွားရဲ့ငြိမ်
နာဖျားချိန် သူမဝင်ဘူး
အပူစင် အဖျားကင်းသော်မှ
တရားအလင်း သွင်းချိန်ဖြစ်ခဲ့လျှင်
ဒင်းအရှိန် ရပ်စဲ... ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊
ဗဋိုဗတ်တောစခန်း]

## ၂၈။ ကြယ်များပမာ စိတ်ကမ္ဘာ

1 သွားလာကြ ကြယ်တာရာ
ဘယ်အခါမှ အလုပ်မဖြုတ်။

1 နေလတို့ ထိန်ထိန်သာ
အိမ်မှာပင် ငုတ်တုတ်။
မထိန်လည်း ဟိတ်မထုတ်
မှိတ်တုတ် မှိတ်တုတ်။

1 ကြယ်များတကာ ထိုတာရာကား
ကမ္ဘာအဝှမ်း ဝေဟင်လမ်း၌
လွှမ်းဖုံးဖြန့်ကျက် လှည့်ပတ်ထွက်ရာ
နေ့ဘက်လည်းရှိ ညလည်းရှိ၏။

1 နေ့လှည့်ရာတွင်...
ဖလ်ဝါနေမင်း ရောင်ပူပြင်းက
နင်းဖိကျော်လွှား ဆွဲငင်သွားကြောင့်
ကြယ်များသွားရာ သည်ကမ္ဘာ
မြင်မှာ မဟုတ်ချေ။

နတ်တလူစာစဉ်

www.burmeseclassic.com

ı ညအလှည့်လည်း
လပြည့်ဆန်းဆုပ် အလုပ်လုပ်ချိန်
လရှိန်တလင်း ဖြန့်သိမ်းသွင်းကြောင့်
ကြယ်သင်းသွားရာ သည်ကမ္ဘာ
မြင်မှာမဟုတ်ချေ။

ı ကြယ်များသွားရာ မြင်သောခါကား
မဟာနှစ်သွယ် နေလကွယ်မှ
ဟိုဝယ်လက်လက် သည်လက်လက်ဖြင့်
ဖြန့်ကျက်ခြယ်မှုန်း မိုးအဆုံး
သိမ်းကြုံးမြင်ရမှာ... ။

ı သို့ပမာပင်...
အာရုံအထိ သိရုံသိသည့်
မြင်သိကြားသိ စသည် ငါးပါး အပြင်ထားမှ
ခံစားရင်းသိ မှတ်သားသိနှင့်
ကြံတ်သိသင်္ခါ ဝိညာခွဲသိ
အားလုံးသိတိုင်။

ı ကိလေအတိုက် ဇွတ်သိမ်းပိုက်စဉ်
ကြိုက်၏ချစ်ပြီ ငါသည်သူ့ကို မှုထိုထို၌
မှီခိုသည်များ ရှေ့ကသွား
စိတ်ကား နောက်မှာသာ။
ကံမှာချာန်မှီ ကောင်းဘက်တည်တော့
ယုံသည်ရဲ၏ ရှက်မိကြောက်လို မှုထိုထို၌
မှီခိုကိုကား လမ်းပြထား
စိတ်ကားနောက်လိုက်သာ... ။

BURMESE CLASSIC .com

၊ အကယ်၍များ...
အတားကိလေ ထိုးချေချာန်သုံး ကိစ္စတုံးကြောင့်
ပျက်သုဉ်းမာန ဘဝအဝိစ္စာ
အားလုံးပါပင် လာမယှဉ်သော်
ဖလင်မပါ ကင်မရာဖြင့်
မြင်ရာရာရုပ် ရိုက်ကွက်လုပ်လည်း
အရုပ်မပါ ပုံဗလာသို့
မြင်မှာမြင်သိ ကြားကြားသိဖြင့်
အသိဂုဏ်ပုဒ် ဟိတ်မထုတ်
မှိတ်တုတ် မှိတ်တုတ်သာ။

၊ နှယ်သာကီယ များလူလုတို့
ဘဝလူ့ရွာ ရောက်ခွင့်သာချိန်
လိုရာကိစ္စ လုပ်တိုင်းရလိမ့်။
လိုရာကိစ္စ လုပ်တိုင်းရရန်
မြားပြလက်ညွှန် တိုင်တံခွန်ဖြင့်
လမ်းညွှန်ဆင့်ဆင့် လမ်းကြောင်းဖွင့်ကြောင်
အသင့်အနေ ထားရှိချေရာ
– နေနှင့်အတူ ရှေ့တူရှု
ထွက်ပြူလိုသလော။
– လနှင့်အတူ ရှေ့တာရှု
ထွက်ပြူလိုသလော။
– ကြယ်များချည်းသာ အားပြုခါ
သွားလာလိုသလော။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ဝဋ္ဋိဗတ်တောစခန်း]

## ၂၉။ နှုတ်ကသာကြောက် လက်မြှောက်လိုသူများ

၊ ဘဝပိုင်နက် ခန္ဓာစက်တို့
အသက်လျှင်ဆုံး မဆုံးကံကုန်
မကုန်သတ်ဖျက် သူ့လက်ချက်ဖြင့်
ယွင်းပျက်ကာလ သေပြန်ရကို
သူကလည်းကြောက် ငါလည်းကြောက်နှင့်
ကြောက်ကြသူငါ များတကာပင်... ။

၊ နောက်တစ်ခုက
ကံဥပါဒါန် အရင်းခံဖြင့်
တစ်ဖန်ဘဝ ရပြန်ကလည်း
အိုရနာရ သေရဦးမည် နောက်တစ်ချိကို
သည်ကပင်လျှင် ရှေ့ကြိုတင်၍
မြင်ကြ သူငါ များတကာပင်... ။

၊ ကြောက်သည်သာဆို
နောက်ကိုပြန်လှည့် အောက်ငုံ့ကြည့်က
ရရှိဘဝ ကာမစည်းစိမ်
ဂုဏ်သိန်ဥစ္စာ ဖော်မကွာဖြင့်
ပျော်ရာမှာဝင် ခင်ရာမှာနား ထိုအများတို့
ခံစားမပျက် နေ့ရက်တွက်
လက်ဆက်နေကြဆဲ... ။

BURMESE CLASSIC .com

၊ နောင်များဘဝ နောင်ကာလလည်း
သည့်မျှမက စုံပြည့်ဝကို
တောင့်တသာယာ မျှော်လင့်ကာဖြင့်
ပုညာပုည မျိုးစေ့ချ
ပျိုးကြစိုက်ကြဆဲ... ။

၊ ပုညာပုည မျိုးစေ့ချစဉ်
ကာမစိတ်မွှန် အပူလွန်ကြောင့်
ခြေကျွံရာထဲ ကိုယ်ပစ်လှဲကာ
ဆွဲမိရာစွတ် လက်မလွှတ်ဖြင့်
စိတ်သွတ်ကိုယ်တွေ့ ခေါင်းမရွေ့
မေ့၍နေကြဆဲ... ။

၊ ထိုသူများက..
သေဝသေပေါက် နောက်တစ်ခေါက်ဖြင့်
မရောက်ပါလို ဘယ်မျှဆိုလည်း
ပင်အိုခိုကိုး ပင်ပျိုပျိုးဖြင့်
သေမျိုးစေ့များ ကြဲဖြန့်ထားဆဲ မြှောက်ပင့်ဆဲကြောင့်
နှုတ်ကဲယောင်ကြောက် ကျင့်မဖျောက်
အကြောက်မစစ်သေး... ။

[၁၃၆၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်၊
ဝဋ္ဋိဗတ်တောစခန်း]

www.burmeseclassic.com

# ၃၀။ ဆက်ရန်ကျန်သေးသည်

၊ ထိရတိုင်း အားမရ
အားမရတိုင်း ထိ
အငြိဖြင့်ဖွဲ့ပေးထားခြင်းသည်
တဏှာ၏အရှဲ့။

၊ အကောင်းထင်တိုင်းကြိုက်
ကြိုက်တိုင်းပင် အကောင်းထင်
အငင်ဖြင့် ဖွဲ့ပေးထားခြင်းသည်
တဏှာ၏အရှဲ့။

၊ အသစ်ဖြစ် အဆန်းထင်
အဆန်းထင်တိုင်း အသစ်ဖြစ်
အရစ်ဖြင့်ဖွဲ့ပေးထားခြင်းသည်
တဏှာ၏အရှဲ့။

၊ တဏှာဟူသည် ဆားငံရည်သို့
တစ်ချိုးအတွေ့ သူ့အငွေ့က
လေ့လိုက်တိုင်းလာ လာလေတိုင်းထပ်
တော်ပြီးတော်၏။

နတ်တလူစာစဉ်

BURMESE CLASSIC .com

၊ တော်လွန်းရှဲ့ဟပ် ထိုတစ်ထပ်ကား
အထပ်သာပြေ တော်မပြေကြောင့်
ပတ်ရေကိုပွား အလိုလားပါ
တိုးပွားလာ၏။

၊ လူကသာအိပ် လို မအိပ်ဖြင့်
မဆိတ်ငါးပါး ပြိုင်တိုးပွားက
ငါးပါးကိုဖောက် စင်းလုံးမှောက်ကာ
ကြောက်ရမသိ ရှက်မသိတို့
ကလိပိုးဝါး စိတ်ကစားသော်
– ကစားအိုးဖုတ် ချိုးရုပ်နှင့်ဖက် အစထွက်
ရှေ့ဆက်ရန်ကား ရှိနေပြီ။
– ဝတ်စားနှင့်ဖက် အပြထွက်လည်း
ရှေ့ဆက်ရန်ကား ကျန်သေးသည်သာ။
– မယားလင်ဖက် အကျထွက်လည်း
ရှေ့ဆက်ရန်ကား ကျန်သေးသည်သာ။
– သားမြေးတွဲလျှက် အရဖက်လည်း
ရှေ့ဆက်ရန်ကား ကျန်သေးသည်သာ။

၊ တရားနှင့်ဖက် ရှေ့ဆက်ရန်ကျ
အသက်ကအို ကိုယ်ကသွေးခန်း စိတ်မစွမ်းကြောင့်
တစ်ခန်းရပ်လျှက် ဘဝထွက်
ရှေ့ဆက်ရန်ကား ကျန်သေးသည်။

၊ သို့ဖြင့်ပင်လျှင်
အခင်မိရာ ထိုတဏှာကား
လာရာတွင်လေ့
လေ့ရာတွင်လာ အလိုပါဖြင့်… ။

နတ်တလူစာစဉ်

www.burmeseclassic.com

– တဏှာအငြိ တစ်ခါမိ
  သာအိ တစ်စိုစို။
– နှစ်ခါဝင်တိုး သည့်ထက်ဆိုး
  မုန်အိုးတစ်ယိုယို။
– ဘဝတိုင်းလိုက် ထို့ထက်ကြိုက်
  မက်မိုက်လမ်းထွင် ကြို။
– ဘဝစုံလှည့် ကြိုက်ဟုန်မိ
  ဘုံပိ ခန္ဓာကိုယ်။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊
ဝင်္ဂီပတ်တောစခန်း]

## ၃၁။ ဆက်တိုက်ရန် ကျန်သေးသည်

– ကိုယ့်ကိုယ်ကို အထင်ကြီး၍
သူတစ်ပါး အထင်သေးစေခြင်းသည် **မာန**...။
– အထင်ကြီးရာ မြတ်နိုး၍
မြတ်နိုးရာ အထင်ကြီးစေခြင်းသည် **မာန**... ။
– အကြိုက်တူလျှင် ယှဉ်ပြိုင်
မတူ အနိုင်ကိုင်စေခြင်းသည် **မာန**... ။

l မာနဟူဘိ သူ့သတ္တိကား
ဖိလျှင်လည်းကြွ မြှောက်လည်းကြွကြောင့်
မှိုင်းဝဘုံသာ တူလှစွာ၏။

l ခက်ထန်တင်းမာ ထိုမာန်လွှာက
ငါမှငါသာ နှိုင်းသင့်ရာဖြင့်
တိုက်လာအာရုံ တစ်ဖက်ဂုဏ်၌
မုန်ယိုသည်ဆင် စွတ်တင်းဝင်သို့
နင်က ငါ့ကို မာန်ကဲပိုကာ
မလိုစိတ်တွေး လိုစိတ်တွေးသော်

www.burmeseclassic.com
BURMESE CLASSIC .com

– ကလေးမှာဆို
ကလေးလိုကြိုက် ကလေးမိုက်
ဆက်တိုက်ရန်ကား ကျန်နေပြီ။
– လူငယ်မှာဆို
လူငယ်အလိုက် လူငယ်ကြိုက်
ဆက်တိုက်ရန်ကား ကျန်နေပြီ။
– လူလတ်မှာဆို
လူလတ်အလိုက် လူလတ်ကြိုက်
ဆက်တိုက်ရန်ကား ကျန်နေပြီ။
– လူကြီးမှာဆို
လူကြီးလိုမိုက် လူကြီးကြိုက်
ဆက်တိုက်ရန်ကား ကျန်နေပြီ။

၊ သေခါနီး၌
စိတ်မည်းကိုချ စိတ်ဖြူစ ရန်
ဆိုးမာန်အစား ကောင်းမာန်ထားဖြင့်
တရားနှင့်ပြိုင် အနိုင်ကိုင်ကျ
ယိုင်ပေါ့ ဤကိုယ် ပြိုပေါ့စိတ်ဓာတ် အားကုန်ပြတ်ကြောင့်
ရပ်ရအခိုက် ဘက်မလိုက်လည်း
ဆက်တိုက်ရန်ကား ကျန်သေးသည်သာ။

၊ သို့ဖြင့်ပင်လျှင်
တခွင်မျှပိုင် မာနပြိုင်လည်း
နိုင်လျှင်ပွဲခံ လောဘထန်ပြီး
ရှုံးပြန်လျှင်မဲ ဒေါသကဲကာ
တစ်ပွဲမှသည် တစ်ပွဲဆီသို့
လက်ရည်လည်းတက် စိတ်လည်းထက်ဖြင့်
ဆက်ဆက်ခါခါ ပြိုင်မိပါသော်...

နတ်တလူစာစဉ်

– တစ်ခါနိုင်က ထိုမာန
  တက်ကြွခြင်းဘက် ဆက်တော့သည်။
– နှစ်ခါယှဉ်ပြိုင် ဘဝင်ကိုင်
  မနိုင် နိုင်ကွက် ဖက်တော့မည်။
– ဘဝတိုင်းလိုက် ယှဉ်ပြိုင်တိုက်
  မိုက်မိုက်ကန်းကန်း ကြမ်းရော့မည်။
– ဘဝဆန်စုန် တိုက်ဟန်ကြုံ
  မာန်ဟုန် မာန်တက် ထက်တော့သည်။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊
ပဋိပတ်တောစခန်း]

BURMESE CLASSIC .com

# ၃၂။ အားကြောင့်ဖြစ်သောမာန်
# အားညစ်လျှင် ပြန်ကရော

l အလေ့ကျယောင်ယောင်
တွေ့သမျှ တထောင်ထောင်နဲ့
စောင်ပြီပေါ့ ငါတကား... ။

l ကံသက်ကဲ့ယိုင်
ကိုင်ကွက်ချက်မပိုင်တော့
လက်မှိုင်ချ မာန်ထား... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊
ဗဋိဗတ်တောစခန်း]

# ၃၃။ လိုက်ပွဲဆက်ရန် ကျန်သေးသည်

– ကိုယ့်ကိုယ်ကို
ငါပိုင်အထင်မိနေစေခြင်းသည်... ဒီဠ္ဌိ။
– သူ့ဟာ ကိုယ့်ဟာ
အထင်မိနေစေခြင်းသည်... ဒီဠ္ဌိ။
– သူကိုင် ကိုယ်ကိုင်ဖြစ်ရန်
သိမ်းပိုက်စေလိုခြင်းသည်... ဒီဠ္ဌိ။

1 ဒိဋ္ဌိအဆိုး သူ့လက်ရိုးကား
ကောက်ရိုးပုံထက် ဝင်အိပ်စက်သည့်
သိမ်းလျက်ဟောင်ရာ ခွေးပမာပင်။

1 တဏှာလက်မှိ ထိုဒိဋ္ဌိကား
သူ့ရှိလက်ထား ကိုယ်ဘက်လားရန်
မျှားသင့်သူဆို သူမြူချိုလိမ့်
မူပိုလျှင်ဟောက် သူခြိမ်းခြောက်လိမ့်
မြှောက်သင့်လျှင်ပိုး အောက်ပင့်ထိုးလိမ့်
ပိုးဝါးတွေငိုင် တစ်ဖက်ယိုင်က
အပိုင်ကိုယ့်ဘက် အတွင်းယက်ဖြင့်
မက်ဝင်အတေး မုန်းတေးတေးကာ
– ကလေးမှာဆို
ကလေးလိုဆိုင် ကလေးကိုင်
အပိုင်သိမ်းခဲ့ပြီ။
– လူငယ်မှာဆို
လူငယ်လိုဆိုင် လူငယ်ကိုင်
အပိုင်သိမ်းတော့သည်။

– လူလတ်မှာဆို
လူလတ်လိုဆိုင် လူလတ်ကိုင်
အပိုင်သိမ်းဆဲ ရှိချေပြီ။
– လူကြီးမှာဆို
လူကြီးလိုဆိုင် လူကြီးကိုင်
အပိုင်သိမ်းဆဲ ရှိချေပြီ။

1 သေဘက်သို့ယိုင် ကံမနိုင်၍
ကိုယ်ပိုင်ခနေ အမည်ရသည့်
ဓမ္မစက်ဉာဏ် သိမ်းမည်ကြံသော်
ကိုယ်ခံအားနည်း စိတ်ဉာဏ်မွဲကြောင့်
ပွဲစဉ်အလိုက် မသိမ်းပိုက်လည်း
လိုက်ပွဲထွက်ကား ဆက်ဦးမည်။

1 သို့ဖြင့်ပင်လျှင်
တစ်ခွင်ပိုင်မိ ထိုဒိဋ္ဌိလည်း
စိတ်ရှိတိုင်းလျှင် ကိုင်ပွဲပြင်ရာ...
– တစ်ခွင်ချိတ်မိ ထိုဒိဋ္ဌိ
စိတ်ရှိလက်ရှိ ချဲ့တော့သည်။
– နှစ်ခွင်ဝင်တိုး သာရှုဆိုး
ပိုင်စိုး ပိုင်နင်း ချဲ့တော့သည်။
– ဘဝတိုင်းလိုက် ပိုက်ထက်ပိုက်
မိုက်မိုက်ရိုင်းရိုင်း ချဲ့တော့သည်။
– ဘဝလည်းစုံ ကြိုက်လည်းစုံ
မီးကုန် ယမ်းကုန် ချဲ့တော့သည်။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊
ပဋ္ဌိပတ်တောစခန်း]

# ၃၄။ ဘကြီးနွား အငှားကျောင်းပမာ

1 နွားစာရဲ့ခေါင်
နွားလာလျှင် ဟောင်သနဲ့
မြှောင်အိပ်သည့်ခွေး... ။

1 ကိုယ်တွက်ဖြင့် ဗလာ
ဟိုစွက်သည်ပါနှင့်
အလီလီလာ သူ့စားကျက်
လုယက်မိသေး... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊
ပဋိပတ်တောစခန်း]

www.burmeseclassic.com


## ၃၅။ အများဟင်းအိုး ကျော်ပိုးသွားနေသူများ

1 လူသူကင်းဆိတ် တောတောင်ရိပ်ဝယ်
အဟိတ်ဘာဝ အလေ့ကျဖြင့်
ဖြစ်ရအစဉ် သားသမင်
ပျော်ရွှင်အုပ်ဖွဲ့ နေကြသည်။

1 ထို ဤအသုတ် သမင်အုပ်တွင်
အုပ်စုဖွဲ့နှောင် လေးငါးကောင်မှ
များမြောင်အထိ ကောင်ရေရှိ
တောလှည့်ကျက်စားနေကြပြီ။

1 ထိုသည့်များမြောင် သမင်ကောင်များ
တောတောင်မှာရှိ လျှိုမြောင်မှာလျှောက် ရေကြည်သောက်ကာ
နေပြောက်မထိုး လေဆိုးမရှူ
မြက်နုကိုစား ရှက်နုစားကြောင့်
အသားနူးညံ့ စိတ်သန့်ပြန့်ပွား လွန်ရိုးသားကြ။

1 ထိုသည့်အချက် ကွက်ကောင်းတွက်ကာ
– မြောက်ဘက်တောင်ရိုး တောင်ဘက်ရိုး
မုဆိုးချောင်းမြောင်းနေချေပြီ။
– ရှေ့ဘက်တလွှား မြှိုင်ခင်ကြား
ကျားလင်မယား စောင့်နေပြီ။

BURMESE CLASSIC .com

– နောက်ဘက်ရိုးထား လျှိုမြောင်ကြား
သစ် သားအမိ လှည့်နေပြီ။

ı ထိုသို့စောင့်ကြပ် ဝန်းရံပတ်ဖြင့်
သတ်ဖြတ်စားရန် ကြိတ်စီမံကြ ချောင်းမြောင်းကြလည်း…
– သမင်များကား မြက်တောကြား
အစားမပျက် ရှိချေသည်။
– အချို့သည်ကား မိတ်လိုက်စား
မယားလင်နေ ဖက်ဆဲပင်… ။
– အကောင်ငယ်လေးများ ခုန်ပေါက်သွား
ကစားနေဆဲပင်… ။

ı သူတို့လေးတွေ အေးဆေးနေလည်း
သေဘေးကြီးကား သူတို့နား
တိုးလား ကပ်လား ဖြစ်နေပြီ။

ı သူတို့ခမျာ
တကာအများ သတ်ဖြတ်စားရန်
သားကောင်စာရင်း ဝင်နေခြင်းကို
စိုးစဉ်းလေးမျှ မသိရှာ။
– သူတို့အသက် ရှင်ရေးဘက်
တစ်ချက်စာမျှ ကျန်တော့သည်။
– အများအတွက် ရိက္ခာဆက်
ရှေ့ထွက်ရန်ကား မဝေးပြီ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊
ဗဋိဗတ်တောစခန်း]

BURMESE CLASSIC .com

## ၃၆။ ကြမ်းခင်းဈေး

၊ ငါ့ဘဝ အလှပြင်
ရရှင်သူ မြင်ရာနား
ဗန်းတင်ပြထား... ။

၊ တောင်းလျှင်လည်း အလွယ်
ဝယ်လျှင်လည်း ကြေးမများ
ဈေးမကစား... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ပဋ္ဌိပတ်တောစခန်း]

## ၃၇။ လက်ခစား

၊ ငါ့ကိုယ်ကောင် ရိုးတွင်းကြား
ပိုးသင်းများက သိမ်းပိုက်နေ။

၊ သစ်ကျားစုံ အသားကြိုက်များ
အငှားလိုက်စားမယ့် လက်ရှိအခြေ။
– အပုပ်ကြိုက် သတ္တဝါတွေ
– ငါသေ... စားတော်ခေါ်ပွဲ။

၊ ဘဝပိုင်း
ရတိုင်း မူပိုင်မထင်နဲ့
ဟိုလူဆိုင် သည်လူဆိုင် အကိုင်များတဲ့အပြင်
အပိုင်စား ပိုးလောက်တွေက
ထိုးဖောက်မွှေ ယက်ကြစားကြတယ်
ကိုယ့်မှာက...
လက်ခစားပေဘဲ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ပဋ္ဌိပတ်တောစခန်း]

# ၃၇။ တုံ့ပြန် ခံပေဦး

l ဘုရားမျက်မြင် လက်ထက်တွင်က
တစ်လင် နှစ်မယား အပြိုင်ထားမှ
များကြွအချင်း တုံ့ပြန်နှင်းကို
ရှင်းချက်ကြားခံ သနားညာဏ်ဖြင့်
ရန်လိုလျှင်ပို မလိုပြိုလိမ့်
ဆိုမိန့်စကား နှစ်ယောက်ကြား
စည်းသားပေးခဲ့ ရဖူးသည်။

l ထိုလင်မယား သုံးယောက်သားတို့
သားရ မရ ထိုကိစ္စမှာ
စ၍ကြောင်းခံ ရန်ကြွေးကျန်ထား တောင်းယူစားဖြင့်
သူသွားရာနောက် ကိုယ်ကရောက်
ကိုယ့်နောက်သူက လိုက်ခဲ့သည်။

l သို့ဖြင့်ပင်လျှင်
– ကြွေးရှင်ကကြောင် ကြွေးဆောင်က ကြွက်
ပေးထွက်ထွက်ခဲ့... ။

နတ်တလူစာစဉ်

www.burmeseclassic.com

– တစ်ဖက်က သစ် တစ်ဖက် သမင်
  ကြွေးစဉ် ငင်ခဲ့... ။
– သူလျှင် ဘီလူး ကြွေးစူးကလူ
  ရန်ဘက်ပြုခဲ့... ။

1 လူနှင့်ဘီလူး ထိုအကူးကား
နှစ်ဦးဖက်မိ သာဝတ္ထိပင်
လူတွင်က သား သူမွေးဖွားတိုင်း
စားပြီ လူးမ တစ်ယောက်ကျမို့
နောက်ရသည့်သား သူ မစားရန်
ညပြန်နေ့ဆက် စောင့်ကြပ်လျှက်
အသက်စောင့်ရှောက်ရ... ။

1 တစ်နေ့သောအခါ...
သားမှာမိဘ သုံးဦးမျှတို့
တကွခရီး သွားအပြီးတွင်
အနီးကျောင်းတော် ရေကန်ပေါ်ဝယ်
ဟိုမျှော် သည်လှည့် စောင့်ကြည့်ကြည့်ရင်း
– အမိသည်ကား ရေမှာသွား
  သောက်လား ချိုးလား ရှိနေဆဲ။
– အဖသည်ကား ပင်အောက်နား
  နိုလား စောင့်လား ရှိနေဆဲ။
– သားလှလေးကား ပင်ရိပ်ကြား
  ထားလား သိပ်လားရှိနေဆဲ။

1 ဟိုအဝေးက
ပြေးလာခါးဆုံ မာန်သွင်းဟုန်ဖြင့်
စွယ်စုံပြူးချ ဘီလူးမကို

 www.burmeseclassic.com 

BURMESE CLASSIC .com

ရေမှမိခင် လှမ်း၍မြင်သော်
အော်ငင်ဟစ်ရင်း ကျောင်းတော်တွင်း
ပြင်းသောအလျင်ဖြင့် ဝင်ပြေးပြီ။

l သားငယ်လေးအား
ဘုရားအထား ဖဝါးကြားသို့
ချထားပို့ရင်း နိုကို့ရင်းက
စို့ခင်းမျက်ရည် တတွေတွေဖြင့်
တင်လေမှုခင်း နားတော်သွင်း
လက်ငင်းဖြစ်ပျက်စုံ။

l ဘီလူးမကား
တံခါးမုခ်ဝ အပြင်မှ
ဒေါ်ထ စောင့်နေဆဲ။

l ထိုရောအခါ
မြတ်စွာဗုဒ္ဓ သုံးလူ့ဘသည်
နှစ်ဝပြန်လှန် နောက်ကြောင်းခံကို
ဖွေလှန်ကြည့်ရှု မှတ်ချက်ပြုကာ
အမှုပြေဆေး ဆုံတိုက်ကျွေးရန်
မုခ်ဘေးတွင်ခ ထိုလူးမ
မိန့်ဟ ခေါ်တော်မူ... ။

l လူမ လူးမ ထိုနှစ်ဝတို့
တကွရှေ့၌ ဆုံသရိုက်မှာ
ရန်လိုက်ကိုဆန် မိတ်သို့ပြန်ရန်
ရန်လိုလျှင်ပို မလို ပြုလိမ့်
ဆိုမိန့်စကား လေးဘက်နား
သနားခြင်းဖြင့် သွင်းပေးရာ... ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

– လူမ မှာကား
အောက်ရွာကိုဆန် မင်ဖိုလ်ညဏ်
ကေန် ထိုးဝင်ပြီ။

– လူးမ မှာကား
အောက်ရွာကိုဆန် မင်ဖိုလ်ညဏ်
လားရန် နီးစပ်ပြီ။

## ကြမ္မာဖန် ကံတွဲလေးများ

1 လူမ လူးမ ထိုနှစ်ဝ၏
ဖြစ်ရပြန်လှန် ကြွေးတုံ့ခံကို
ဝေဖန်ရှေးရှု သက်သေပြုကာ
ယခုအခြေ ယခုနေလည်း ...

1 မြွေစားရန် ဖား
ကြောင်စားရန် ကြွက်
ငှက်စားရန် ပိုး အမျိုးမျိုးတို့
ဆိုးကျိုးဘက်ပြန်
ကံစီမံပုံ ဖြစ်ပေးပုံများ
မြင်ရုံမျှသာ ပြရပါမူ...
– အပူရှင် မြွေကိုယ်ထား
မြို့ဝါးဖို့ ဖားဖြစ်ခဲ့ရာ... ။
– ဖဝါးစုံလေးဖက်ကျ
ပြေးကွက်က ခုန်နိုင်မှသာ... ။
– မြွေကျတော့ လျှောစေရာ
ပြောနေ ကြာသပ လှစ်ခနဲပဲ။

1 ဖားအကျ အားရစွာ ကြိုနေ၍
မြိုသလေ ကြွေးသွတ်ပွဲ
လွတ်ဖို့ဖြင့်ခဲ ... ။

နတ်တလူစာစဉ်

1 ကြွေးရျေ ကြွေးငှား မြွေနှင့်ဖားတို့
ကံအားအလျောက် မှားရာမှောက်နယ်
နောက်တစ်ပွဲဆက် ကြောင်နှင့်ကြွက်
မှတ်ချက်ယူကြည့်ဦး။
– ကြောင်ဖြစ်လျှင် အဆီမက်
အဆီထွက်တဲ့ ကြွက်သတ္တဝါ။
– နေ့ဘက်ဆို တွင်းအောင်းရ
ကျဉ်းမြောင်းလှ ရက်ဆက်မကွာ။

1 ညဘက်ထွက် အစာရှာ
ပါရှာပြီကော ဘဝသက်ပန်း... ။

1 ရအလှည့်ပေမို့
ညကြည့် ကြောင်မျက်ရှင်ကွယ့်
မှောင်ထက်တွင် ချောင်ခိုဖမ်း
မှန်းလက်က တန်း... ။

1 ညဝတ်ညိုစုံ ကိုယ်လုံးခြုံဖြင့်
ဘယ်ပုံရုပ်ဖျောက် ပြင်ထွက်လျှောက်လည်း
နောက်ထောက်ကြမ္မာ ကိုယ်မကွာကြောင့်
ကြောင်စာဖြစ်ရ ကြွက်ဘဝကို
ထောက်ဆချက်လက် ကြောင်းကျိုးဆက်ပြီး
နောက်ထွက်တစ်မျိုး ငှက်နှင့်ပိုး
ချိန်ထိုး ရှုကြည့်ဦး... ။
– ပိုးလောက်တို့မှာ တွားသွားဘဝ
အသားများကျ နူးညံ့ပေရှာ။
– သွားမပါသူ အချိုးစားကျ
အရိုးများက အရှင်းဗလာ။

www.burmeseclassic.com

1 အမြန်အဝေး ပြေးစရာ
မပေးပါသဗျ ကံအကြောင်းတရား။

1 ကြွေးဆွဲခဲ့ယခင်
ပေးပွဲအပြင်အဆင်မို့
သေးမျှင်မျှင် ခြေတံထားရယ်နဲ့
ဝေယံသွား အတောင်ဗလာကွယ့်
မရှောင်သာကံအမှောင့်
စောင့်ရင်းက စား... ။

1 ကြက်ငှက်ဆိုလျှင် ခြေဆံတုတ်လို့
လေပျံလုပ်ဖို့ အတောင်လည်းစုံ... ။
ပြေးလိုပျံလို အစုံရှိမို့
အကုန်လှည့်လို့ ဖွေလှန်ရုံ... ။

1 ပိုးများရဲ့နားခိုဘုံ
ကျားလိုစုန် ပျားပုံသို့ဝဲ... ။

1 ပိုးဟုဲဆို
တိုးခဲ့ သည်ဟိုပါကွဲ့
မှီခိုရာ အမြင်ဆောင်းမိလျှင်
ပင်အောင်းပင် မချန်ပါဘု
လှန်ရှာ တောက်ရှာ ပေါက်ရှာ စားကြမယ်
မထောက်ညှာပါကွဲ့ သူတို့အတွဲ... ။

1 ပိုးနှင့်ကြက်ငှက်
လက်ဆက်လက်ခံ တုံ့ဖက်ပြန်ရန်
လက်ခံအထက် လက်ဆက်ကအောက်
ကံတစောက်ထိုး အဖြစ်မျိုးသို့
အချိုးမမှျ အတိုးချမည့်

ဘဝခွေးယုန် ထိုတစ်စုံ
တစ်ဖုံ လေ့လာဦး... ။
– ခွေးတွေ့လျှင် တစ်ကွေ့တစ်ကောက်
တစ်ချွေ့လောက်တော့ ယုံပြေးရုန်။
– တစ်ချွေ့ကျော်သော် အမောဖောက်သမို့
တောအောက်ကြို့ ချုံဝင်လှုံ။

1 ခွေးများကျ ဘက်စုံ
အသက်လုံ အနုံ့ခံကောင်း။
ယုန်ထံမှာ ပုန်ကန်စရာ ဘာမပါကြောင့်
ဗလာသာ လိုမ့်ခံ ခံရတယ်
အနိမ့်ကံရဲ့ တစ်ဖက်စောင်း။

## ပေးဖို့ပါ ခေါင်းခါမနေနှင့်

1 ဆိုခဲ့ပြီးများ သက်သေထား၍
အများသူငါ လူတကာလည်း
ယူရာပေးရာ ကံကြွေးပါက
ပေးမှာသာပေး ကျော်မပြေးနှင့်
လျော်ကြေးမဆောင် ဟိုသည်ရှောင်လည်း
နောက်ယောင်ခံလိုက် ဝိပါက်သိုက်က... ။

1 လှည်း၌တပ်ထား ဝန်ရုန်းနွား၏
ဖဝါးရာနောက် တကောက်ကောက်နှင့်
တောက်လျှောက်တင်းလင်း လှည်းဘီးနင်းသို့
ဝဋ်ခင်းကြမ္မာ ဓမ္မတာဖြင့်
မကွာဆက်ဆက် လိုက်လံဖျက်မည်
သက်သာလိမ့်မည် မထင်နှင့်... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ဝဋ္ဋိပတ်တောစန်း]

နတ်တလူစာစဉ်

BURMESE CLASSIC .com

## ၃၉။ ဝတ်လုံးကြီးနှင့် အရိုက်ခံနေရသော သူတို့အတွဲ

l နှစ်ပါးကြင် ဇွတ်ပိုက် ပိုက်မိသည်ကြောင့်
မယားလင် အပြွတ်လိုက် အပြွတ်လိုက် အတိုက်တွေနဲ့
ဝတ်ရိုက်ကဖြင့် စည်ပြောအသံ။

l လူမှန်လျှင် ဝန်းကျင်မကင်းသာဘု
သူတပြန် ကိုယ်တပြန် လွန်းတင်ခင်းပေမို့
အစွန်းထင် နှစ်ကွင်းတို့ရဲ့ သည်လောကစံ... ။

l အလိုတူ ကလူတိုက် တိုက်မကွဲ့
လိုမတူ အပူနိုက် နိုက်သတဲ့
အရိုက်ကဖြင့် အလွန်ထန်
အမွန်ဒဏ် အကျွံဒဏ်တွေကလည်း အပေးများ။

l လူတို့ရဲ့ထံမှာ ပူဖိုဖြင့် ကံပါသထင့်
တဆံညှာတချစ်စွဲ အစွဲရယ်ကြောင့်
ကံကြမ္မာအရစ်ဝဲတွေက
တစ်ညစ်မွဲ နှစ်ညစ်မွဲ ပျက်လုံးသွင်းလို့ရယ်
(အလိုဟယ်)... အသက်မဆုံးမချင်း
ရမ္မက်ကလည်း အလုံးအရင်း
အမျက်ကလည်း အလုံးအရင်းတွေနဲ့
ဂုံးအဆင်း နင်းချပုံ မတရား... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊
ပဋ္ဌိပတ်တောစခန်း]

## ၄၀။ နေစောင်းချိန်

l ငါကြံသည် ဟန်ပြီမရှိ
ကံအလှည့်က အပေးမတော်။

l ပြောလိုက်ပြီဆို သဘောချင်းလွဲ
ပြောရင်းကပဲ အဝေးလှော်။
– လုပ်လိုက်တိုင်း ဘေးချော်
– ကြွေးကြော်တိုင်း ကံကမလိုက်။

l ငါ့သရုပ် လငပုပ်ဖမ်းသည်သို့
ကန်းကပြီ အရောင်အလင်း
မှောင်တွင်း ခေါင်းစိုက်။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ဗဋိုဗတ်တောစခန်း]

## ၄၁။ အလှူရှင်များ၌ ရှိအပ်သည့်လက်နှစ်ဖက်

l ကောင်းမှုရှင် လက်နှစ်ဖက်
ပက်လက်လက် ခံထားပါ။

l စေတနာ သဒ္ဓါထက်
ဒါ နှစ်ချက်ကို ပြောတာပါ။

l ငါစွဲဖျက် သူစွဲခွါ
လှူဆဲမှာ ဖြစ်ပျက်မြင် ပိုး။

l ငါ သူစွဲ အယူလွဲ ဒိဋ္ဌိတဏှာက
ချိတ်မိရာ စွတ်ဝင်ဆွဲခဲ့လျှင်
လွဲကရော ကောင်းကျိုး။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ဗဋိုဗတ်တောစခန်း]

www.burmeseclassic.com

## ၄၂။ အလှူခံများ၌ထားရှိရမည့်လက်နှစ်ဖက်

l အလှူခံ ထက်တန်ခိုးဝ
လက်နှစ်ရိုး မိုးထားလိုက်ပါ။

l သီလမေတ္တာ ဒါနှစ်ဖက်
စွာဖို့ထက်ဖို့ ပြောတာပါ။

l သမာဓိ ဈာန်ဝင်ကာ
ဉာဏ်ပညာကိုလည်း အလှုပျိုး။
သိက္ခာကျဗလာနှင်
စိတ်မှာကျ တဏှာတင်လို့
မိစ္ဆာအမြင် ရှေးရှုခဲ့လျှင်ဖြင့်
ပေးသောဆု တစ်ခုမှပွဲမတိုး။

[၁၃၆၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊
ဝဋ္ဋိပတ်တောစန်း]

# ၄၃။ ဝေသူ ယူသူ နေနှင့်လူသို့

l စေတနာ သဒ္ဒါ အလှူရှင်ဖက်
ယူငင်လက်ကွဲ့ စုံနှစ်ဖြာ... ။

l သီလမေတ္တာ အလှူခံဖက်
မှုမှန်ထွက်ခဲ့ ဂုဏ်အရာ... ။

l လူလူချင်း မလှုံ့သာ
ပုံပမာ နေနှင့်လူသို့... ။

l သူရိန်မင်းရဲ့ ဓမ္မတာ
အပူရှိန်အလင်းနှစ်ဖြာမျှ
ကမ္ဘာမှာ အလာပြုတယ်
သူကတော့ လဟာမှာ အသာပျို့... ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လပြည့်နေ့၊
ဝဋ္ဋိဗတ်တောစခန်း]

www.burmeseclassic.com

# ၄၄။ ကိုယ့်လမ်းကိုယ် တည့်အောင်ချိန်

l လူမှန်လျှင် ဘဝခရီး
အစချိုးနဲ့ ဆုံးပန်းတိုင်။

l စွမ်းအားမှန်းသား လှမ်းသွားအကျ
လမ်းထားကြရ ချက်ပိုင်ပိုင်။

l အယုံထက် အရဲထိုင်
ခွဲမထွှိုင်မှာကွဲ့ အလံထိုး။

l ပို့စမ်းပါ ငြိမ်ငြိမ်
ကိုယ့်လမ်းကိုယ်ချိန်လို့
ကိုယ့်အိမ်ကိုယ် လှမ်းကြမှ
ပန်းရအမျိုး... ။

[၁၃၆၃ ခုနှစ်၊ ဖြာသိုလဆန်း ၈ ရက်၊ ဝဋ္ဋီပတ်တောစခန်း]

# ၄၅။ ကိုယ့်လှေကိုယ် ငြိမ်အောင်ထိန်း

l ကိုယ့်လှေ ရေအကူး
မလူးအောင်ကွဲ့ လှော်ခတ်လေ။

l သူများလှေ လူးမလူး
မစွေ မစူး ကင်းကင်းနေ။

l သူလူးတော့ သူ့လှေ
ကိုယ်လူး ကိုယ့်လှေအမှောက်။

l ချို့တဲ့ကြ ဖြဟ္မစိုရ်
ကိုယ့်ထက်လှ မနှာလိုနှင့်
ကိုယ့်လိုပင် အများလှဖို့ဆို
စတို့ကြ တစ်ယောက်တစ်ပေါက်... ။

[၁၃၆၃ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ပဋ္ဌိပတ်တောစခန်း]

BURMESE CLASSIC .com

# ၄၆။ လူသုံးများသော ဓားနှစ်လက်

၊ ဓားထက်လျှင် တဓောက်ကန်း
ကျောက်တန်းခုတ်တော့ တက်တက်စင်။

၊ ဓားတုံးခဲ့သော် တန်ခိုးနုပ်
မြေကြီးခုတ် အရာမထင်။

၊ အတက်ဓတ်က ရှုချင်ချင်
အကျရှင်တွေမတော့ တုံးတုံးတိတိ။

၊ လောဒေါကွဲ့ မာန်အဝင်
ဓားဓားရာ အထန်ဝင်မို့
မခံချင် ဒေါထများတယ်
မောဟ သမားကျ
ကျောချတောင် ဓားပြမှန်းမသိ။

[၁၃၆၃ ခုနှစ်၊ ဖြာသိုလဆန်း ၈ ရက်၊ ဗဋိုဗတ်တောစခန်း]

# ၄၇။ လာခြင်းမကောင်းသော ညှော်သည်

l ဟုတ်ပြီ...
ငါ့ဆီလာပေါင်း နေရာတောင်းကို
စိတ်ကောင်းငါသို ငါကြိုဆို၏။
ကြိုသာကြိုရ ဆိုလိုက်ရလည်း
ဘဝသော့ချက် ငါ့ပိုင်နက်ကို
ဆက်မှာလေလား ဖျက်မှာလားလည်း
ခွဲခြားအသိ ငါ့မရှိသေး... ။

l ကောင်းပြီ...
ငါ့ဆီလာဆက် စီးပွားဖက်ကို
နှစ်သက်ရင်သို ငါကြိုဆို၏။
ကြိုသာကြိုရ ဆိုလိုက်ရလည်း
ခနလံဖြူ ငါ စိုက်ထူစဉ်
ကူမှာလေလား ချူမှာလားလည်း
ခွဲခြားအသိ ငါ့မရှိသေး။

l မှန်ပြီ...
ငါ့ဆီတဖန်
တုံ့ပြန်ကျွေးမွေး လက်ဆောင်ပေးကို
ကောင်းတွေးငါသို ငါကြိုဆို၏။
ကြိုသာကြိုရ ဆိုလိုက်ရလည်း
ဘဝတက်ကိန်း ငါယိုင်ယိမ်းသော်
ထိမ်းပေးမှာလား သိမ်းမှာလားလည်း
ခွဲခြားအသိ ငါ့မရှိသေး။

နတ်တလူစာစဉ်

www.burmeseclassic.com

1 **တော်ပြီ တန်ပြီ**

**ငါသည်သင့်အား လက်ခံထားသော**
**ခွင့်များခုနှိမ် ပြန်သိမ်းချိန်**
**သင့်အိမ်သင်သာ ပြန်ပေရော့။**

**– သင့်အကြံကား ...**
**ဆင်ကြံလည်းကြံ မြေကိုလှန်**
**ကပြောင်းကပြန် လုပ်ရန်ကိုး ... ။**

**– သင့်အပေါင်းကား ...**
**ကျားချောင်းလည်းချောင်း လူချင်းဆောင်း**
**လက်ပြောင်းလက်လွှဲ လုပ်ရန်ကိုး ... ။**

**– သင့်အပေးကား ...**
**တို့ဆေးခတ်ဆေး မေ့ထုံဆေးသို့**
**စိတ်တွေးကိုချုံ့ စိတ်ထွက်နုံ့**
**အားတုံ့အားနှာ ဖြစ်ရန်ကိုး ... ။**

**[၁၃၆၃ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊**
**ပဋိပတ်တောစခန်း]**

## ၄၇။ သွေးကဖြစ်သော ဝါသနာ

l သူ့ဝါသနာ လှန်မတိုက်နဲ့
အလိုက်အထိုက်ကွဲ့ သင့်အောင်နေ။

l စေတနာဆို ပြန်သာတိုက်ကွဲ့
အလိုမလိုက်နဲ့ ပြတ်ပစေ။
– နှစ်ဖြာကွဲ့ ဝါ–စေ
ဝါသနာလေ တားမရဘူး။

l ဘဝရဲ့ကုဋေကုဋာ
ရတိုင်းပင် မကွေ့ပါမို့
သေရာပါ မတားလေနှင့်
တားနေလျှင် တားသူသာ အရှုံးဖြစ်မယ်
သူကတော့ မြူးမြဲပင်မြူး... ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ပဋိပတ်တောစစန်း]

## ၄၈။ စိတ်ပေးကံပေး အတွေးနှင့်သွေး

l အတွေးကပ် စေတနာ
အတွေးရပ် သူကွာမို့
ခွာတတ်လျှင် ထူး ... ။

l သွေးတွင်းဖြစ် ဝါသနာ
သွေးဆင်းရာ သူအပါမို့
ခွာလို့ရဘူး ... ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ပဋိပတ်တောစစန်း]

www.burmeseclassic.com

# ၅၀။ ဝိသာခါဂုဏော အနုဿော

1 ငါဟဲ့ယောကျ်ား သင်ကြုံးဝါးလည်း
ဘုရားထံမှောက် သင်သွားရောက်၍
ချီးမြှောက်စာတ်မှန် လက်ဝေခံစဉ်
သံဃံပူဇေမိ ဆိုလေမိတိုင်း
ဝိသာခါမ သင့်ရှေ့ကြွပြီ
သင်က ရှိခိုးရတုန်းဘဲ... ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊
ဝငြိုဗတ်တောစခန်း]

# ၅၁။ မနုသီဟမှ ဆင်းသက်လာသော လူသား

1 သဗ္ဗေ ဓမ္မာ အနတ္တာဟု
မြတ်စွာဗုဒ္ဓ နှုတ်တော်ဟကြောင့်
နှစ်ဝရုပ်နာမ် အရင်းခံလည်း
ကေန်မုချ အနတ္တ
သဘာဝက ပြပြီးသား… ။

1 ထိုမှတဖန် ရုပ်နှင့်နာမ်တွင်
ဝိပ္ပလ်သုံးချက် နာမ်ဝင်စွက်ကြောင့်
စွဲချက်ပြင်းထန် ထိုသည့်နာမ်ကား
ပုန်ကန်အနတ္တ သူလုပ်ပြလိမ့်။

1 အနတ္တပုန်ကန် ထိုသည့်နာမ်ရှိ
ဝိပ္ပလ္လာသ ရှေ့လမ်းပြကား
အမှတ်ကလွဲ အသိလွဲနှင့်
တလွဲအမြင် ထိုသုံးခွင်
အစဉ်ရှေ့နောက် သွားစမြဲ။

1 ဝိပ္ပလ္လာသ ထိုသုံးဝက
အတ္တဝါဒ ပါဒါန်စုလျက် နာမ်စုသို့သာ
တဏှာမာန ပပဉ္စသိုက် ထိုးပေးလိုက်ရာ… ။

BURMESE CLASSIC .com

၊ ငါက သူ့ကို
ဘယ်လိုဘယ်ဟာ ဘာဘာညာဖြင့်
ဥပါဒါန်ဝင် ခန္ဓာရှင်များ စိတ်မွေးဖွားပြီး
ဘုရားနှင့်ကား ဆန့်ကျင်ဘက်။

၊ ဥပါဒါန်ဝင် ထိုစိတ်စဉ်ကား...
ထက်ဝင်အောက်လျှိုးမျိုးမျိုးဘဝ ဖန်ဆင်းပြကာ
အနတ္တတရား မျက်ကွယ်ထားပြီ
ဘုရားရှေ့နေ မလိုက်သာ။

၊ ဘုရား၏သား သမီးများတို့ ...
စကားအနတ္တ နှုတ်ထွက်လုပြီး
ကာမ အတ္တ သီလဒိဋ္ဌိ
ထိုအငြိများ စိတ်၌ထားကာ
ရှေ့လားဘဝ မျိုးဗီမျော
မလွတ်ချသေး မွေးမြဲမွေးသော်
မွေးပေးမိဘ ပေါင်းရာကျလင်သား
ဘက်လိုက်မှားသို့ ... ။
ဖဝါးခြေစ လက်တွေ့ပြကျ
အတ္တသို့သာ ယိမ်းနွဲ့ပါမည်
ဘာသာအနတ္တ လူအတ္တ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ဝဋ္ဋိပတ်တောစခန်း]

# ၅၂။ အနတ္တသို့ အပြန်ခရီး

l ပြောမပြသာဘု
သဘောမျှရှိချေရာ
တစ်ကြောင်းထိုး ကောင်းဆိုးမသိသာဘူး
အလည်မှာ မတုန်လှုပ်
ကျောက်ရုပ်သို့သာ... ။

l ကာမဓာတ် မအပ်လာ
အနတ္တာရဲ့ အပြန်ခရီး။
လွတ်ဓောကိုဖန်
ဂေါတ်ဝေါဒါန် လေးနွှယ်ဖြတ်ခဲ့လျှင်
ပြတ်ကျပြီ အတ္တလေးစည်း
အနတ္တချည်းဘဲ ထီးထီး။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်နေ့၊ ပဋိပတ်တောစခန်း]

BURMESE CLASSIC .com

# ၅၃။ အမြတ်ကြီးစားသမားများ၏ ခြေလှမ်း

၊ တန်းတူတွေ့လျှင် မေတ္တာဝင်
ယှဉ်ပြိုင်မာန နှိမ်ပြီးသား ... ။
– ကိုယ့်အောက်ကဆို ကရုဏာပို
ဝန်တိုမိစ္ဆာ နှိမ်ပြီးသား ... ။
– ကိုယ့်ထက်သာဆို မုဒိတာသို
မနာလိုစိတ် နှိမ်ပြီးသား ... ။
– ချစ်လည်းမဖြုန် မုန်းမတုန်
မုန်ယိုစိတ်ကို နှိမ်ပြီးသား ... ။

၊ ထိုသည့်လေးပါး လက်ကိုင်ထားဖြင့်
ကျက်စားလောက ဖဝါးချသော်...
– ကင်းပရန်အေး နောင်စုမေး
အကြွေးဆပ်ရန် မလိုပါ။
– သန့်ပြန့်စိတ်ဖွေး ပြန်လှန်မွေး
အတေးထားရန် မလိုပါ။
– မြင့်ထက်မြင့်နယ် လမ်းယှက်နွယ်
အပါယ်သွားရန် မလိုပါ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊
ဝင်္ဂီဝတ်တောစခန်း]

# ၅၄။ မသိဉာဏ် မတွေ့ဘူး လာလှည့် ကြည့်လှည့်

– ငါကလွဲလျှင်
ရာဇဝင်ဆောင်း နောက်ခံကြောင်း
ကောင်းသည် ငါမထင်... ။

– ငါကလွဲလျှင်
ပီပြင်ကိုယ်နှုတ် ပုံဟန်လုပ်
ဟုတ်သည် ငါမထင်... ။

– ငါကလွဲလျှင်
အမြင်ပေါ်ရန် ဆင်ခြင်ဟန်
မှန်သည် ငါမထင်... ။

l လက်စသတ်တော့
ကိုယ့်စာတ်ကိုယ်ငင်
အဝင်အထွက် အဖျက်အပို့
အတို့အဆွ စင်တင်ကကို
ဃနသေချာ မမြင်ပါဘဲ... ။

l တကာအများ
အပြင်ထားမျှ ကြည့်ခွင့်ရကို
သည်ကလိုသေး ဟိုလိုသေးဖြင့်
လိုသေးဖြန့်လွှမ်း ထိုခန့်မှန်းကား...
– သူ့လမ်းသူစဉ် သူပြေ(ပြည့်)ဝင်
ခြေခွင်ဝင်ရိုက် နေခြင်းသာ။
– ကိုယ့်မရှိဉာဏ် မသိဉာဏ်
လှန်ပြ လှစ်ပြ နေခြင်းသာ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ဗဋိဗတ်တောစခန်း]

www.burmeseclassic.com

## ၅၅။ အတူတူနဲ့ အနူနူ

1 အတွင်းရှိ
ထွင်းကြည့်စရာ ဘာမပါမို့
ကမ္ဘာမှာ ငါတစ်ယောက်
ငါလောက်သာသိ။

1 တမူထဲ
သူလည်းပဲ ငါ့သို့သာမို့
တစ်ဘို့စာ ဖူးအမောက်
သူ့လောက်သူကြည့်။
[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ပဋိပတ်တောစခန်း]

## ၅၆။ စံရိပ်ငြိမ်

1 ရိပ်ငြိမ်စံ ကံပစ်ချ
ဟန်သစ်က တောင်ပတ်နေသည်
ချောင်မြတ်ရွှေပြည်။

1 နောင်မှတ်ဖို့ ရွှေမည်
နွေအချိန်ရဲ့ မိဿထဲ… ။

1 အတာကူးစ အကြိုအဆို
အလာထူးကြ ကပိုကရိုနဲ့
အလျှို အလျှိုကပ်ခို့ ခို့လို့ရယ်
အမြတ်မှ အပြတ်သို့
ဖြတ်ပို့ပို့ သည်ပွဲ။
[၁၃၆၄ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်]

BURMESE CLASSIC .com

# ၅၇။ စံရိပ်ငြိမ် ရေစက်ချပွဲ

၊ ဓာတ်အမြူးမှာကွဲ့
ကပ်ကူးခဲ့ သူကိုယ်ဆီမှာ... ။

၊ ပဋ္ဌာန်းဆက်
အတန်းမပျက် ရှေးနောက်စဉ်လို့
ရွှေးကောက်အသွင် လက်ကမ်းဆက်လို့ရယ်
မှန်းချက်က ဆေးလွတ်ရာသာ... ။

၊ တာကူးဆဲ သည်ချိန်ခါ
တည်ငြိမ်စွာ စိုက်ချအထား... ။

၊ ဓမ္မဓာတ်ရေစင်
သဟာဓာတ်ရွှေအသွင်နဲ့
ဝေနေရှင် ပေါင်းစုများဆီသို့
ကောင်းမှုကြားခံထားလို့ရယ်
အကြောင်းပြုခဲ့သမျှ အသွားအပြန်များ... ။

[၁၃၆၄ ခုနှစ်၊ တန်ခူးလသကြြန်အကြိုနေ့ အထိမ်းအမှတ်ပွဲ]

www.burmeseclassic.com

## ၅၇။ ဆိတ်ငြိမ်ခြင်းကို အရင်းတည်၍

l အတိုက်အခံကင်းဆိတ်
လင်းရိပ်ကရောင်ပြန်ပေါ်
တွင်းကြိတ် ကြိတ်ပျော်။

l မင်းဘိသိက်ထိပ်မှာခေါ်
သိက္ခာအဖော်က ဓမ္မဦးချ။

l တစ်ကျင်းဆောင်း
တွင်းပြောင်းကာ မတူးချင်ဘူး
မထူးလျှင် အထူးဝင်ရှွေလက်အကူနဲ့
ရေမက်သူ ရေထွက်မတွေ့
တွေ့အောင်ပင်ဆွ။

[၁၃၆၄ ခုနှစ်၊ တန်ခူးလပြည့်၊ စံရိပ်ငြိမ်]

www.burmeseclassic.com

# ကုဋေရှစ်ဆယ် သူဌေးသား

[ကဗျာရှည်]

www.burmeseclassic.com

## ၅၈။ ကုဋေရှစ်ဆယ် သူဌေးသား

1 ဘုရားပွင့်ရာ ခေတ်ချိန်ခါက
ဗာရာဏသီ မင်းနေပြည်ဝယ်
ဖွေသိပြီးကံ အတိတ်ခံကြောင့်
ရှာရန်မလို ဖွေမသိဘဲ
နဂိုအခြေ မိဘမွေဖြင့်
အခြေတင့်စွာ နေခွင့်သာသည့်
ကံရာစာဖွား သူဌေးသား
ထင်ရှားခဲ့ပါသည်။

1 ထင်ရှားသလောက် ကံထွန်းပေါက်ကြောင့်
တောက်ကြွပေါ်လွင် ထိုအရှင်၏
မည်တွင်နာမ သင်္ကေတကား
ဓနဗလ သူဌေးသား ... ။

နတ်တလူစာစဉ်

www.burmeseclassic.com

၊ သူ၏ဖခင်
မည်တွင်ခေန မင်းဗလန္ဒ
ခနအင်အား ငွေကြေးများကား
မှတ်သားတွက်ရေ ပြရချေသော်
ကုဋေရှစ်ဆယ် ပေါပြည့်ကြွယ်
လက်ဝယ်ပိုင်ဆိုင်ထား... ။

၊ ရင်တွင်းသွေးမှီ သတိုးဆီကား
သည်တစ်ယောက်သာ ထွန်းကားလာ၏။
တစ်ယောက်တည်းဖွား တစ်ပွင့်ထားကြောင့်...
– သည်သားအထူး သည်သက်မှူး
သားဦးလိုလည်း ချစ်ပါသည်။
– နောက်ဆုံးကံဆောင်း အားသစ်လောင်း
သားနောင်းလိုလည်း ချစ်ပါသည်။
– မောင့်ကိုများထည်း ဝင်ခိုမှီး
သမီးလိုလည်း ချစ်ပါသည်။

၊ အချစ်လွန်ကဲ အသဲစွဲကြောင့်
မခွဲမခွာ နေစေရာ
ပညာသင်ချိန် သူမရှိ။

၊ စီးပွားရေးရာ မျက်နှာစာ
လှည့်ပါကြည့်ပါ မနိုင်းမိ။

၊ ပညာမသုံး လူလုံးမလိုက် အားမစိုက်ပဲ
သူ့ဥလက်ရှိ ပေါပြည့်ဥစ္စာ အသပြာနှင့်
တိုက်တာနေအိမ် ရွှေစိန်မြသား ပတ္တမြားဖြင့်
သည်သားတစ်သက် လုံပြီတွက်
မပျက်တော့ဘူး ထင်မိ၏။

၊ သို့ဖြင့်ပင်လျှင်…
သားရွှေစင်ကို မငြင်မငြို
သူ့နဂိုလိုက် သူ့အကြိုက်ဆောင်
သူပျော်အောင်မွေး အရေးပေးကာ
နွေးထွေးစွာဖြင့်
လူမှာလားမြောက် တစ်ဆယ့်ခြောက်
လူမြောက် တက်သွေးကြွလာပြီ။

၊ ဆွေချင်းရောယှက် သွေးချင်းစက်၍
မျိုးဆက်လက်ထား သားမီးပွားသော်
နှစ်ပါးဖမိ တာဝန်ရှိ
လူ၏ဝတ္တရား။

၊ ဆွေစဉ်မှသက် မျိုး၏လက်သို့
နှင်းဆက်လက်ပွား ဝတ္တရားကား
– မကောင်းကြားသို့ သွားလာစို့
  တားဖို့ တာဝန်ရှိပါသည်။
– ကောင်းရာကိစ္စ အဝဝ
  လမ်းပြ ပေးရပါဦးမည်။
– ပညာသင်ရန် ဆရာ့ထံ
  အပ်နှံ ပေးကြရပါမည်။
– ပညာမှထွက် စီးပွားဖက်
  စားကျက်ပြရပါဦးမည်။
– စီးပွားပညာ အလျင်ပါ
  ကြင်ယာရွေးချယ်ပေးရမည်။

၊ ထိုသည့်ငါးချက် ဝတ်မပျက်မှ
ဆွေဆက်လက်ပြောင်း ရှေ့ရည်လောင်းသည့်
မိကောင်းဖခင် အရာဝင်လိမ့်။

နတ်တလူစာစဉ်

www.burmeseclassic.com

၊ အကယ်၍များ
ငါးပါးဝတ်တွက် ထိုသည့်ချက်တွင်
တစ်ချက်လည်းလွတ် နှစ်ချက်လွတ်ဖြင့်
အလွတ်ကများ ဝတ်ကပါးသော်
မိသားမစစ် ဖမစစ်ပြင်
မိတ်စစ်ပင်လျှင် မဖြစ်ချင်ပြီ။

၊ နေဗလ မင်းသေ၍ွ
ယနေ့ဆယ့်ခြောက် လူလားမြောက်သည့်
ဆွေထောက်မျိုးပွား ထိုသည့်သား
ထိမ်းမြားတာဝန် ကျလာပြီ။
– သားဆန္ဒတွေ
ပြည့်ပါစေတော့ ပျော်ပေရော့ဖြင့်... ။
– သားကျက်သရေ
တက်ပါစေတော့ လက်ပေရော့ဖြင့်... ။
နန်းကြော့ခက်ဝေ ကနက်ဖွေ၍
ဆွေဆွေချင်းတို့ မျိုးမျိုးချင်းဆက် စီးပွားဖက်ရန်
တစ်ဖက်ကြင်ယာ ခင်ကညာ
အရှာထွက်ရပြီ။
– လူချင်းဆက်တော့...
ရောင်းကွက်ဝယ်အား ဈေးကစား၏။
– ကံချင်းဖက်တော့
ရောင်းကွက်အလကား ကြေးမထား။

၊ လူချင်းကံဆက် နတ်ဝင်စွက်သို့
တစ်ဖက်မှာလည်း
ကညာသမီး တစ်ယောက်တည်းက

BURMESE CLASSIC .com

ခရီးဆယ့်ခြောက် အရွယ်ရောက်
ရွေးကောက် စောင့်နေပြီ။

၊ တစ်ဦးတည်းသက် ထိုတစ်ဖက်လည်း
လက်ရှိကြေးငွေ ပေးအခြေက
ကုဋေရှစ်ဆယ် ပေါပြည့်ကြွယ်ကြောင့်
ငယ်စဉ်အခါ ပညာအမွေ မယူစေခဲ့
ရှာဖွေအတတ် လက်မထပ်ခဲ့
မတတ်ပညာ မရှာစီးပွား ဖြစ်ပါငြားလည်း
လက်ဖျားငွေသီး အခြေကြီးမို့
သမီးတစ်သက် လုံပြီတွက်
မပျက်တော့ဘူး ထင်မိရှာ။

၊ ထိုသည့်ထင်ကြေး ဘဝင်သွေးကြောင့်
မွေးမိသမီး တစ်ဦးတည်းကို
မငြိုးမငြို သူ့နဂိုလိုက်
သူ့အကြိုက်ဆောင် သူပျော်အောင်မွေး
အရေးပေးထား ခွင့်ထူးများဖြင့်
စားချင်လျှင်စား သွားချင်သွား
ပျော်ပါးစေခဲ့ပြီ။

၊ ယနေ့သော်ကား...
နွယ်ဖွား မြဟွဆာ
အရွယ်ကားဆယ့်ခြောက်
အထောက်ကုဋေရှစ်ဆယ်
ပေါပြည့်ကြွယ်သော
နွယ်တူ ရွယ်တူ တက်လူမင်းပျို လာရောက်ကြိုပြီ
ရွှေကိုယ် ငွေလက် ထပ်ရန်ကို... ။

www.burmeseclassic.com

၊ ထိုမှနောက်ထွက် နေ့ကောင်းရက်တွင်...
နှစ်ဖက်မိဘ နှစ်ဝမျိုးဆွေ နှစ်ဖက်နေတို့
ရွှေပေါ်မြသွင်း ကံပြိုင်ခြင်းနှယ်
ဟန်ချင်းလည်းတူ ကံချင်းတူသည့်
နှစ်ဆူနေလ ကိုနှင့်မကို
သက်မျှကြင်ချစ် စုလျားရစ်ပြီ
တက်သစ်နေသို့ လင်းစေသော်... ။
– ငါ၏အခြေ ငါ့အနေ
ကုဋေရှစ်ဆယ် သူဌေးသား... ။
– သူ၏အခြေ သူ့အနေ
ကုဋေရှစ်ဆယ် သူဌေးသမီး... ။

၊ ထိုသူနှင့်ငါ ပေါင်းဖက်ရာတွင်
ကံရာစာမောက် နောက်ကြောင်းထောက်ကြောင့်
မိအောက်ဖအောက် အရိပ်အောက်ဝယ်
ကြောက်ဖွယ်မတွေ့ ရှုံ့မတွေ့ပြင်
ပျော်မွေ့စရာ စုံတကာဖြင့်
ဘုံမှာပင်ပျော် ဘုံပေါ်တွင်စံ အောင်ပွဲခံ
နတ်ဖန်ရွှေပွဲ နွဲ့ကြပြီ။

၊ သားမီးအကြိုက် မိဘလိုက်သော်...
အမိုက်လက်တွင်း
သားမီးဆင်းရ ထုံးလက်ကျမို့
လောကရေးရာ ဓမ္မတာနှင့်
လူ့ရွာဖြစ်အင် လူတို့ညဉ်ကို
လင်ရောမယား မျက်ကွယ်ခြား
လားလားမသိကြ။

၊ သို့ဖြင့်ပင်လျှင်
ကာမ ပြင်နက် ရေယဉ်ထက်ဝယ်
ပက်လက်အစုန် မှောက်ခုံအဆန် အပြန်လှန်ဖြင့်
နံရံဘောင်ခင်း ထောင်တွင်းနေအိမ် လှော်ခတ်ချိန်မှာ
မိရှိန်ကွယ်ပျောက် ဖရှိန်ပျောက်ခဲ့။

## ကံကြွင်းပေးသူဌေးဖြစ်၊ ကံသစ်ဝေးလျှင်ခွေးပြန်ဖြစ်

၊ ကံထောက်နောက်ခံ
နှစ်ဖက်ရုံထား မိဘများတို့
ကွယ်ခြားအားလုံး သက်ကုန်ဆုံးသော်
ကိုယ့်ဘုန်းကိုယ့်ကံ ရှေးလက်ကျန်ဖြင့်
ဆက်ခံခွင့်ရ မွေလက်ကျကား … ။

၊ ခနဖက်လည်း…
နှစ်ဖက်နှစ်ချက် ကုဋေထွက်ကြောင့်
မိထက်လည်းသာ ဖထက်သာ
ဘသာနာမည်ပေး … ။

၊ ကာမဖက်လည်း
နှစ်ဖက်လေးဦး သွေးပြင်းပူးကြောင့်
မိဦးထက်မြူး ဖထက်မြူး
မေရှုး နာမည်ပေး … ။

၊ ကာမခနေ
ဗလအင်အား နှစ်ဖက်ပွားကြောင့်
ထင်ရှားဘွဲ့ခံ သူ့နာမံကား
ဘုံစံသေဋ္ဌ ခနေဗလ … ။

BURMESE CLASSIC .com

၊ ထိုခေတ်လက်သုံး စနစ်ထုံးကား
ဘုန်းမီးနေလ တောက်ပလွင်သစ် သူငွေးဖြစ်သော်
တိုင်းချစ်ပြည်ရှင် မင်းဘုရင်၏
တွင်းပြင်ဆက်ဆံ ရေးရာမှန်ကို
အကြံပေးခြင်း ထောက်ခံခြင်းဖြင့်
မင်းသက်နွယ်ဝင် မင်းတိုင်ပင်မြှောက် မင်းနားဖောက်
ရွေးကောက်ခံရမြဲ... ။

၊ ပေါ်ထင် သူ့ခေတ် ထိုစနစ်ကြောင့်
လက်ဖြစ်မရှိ ဉာဏ်မရှိဘဲ
မိဘရိုက်ရာ ဆက်ခံလာသည့်
သည့်မှာမင်းမွေး သန်းကြွယ်လေးလည်း
ကြံပေးဖို့ရာ နန်းမဟာ
မကြာ မကြာဝင်ရပြီ။

၊ ဝင်လေတိုင်းလည်း ...
ဝိုင်းဆီးဖော့မြှောက် ရှေ့ရောနောက်ပါ လူ့ကပ်နွာတို့
မဟာလမ်းမ ဆီးကြိုကြကာ
ကြွဖို့လည်းခေါ် ပျော်ဖို့လည်းဖိတ်
မိတ်ဖြစ်လည်းဆက် ဆွဲဆောင်ချက်ကြောင့်...
– အရက်ကြိုက်လျှင် အရက်ခွင်
ဝင်မှာ သေချာ၏။
– အားနာတတ်လျှင် အားပါဝင်
ခင်မှာသေချာ၏။

၊ လောကအရာ လူ့အထာကို
ဘာမျှမသိ သန်းကြွယ်ရှိလည်း
မသိနိုးနား လိုက်ယောင်မှားဖြင့်

မျှားရာ သူ့လက် သူ့အရက်
ဆက်မိသွားခဲ့ပြီ။

1 အာရုံတစ်ခု
အစပြုမိ ဆက်ဆံမိက
စိတ်၏အလှည့် သွေးအလှည့်နှင့်
အလှည့်အာရုံ ငါးပါးစုံက
ဝိုင်းအုံထိပါး ဝိုင်းလှည့်ဖြားကြောင့်
ခံစားတစ်ချက် ထိုထိကွက်
တစ်သက်မမေ့ပြီ။

1 မမေ့ရုံမျှ ရပ်မရပါ
စိတ်ကလည်းဆွ အပြကဆွယ်
လွယ်သူကမျှား ချဲ့ကွက်ထားကြောင့်
စားပြီးတိုင်းဆာ ဆာလေတိုင်းစား ထိုအကြားမှ...
ထွက်သွားခွင့်က ပြန်မရပြီ... ။

1 သည့်ပမာပင်
ကံသာကြီးမား ဉာဏ်ခေါင်းပါးသည့်
ဖေ့သားမေနေ မင်းဗလလည်း
အစအားနာ
နောင်ခါအသည်းစွဲ သေပွဲနွဲ့ဖြင့်
ရစ်ဝဲပျော်သည် အဖော်မှီ
တော်ပြီ မရှိတော့။

1 ထိုမှနောက်ကား မင်းထံပါးသို့
ခစားမဝင် မသွားချင်ပြီ။
တိုင်ပင်စကား အကြံများလည်း
သည်းကြားမဝင် ရာမထင်ပြီ။

နတ်တလူစာစဉ်

စိတ်စဉ်အထား သိစိတ်များလည်း
ရှေ့လားမမိ နောက်မမိပြီ။
သတိဝင်ရောက် တံခါးပေါက်လည်း
သောက်စားမူးမေ့ ပွဲအတွေ့က
ဆေ့ရှုံလည်းထား ပိတ်ရှုံထားပြီ။
ဖေ့သားခနေ မင်းဗလဒ္ဓ
ပြင်းပြအချက် ကွက်တစ်ကွက်မှာ
– အရက်ဖြင့်နှူး သွေးလေမြူး
မူးမူးနှင့်ပင် နေလိုခြင်း... ။
– အရက်ဖြင့်ဖေ့ စိတ်ခလေ့
မေ့မေ့နှင့်ပင် နေလိုခြင်း... ။

1 ထိုသည့်ဆန္ဒ စိတ်တွင်းထကြောင့်
အစမှာ လမ်းက
ခုကျလျှင် အိမ်
အကြိမ်ကြိမ်ဝင် ... ။
အိမ်မှာပင်လျှင်
အစတွင်မှောင်
ခုသော်ပြောင်ကျ ပျော်ပွဲချ၏။

1 ခနဗလ သေဋ္ဌဂေဟာ ဗိမာန်သာကား
ပမာသရုပ် သေတင်းကုတ်သို့ ဘုံဆိုင်သို့နှယ်။
အချို့က မြူး အချို့ရူး
အမူးတရုန်းရုန်း... ။

1 ထိုသည့်မြင်ကွင်း မဖွယ်ခင်းကြောင့်
ဆွေရင်းမျိုးရှာ ညတကာပင် မလာချင်ကြ။
ဖခင်မိပေါင်း မိတ်ကောင်းစိတ်ဖြူ

အယူဖြောင့်မှန် အကြံသင့်တင့်
အမြင့်ကိုဆောင် လူထိပ်ခေါင်များ ရှောင်ကြရှားကြ။
သက်မျှကြင်သူ ကံတူမယား ထိုတစ်ပါးသာ
အနားကမခွာ ရှိချေပါ၏။

၊ မခွာရုံတွင် မကချင်သေး
လင်အလိုလိုက် လင်ကြိုက်ကိုဆောင်
လင်ပျော်အောင်မွေး လင်ချစ်သွေးဖြင့်
သူဌေးပြန်ရောက် အရက်သောက်ချိန်
ခွက်မြှောက်လျှင်ပင်း ခွက်သွင်းလျှင်လော့်
အရသာပေါ်ရန် အကြော်အသုပ်
အဖုတ်အကင် မျိုးစုံလင်ကာ
အပင်လည်းဖက် အရွက်လည်းပွား
အသားမျိုးစုံ ဥမျိုးစုံကို ကိုယ်တိုင်ကြော်ချက်
မချက်အစေခံ ခိုင်းစီမံပေး ပြုစုသေး၏။

၊ ထိုမှနောက်တွင် ပွဲအစဉ်ကျ
ချစ်လင်နှင့်တွဲ သောက်ခွက်ဆွဲကာ ပျော်မြူးကာဖြင့်
သူလာမသိ ကိုယ်မသိ
ထိပေါ့ အမေ့ပြင်း ... ။

၊ သူဌေးနောက်မှာ ကပ်လိုက်ပါသည့်
ကပ်ခွာသမား လူအများတွင်
သောက်စားပျော်ပါး စော်ကားနည်းဖုံ အကြံစုံရာ
ဂုဏ်ရှင်စနေ မင်းဗလကြီး
မူးကျလဲကျ အမေ့စသော်...
– အချို့က အသပြာ တွေ့ရာရာ
နှိုက်ကာ အိမ်ကဆင်း။

www.burmeseclassic.com

– အချို့အစေခံ အကောက်ကြံ
ဖောက်ပြန် သူစစ်ခင်း။
– သူလာမသိ ကတော်မိ
လက်ထိ ကိုယ်လွန်ခြင်း။

l အလစ်နိုက်စား ထိုလူများကြောင့်...
မျိုးဖွားဆွေညာ မိတ်သဟာနှင့်
များရာအားထား အောက်ငယ်သားတို့
ပွားလိုတိုးငြား မျှော်ကိုးအားဖြင့်
အပ်ထားဥစ္စာ ရတနာများ
နေရာလွဲမှား အပျောက်များပြီ။

l သို့ဖြင့်ပင်လျှင်
နှစ်ဝင်လသွား လစားရက်ဆုံး
အချိန်ဖြုန်းတီး ကံလုံးတီးရှိ
စနီးမောင်နှံ ကံကြုံစံတို့
အပ်နှံခနေ ပြန်မရသော
ဝေးမှနီးနေ ရံအခြွေများ
အိမ်ခြေရာမှောက် စည်းဝေးရောက်ကာ
ကောက်မိဥစ္စာ ရရာပစ္စည်း
လက်လွှဲသိမ်းကြ ယူငင်ကြပြီ။

l နောက်မှရောက်လာ ဥစ္စာရှင်းပေး
မရသေးသူ များငါသူကား
လူကိုနှင်ချ အိမ်အရသိမ်း ဗလာချိန်း
ချိန်းပြောင်းပေးကြပြီ။

l သူဌေးဖြစ်မှ ဆွေးဖြစ်သို့လား လင်မယားကား
တောင်းစားအစာ ဂေဟာရေပ်

ကိုယ်ကပ်အဝတ် ကြုံရာသွတ်ဖြင့်
လက်လွတ်ကိုယ်ကျွာ ရပ်တကာသို့
ပတ်ကာလှည့်ပြေး အမြတ်ဝေး
ဝမ်းရေး မလှုပြီ။
– မောင်၏ပိုင်ချက် စာရင်းတွက်
ခွက်တစ်ခွက်သာ ကျန်တော့သည်။
– မယ်၏ပိုင်ချက် စာရင်းတွက်
ခွက်တစ်ခွက်သာ ကျန်တော့သည်။

၊ သွားလေသူများ ပြန်ရှုစားသော်
သနားတောက်ခေါက် မှားကွက်ထောက်
ဘယ်လောက်ရင်နာ လေမည်နည်း။

## ဘုရားကပင် ပြုံးရသူ

၊ တစ်နေ့သောခါ
မြတ်စွာဗုဒ္ဓ သုံးလူ့ဘသည်
မိဂဒါဝုန် တောရဂုံဝယ်
ဂုဏ်ရှင်သေဌ နန္ဒိယ၏
ဒါနအင်အား ပြသထားရာ ကျောင်းတော်မှာပင်
နောက်ပါအထား ရဟန်းများနှင့်
ဆွမ်းစားကိစ္စ ဆောင်ရွက်ကြချိန်
လက်ရကိုယ်တွက် ခွက်တစ်ခွက်စီ ကိုင်မြှောက်ချီကာ
– မပီလှူရုပ် ဂုဏ်သိမ်နုပ်နှင့်
– စုပ်ပြတ်ညစ်မွဲ မလုံလဲနှင့်
ကျောင်းထဲသို့ချဉ်း
စားကြွင်းကိုမျှော် ငတ်ဂုဏ်ဖော်သည့်

www.burmeseclassic.com


ထင်ပေါ်အထူး ထိုနှစ်ဦးကို
ထွန့်ဖူးညထ်ရှင် ဘုရားမြင်သော်...

၊ ဂုဏ်ဝင်ထိုက်လျက်
မလိုက်ပျက်ကွက် မူးမေ့ချက်ကြောင့်
ဂုဏ်စက်ဆုံးပါး ထိုသူများ
ဘုရားပြုံးတော်မူ... ။

၊ ပြုံးခြင်းကိစ္စ အတွင်းကျကို
မျှတလုပ်ကျွေး ညီဘွားမေးသော်
ပေးပေါ့အဖြေ များသံဝေ
ရစေ ရည်ရွယ်ရင်း... ။

၊ ညီဘွားမဟာ အာနန္ဒာ
ကံသာချက်ထူး ထိုနှစ်ဦးကား
သွေးမြူးသားကြွ ရွယ်အထ၏
ပထမအရွယ် နနုငယ်ချိန်... ။

၊ အကယ်၍သာ
နှစ်ဖြာတက်ညီ လက်ညီညီဖြင့်
လောကီစီးပွား အသစ်ပွားသော်
တန်းစားပထမ ဂုဏ်ထူးရ
ဓနသူဌေး ဖြစ်နိုင်သည်။

၊ အကယ်၍များ တခြားမစွက်
တရားဘက်များ လှည့်ကြိုးစားသော်
လင်ကားရဟန္တာ
မယားမှာ အနာဂါမ် ထိုက်ထိုက်တန်
ခံယူနိုင်ကြမည်။

l ပထမအရွယ် အပျော်ဆွယ်ကြောင့်
မသယ်ချင်နေ ရှိပစေဦး... ။

l ညီဘွားမဟာ အာနန္ဒာ...
သူ့မှာကိုယ့်မှီ ထိုနှစ်လီကား
သွေးကြည်သားလှ ရွယ်အမျှ၏
ဒုတိယနယ် အားလတ်ကြွယ်ချိန်... ။

l အကယ်၍သာ
နှစ်ဖြာတက်ညီ လက်ညီညီဖြင့်
လောကီအလုပ် အားသစ်ထုတ်သော်
ဂဟပတိဒုတိယ တန်းစားရ
ဓနသူဌေး ဖြစ်နိုင်သည်။

l အကယ်၍များ တခြားမစွက်
တရားဘက်များ ဖိကြိုးစားသော်
လင်ကား အနာဂါမ်
သကဒါဂါမ် မယား ထင်အရှား
ဆုများရကြမည်။

l ဒုတိအရွယ် ဥစ္စာကြွယ်ကြောင့်
မသယ်ချင်နေ ရှိပစေဦး... ။
ညီဘွားမဟာ အာနန္ဒာ...
ဇလာကျသွား ထိုသူများကား
သွေးအားဆုတ်စ အနှုတ်ပြသည့်
တတိယနယ် အားကပ်နွယ်ချိန်... ။

l အကယ်၍သာ
နှစ်ဖြာတက်ညီ လက်ညီညီဖြင့်

BURMESE CLASSIC .com

လောကီဖက်မှာ စီးပွားရှာက
ဖြေသာရုံမျှ တတိယ
တန်းကျသူဌေး ဖြစ်နိုင်သေး၏။

၊ အကယ်၍များ တခြားမစွက်
တရားဖက်မှာ အားသွင်းပါသော်...
လင်မှာသကဒါဂါမိ
သောတပန်မယား ဆုရုံများ
လက်ပွားရကြမည်။

၊ ယခုသော်ကား အမြင်သားပင်
- လင်ကား သူ့လက်
ခွက်တစ်ခွက်သာ ပိုင်ဆိုင်ရှာ၏။
- မယားဘက်လည်း
တစ်ခွက်ထဲသာ ပိုင်ဆိုင်ရှာ၏။

၊ နှစ်ဖြာခွက်ဆွဲ ထိုအတွဲကား
လွဲခဲ့ဓမ္မ လွဲခနကြောင့်
ခွဲရလူ့ရွာ သေသောခါဝယ်
သူ့မှာလက်မဲ့ ကိုယ်လက်မဲ့ဖြင့်
လက်မဲ့သေရှာ ပြန်ရရှာမည်
ရလာအရင်း ရှုံးလေခြင်းဟု
ရှင်မင်းဗုဒ္ဓ မှတ်တော်ဟ
ကျနု ဖြေတော်မူ... ။

## ခေတ်သစ်လက်ပွား သူဌေးသားများသို့

• ဗုဒ္ဓဝါဒီ နွယ်သာကီတို့...
သင်သည် သူသည် ထိုနှစ်လီလည်း
ဂုဏ်ရည်အနန္တ မြတ်ဗုဒ္ဓ၏
ဓမ္မဓနေ နှစ်ဝအမွေ ခံထိုက်စေကြောင့်
ရွှေရင်တော်ဖွား သူဌေးသား
ဖြစ်ကားနေကြပြီ။

• သင်သည် သူသည် ထိုနှစ်လီ၌
ပါရမီဆယ်ပါး ဥစ္စာများလည်း
ရှစ်ပါးမဂ္ဂင် ပွားတွင်တွင်ဖြင့်
ယခင်ဘုရား အမွေစားခဲ့
ဘုရားဂေါတမ ယခုကျလည်း
ဘဝပေါင်းစု အမွေစုမို့
ကျွတ်ဆုတွက်ခြေ မဂ္ဂင်ရေ
ကုဋေရှစ်သောင်း မကပါ။

• သည်နေရာတွင် ဉာဏ်သက်ဝင်လော့ ...
– သင် ဟူသည်ကား လင်အလား
ဘုရားသားကို ဆိုပါသည်။
– သူဟူသည်ကား သင့်မယား
ဘုရားသမီး ရည်ရွယ်သည်။

• တဖန်လက်တင် ဉာဏ်သက်ဝင်ဦး ... ။
– သင်အမည်ခံ လင်သို့ဖန်
သင့်နာမ်ကိုပင် တင်စားမည်။
– သူဟု သမုတ် မယားဘုတ်
သင့်ရုပ်ကိုပင် တင်စားသည်။

နတ်တလူစာစဉ်

1 မည်သို့ဆိုစေ

အကြို့နှင့်အထ ဖိုနှင့်မတို့

သူက ကိုယ့်မှီ ကိုယ်သူ့မှီဖြင့်

ချီလေအတူ ယူလေမျှစား စုပြီးများကား

– ဘုရားတွေ့လျှင် ဖူးလိုချင်

သည်တွင်သက်သေ ပြချေပြီ။

– တရားသံကြား သဒ္ဓါပွား

ထင်ရှားသက်သေ ပြချေပြီ။

– သံဃာတွေ့လျှင် လှူလိုက်ချင်

သည်တွင်သက်သေ ပြချေပြီ။

1 သို့ကြောင့်ပင်လျှင်

သင်သည် သူသည် ထိုနှစ်လီတို့

ပါရမီနုသေး နည်းပါးသေးဖြင့်

ပေးဖို့အဖြေ ပေးဆင်ခြေ

အမွေ မဖြုန်းသင့်။

1 ဗုဒ္ဓဝါဒီ နွယ်သာကီတို့...

သင်သည် သူသည် ထိုနှစ်လီ၏

မှီတွယ်ရပ်စု စိတ်အစုကား

ဥပါဒါန်ဝင် ဒိဋ္ဌိငှင်ကြောင့်

အမြင်ယွင်းယို အမှားသို့၏

ငါ့ကိုယ်ငါ့ဟာ ငါ့ဥစ္စာထင် ငါပိုင်မြင်ကာ

ခင်မိခန္ဓာ စွဲလမ်းရာကြောင့်

ကိုယ်နာမှာကြောက် စိတ်နာကြောက်၏

ထိုးဖောက်သိမြင် အောင်ပွဲဆင်ရန်

ကိုယ်လျှင်ပွဲမထုတ် စိတ်မထုတ်ဘဲ

ငုတ်တုတ်ထိုင်ကြည့် ညှာတာမိက

နတ်တလူစာစဉ်

ကိလေဆယ်ပါး မှောင်နိုများကား
သနားမညှာ အားနာမဖက် လွန်ရက်စက်လိမ့်။
နေထွက်နေဝင်
နေ့လျှင် ညတိုင်း သူတို့နိုင်းရာ
မောလှပါပြီ တော်ပါပြီဖြင့်
နားမည်အိပ်မည် စိတ်ကရည်သော်
တချီနောက်ရက် အလုပ်ဆက်ရန်
လက်ခံအတွေး ကတိပေးမှ
တစ်ရေးအိပ်ခွင့် သူလမ်းဖွင့်၏။
သို့ဖြင့်ပင်လျှင်
ကိုယ်ဝင်သိမ်းထား ခန္ဓာငှားသည်
နိုင်းစားသူ့ဖက် အမြတ်ထွက်ပြီး
ကိုယ့်ဖက်မှာကား အရှုံးများ
ကျွေးထား မွေးထား ရုံမျှသာ။

l အကယ်၍သာ ကိုယ့်ကိုညှာကာ
ငယ်ခါလေ့ စာအတွေ့ကို
မလေ့မသင် ပွဲမဝင်သော်
ကြီးလျှင်ကိုယ်တွေ့ ရပ်လေ့
အတွေ့ခံရတတ်ပါသည်။

l ဗုဒ္ဓဝါဒီ နွယ်သာကီတို့
သင်သည် သူသည် ထိုနှစ်လီရှိ
လူမှီကံဟိတ် ပင်ကိုယ်စိတ်ကား
တံဆိပ်နာမံ မင်းဘွဲ့ခံမည့်
သေဠကံဖွား သူဌေးသားပင်... ။

l လူကိုယ်၌ရှိ ပင်ကိုယ်သိကား
ပကတိလက်ရိုး ကောင်းနှင့်ဆိုးကို

www.burmeseclassic.com

ထိုးထိုးထွင်းထွင်း အမြင်ရှင်းကာ
ကောင်းခြင်းဖြင့်မြတ် မင်းမွေထပ်မည့်
လူနတ်ချမ်းသာ ရယူမှာပင်
ခွင့်ရေးသည့်မျှ မကသေးပါ။

၊ ပါရမီဟုန် ချက်လက်စုံက
ဘုံဆိုးကိုဖန် ဒိဋ္ဌိရန်ကို
တွန်းလှန်ဖြိုပိတ် မင်းဘိသိက်
တံဆိပ်ခံမှာပင်။

၊ သောတာပန်စခန်း အိမ်ရှေ့နန်းမှ
တက်လှမ်းအထက် ခရီးဆက်ကာ
ရမွှက်လည်းသတ် မောဟသတ်ဖြင့်
နန်းမြတ်နိဗ္ဗာန် ဘိသိက်ခံ
စံမြန်းစေမှာပင်... ။

၊ သင်သည် သူသည် ထိုနှစ်လီတို့
သည့်မျှကြံထိတ် ပင်ကိုယ်စိတ်ကို
အရိပ်လည်းကြည့် သတိလည်းရုံ မမွှမ်းမံပဲ
သန်ရာနင့်တွဲ သန်ရာထဲမှာ
သံခဲအကြိုက် ရောယောင်လိုက်သော်
ပါရမီအသိုက် အမွေလိုက်
အနှိုက်ခံရပါတော့မည်။

– လူသိနင့်ယှဉ်
  သညာအထား ထိုမယား
  စော်ကားခံရပါတော့မည်။
– စေတနာ သဒ္ဓါ
  ကောင်းရာလက်ပွား အစေခံများ
  စော်ကားခံရပါတော့မည်။

နတ်တလူစာစဉ်

၊ စိတ်ထားမတတ် အရပ်ရပ်ကြောင့်
အမြတ်ရတနာ ထားရာကိုယ်စီ
ပါရမီများ ပျောက်ရှသွားသော်
အမှားအသိ အမှားကြည့်ဖြင့်
မှား၏ကိုယ်နှုတ် ထင်ရာလုပ်ကြောင့်
နောက်ဆုတ်အများ ရှောင်ကာရှား
အားထားပျက်တော့မည်။

၊ ယုံနေကျပင် မယုံချင်ပဲ
ဝင်မိစကား ကိုယ်အထားကို
မုသားလို့ပင် စွဲမှတ်ထင်ကာ
ဝင်တိုင်းလည်းပယ် ဆွယ်တိုင်းခေါင်းယမ်း
ပေါင်းခန်းမလုပ် ဘေးပုတ်ထုတ်သော်
တောထုတ်ခံဘဝ ရောက်ကြရကြောင့်
လောကစီးပွား နောင်စီးပွား
သင်ကား လက်မဲ့ ဖြစ်တော့မည်။

၊ တောထွက်ရပြီ
သင်သည် သူသည် ထိုနှစ်လီကား
အပမှီဘဝ အစွဲရဖြင့်
ကာမဖွက်တော မြိုင်လည်ကြော
မောမောနင့်ပင် သွားကြဦး ... ။

၊ ဗုဒ္ဓဝါဒီ နွယ်သာကီတို့
ကြည်လင်ဖွေ့ဖွေ့ ဉာဏ်လက်တွေ့ဖြင့်
ယနေ့ကာလ သင့်ဘဝကို
ကျနဖွေလှည့် စစ်ဆေးကြည့်လော့... ။

နတ်တလူစာစဉ်

www.burmeseclassic.com

l လက်ရှိခံစွက် ကိုင်မိချက်ကား
ကံပက်လက်သာ သင့်မှာကျန်၏။

l ထိုကံပက်လက် ထိုခံစွက်ဖြင့်
တစ်ဖက်အရှိ သူ့လက်မိကို
မသိကောင်းကောင်း ကြိုက်ကောင်းကောင်း
တောင်းစားနေရပြီ။

l သင်သည် သူသည်
ကိုင်ချီရက်ဆက် ခွက်နှစ်ခွက်ကား
နှစ်သက်လျှင်ချစ် မနှစ်သက်မုန်း
ခွက်နှစ်လုံးပင်။

l ပါရမီအခံ နောက်ကြောင်းရုံသည့်
ရှေးကံရှေးဘုန်း သူကောင်းသုံးများ
ပိတ်ဖုံးလက်မှောက် ရောင်မတောက်ကြောင့်
ထက်အောက်ပုဂ္ဂိုလ် များထိုထိုတို့
မခိုမအောင်း အယုံစောင်းကာ... ။

l တောင်းနိုင်မှရ မျှနိုင်မှရော
ပြောနိုင်မှကြား လမ်းစဉ်ထားဖြင့်
အများမှီခို များကြည်ညို
အလိုလိုကား ဖြစ်မလာ။

l အရိယာနွယ်ဝင် သူတော်စင်အား
သင်နှင့်ပင်ယှဉ် ဉာဏ်သက်ဝင်ကြည့်
မဂ္ဂင်ရှစ်ပါး တွင်တွင်ပွားလျက်
ရှေးထားဘုန်းကံ ယခုကံကြား
ဉာဏ်ဝင်စားကာ သွယ်ပေးပါ၏။
ကံပါဉာဏ်တွင်း ဝီရိယပင်းကာ တွန်းအားပါ၏။

နတ်တလူစာစဉ်

1 သုံးဖြာကံဉာဏ် ဝီရိယသန်ကြောင့်
နောက်ခံဘုန်းစက် ကြွကြွတက်ကာ လက်လက်သာခဲ့။
သိက္ခာသုံးဆင့် မြတ်အကျင့်ကို
ဆင့်ဆင့်ပင်ထုတ် မြင့်မြင့်လုပ်ရန်
ဘုတ်မှီ ရုပ်နာမ် ထိုနှစ်တန်အား
မာန်၍လည်းနိုင်း မဲ၍နိုင်းကြောင့်
ရိုင်းရာမှယဉ် လူ့အသွင်များ လွန်ထင်ရှားခဲ့။
စိတ်ထားကကြည် ဝသီနိုင်နင်း ဉာဏ်ပွင့်လင်းကာ
မယွင်းနှုတ်ကိုယ် စိတ်မငြိုကြောင့်
မှီခိုအားထား လူအများသို့
တောင်းစားဖို့ရာ မလိုပါပြီ။

1 သင်သည် သူသည် ထိုနှစ်လီလည်း
ကံရည် ဉာဏ်ရည် အဆင့်မှီ၍
ဝသီကောင်းများ စုဆောင်းထား၏။
လင်ကိုယ်မယား ရုပ်နာမ်များကို
ကျင့်သားသိက္ခာ တင်လိုက်ပါသော်
နောက်ပါရေးဘုန်း အကုန်လုံး
ယူသုံးနိုင်ပါသည်။

1 သို့ပါလျက်နှင့်
ရက်ဖင့်နေ့ဆွဲ ဟိုသည်လွှဲသော်
လွဲမည်ကေန် ဘိသိက်ခံ
စံခွင့် အခြေဝေး... ။

1 ဗုဒ္ဓဝါဒီ နွယ်သာကီတို့
သင်သည် သူသည် ထိုနှစ်လီ၌
ကိုယ်စီကိုင်ထား မဂ္ဂင်များကား
ငွေစားသံလျက် ပမာထက်၏။

နတ်တလူစာစဉ်

www.burmeseclassic.com

တွက်လိုရာတွက် ပိုင်းပိုင်းညက်၏။
ပယ်ဖျက်လိုရာ ရလိုရာများ
သေချာတိပ လက်မိပြလိမ့်။

၊ လောကအလည် နေလိုသည်ဆို
မှီခိုအများ လွန်အားထားရန်
ကြိုက်မှားကင်းစင် မေ့ကင်းစင်သည့်
အမြင်မှန်ချင့် အကျင့်လည်းမှန် ဖြည့်အားမှန်ကာ
သန်ရာအလုပ် သင်ကျိုးကုတ်
ယုတ်လမ်းမရှိပါ။

၊ လောကထိုဝင်္ကဲ ကျွတ်လိုသည်ဆို
ကိုယ်ပင်ကိုယ့်ကို ပြန်မှီခိုရန်
သိုပြီး ပုည အလိုလိုကျသည့်
သီလသမာ ပညာအမှန် သိက္ခာမှန်ကို
တန်တန်ထုတ်နုတ် သင်ကျိုးကုတ်
ဆုတ်လမ်း မရှိပါ။

၊ အကယ်၍သာ
နှစ်ဖြာကီကုတ် သင်မလုပ်ပါ
လက်ဆုပ်လက်တင် ရှစ်မဂ္ဂင်ကို
မြင်ရာမှာမေ့ ကြားရာမေ့ဖြင့်
အမေ့လက်မှာ အပ်မိပါသော်
ညှာတာကိုယ်စိတ် လိုမဆိတ်ဖြင့်
မိတ်လှည့်မက်သုံး အရှိန်ဖြုန်းသော်
နောက်ဆုံးလူစာတ် အသက်ပြတ်ချိန်
ရှုံးမြတ်ဘာဝ ရေတွက်ပြက
– ပထမတန်းစား နေရာထား
ဖယ်ရှားခံရပါတော့မည်။

နတ်တလူစာစဉ်

– ဒုတိယတန်းစား အမြွတ်များ
ကွယ်ခြားစေပါမည်။
– တတိယတန်းစား ကောင်းခြင်းများ
လွှတ်ထားခဲ့ရပါတော့မည်။

1 ဗုဒ္ဓဝါဒီ နွယ်သာကီတို့
သင်သည် သူသည် ထိုနှစ်လီလည်း
ကိုယ်စီကိုင်လက် ချစ်မုန်းခွက်ဖြင့်
ရက်မျှသက်ဆုံး အရှိန်ဖြုန်းလျက်
နောက်ဆုံးလူသက် သေမင်းလက်သို့
ဝကွက်အပ်ကာ ပြန်ရပါသော်
– ဗလာချည်းနီး လူလုံးချည်း
ခရီးဆက်ကြစေ။
– ရှေ့မှာကြိုဆီး ရှုံးခရီး
လုံးတီးပြန်ကြလေ။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလကွယ်နေ့၊ ပဋိပတ်တောစခန်း]

[ကြိုတင်ရေးကဗျာ]

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း [ ၃ ]

# ရှုမြင်စရာ သဘာဝ သုတကဗျာပိုင်း

(လောက၊ ဓမ္မတို့မှ ကြွင်းသော အကြောင်းချင်းတများ
ဤ၌ စုစည်းပေးထားခြင်း)

www.burmeseclassic.com

## ၁။ ဝင့်လိုက်ခံရခြင်း

ı သွားပြီကွယ့် မကြေညာ
တည်နေရာသိုက်မဖွဲ့ မလိုက်ခဲ့စေချင်လို့... ။

ı လိုက်ခဲ့လျှင် ဝိုက်ဖွဲ့အပျော်အရှင်နှင့်
အမျှော်ဝင် တစ်ပတ်ရိုက်
ဓာတ်ခိုက်သည့်အမျိုးမို့။

ı တောင်ချောက်ဂူဟာ အမူရာကား
လူလာ လူတွင်း ညှို့စိတ်သွင်းလျက်
စစ်ခင်းမာန်နှိုး စီးချင်းထိုးဖို့
တိုးဝင်လာသူ ထိုသည့်သူအား သိမ်းပိုက်ထားကြောင့်
လူသားခမျာ သူ့လက်မှာ
ကဝါသုံ့ပန်း ဖြစ်စေသည်။

www.burmeseclassic.com


• တစ်ဖက်လက်သား ထိုလူငှားလည်း
တရားဖွေရှာ ဟေမာတောရိပ်
ကင်းဆိတ်ကာမ ဝိဝေကတို့
သားကျနေရာ ကေစာ၌
သေချာခိုမှီး တောပျော်ကြီးကို...
ပစ္စည်းဖြင့်ဝိုက် ပုံချင်းရိုက်ကာ နှုတ်တိုက်ပါဖြင့်
ဗျူဟာနည်းသုံး စိတ်ချင်းလုံး
ကျုံးသွင်းလှေ့ယူသည်။

• သို့ကြောင့်သာပင် တောရရှင်တို့
တောဝင်တောင်လျှိုး မြောင်ခိုကိုးရင်း ချောင်တိုးရင်းက
တောင်ကျိုးခြေပြတ် တစ်ခန်းရပ်ကာ ကျင့်သက်ပါ
သိက္ခာခန္ဓာ စဲရသည်။
– လူချင်းပူးကပ် အကျင့်မြတ် အသတ်ခံရခြင်း။
– ပစ္စည်းဖြင့်မျှား ကျင့်တရား လဲစားခံရခြင်း။

• လူရှုပ်လာဘ်ပေါ် ကျော်စောခြွေရံ ဤလေးတန်ကား
ကြားခံခြေထိုး တိုက်စားမျိုးမို့
ဆိုးကျိုးသို့သာ ပေးတတ်စွာကြောင့်...
– လာလျှင် မချွတ် ကာမဝဋ္ဋ် အသွတ်ခံရပြီ။
– ကာမဝဋ္ဋ်ဆိုက် ဝိပါတ်လိုက် အနှိုက်ခံရပြီ။
– ဝိပါတ်ဝဋ္ဋ်လိုက် ကံချင်းတိုက် အပိုက်ခံရပြီ။
ဤနည်းဖြင့်သာ တောပျော်မှာ
ခြေရာလမ်းထောက် ပျောက်ရသည်။

[၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊
ဝဋ္ဋိပတ်တောစခန်း]

## ၂။ စဉ်းစားကြည့် အတည့်မြင်နိုင်သား

l တစ်ခါလိုက်လာ တစ်ခါရွှေ့
တစ်ခါပွေ့လျှင် တစ်ဖော့တင်
မတွေ့စေချင်လို့...။

l အတွေ့ဖက်လျှင် အငွေ့ဆက်
အမွှေဖက် အမက်ပါမည်မို့... ။
– ယခင်က နင်အလာ
  အရှင်မှာ အပြုံးချ
  နှုန်းတမျှ လဏ်မျက်နှာ။

l ထိုစဉ်က ငါ့လက်ရာ
ကျသက်ပါ သာသနာဖို့... ။

l ဖိုလ်အကြို့ ကိုယ့်ဖို့ခုချိန်မှာဖြင့်
မှုက္ကန္တာ တံခါးစုံပိတ်တော့မယ်
စိတ်ချရအောင်လို့။

l ယခင်နှင့်ယခု
ရှုလိုက်ပါ့ ထိုမြင်ကွင်း။

l လက်မှောက်နှင့်လက်လှန်
ထက်အောက်ဘက်ပြန်သို့
မဆက်ဆံ ဆက်ဆံခြင်း
တိကျထင်လင်း... ။

နတ်တလူစာစဉ်

www.burmeseclassic.com


l အတွင်းဝန်ထမ်း ရှင်ရဟန်း၏
ကမ်းနေပေးနေ ဝေငှနေသည့်
မြတ်စေမှု့ သဘာဝကား
လသို့ပမာ တူလှစွာ၏။

l ကမ္ဘာ့အထက် ဖြန့်ကျက်ပတ်ဝေ့ လ ဓလေ့ကား
အရှေ့မှသည် အနောက်ဆီသို့
တည်ကြည်ထင်းလင်း အေးမြခြင်းဖြင့်
ကင်းရှင်းအမှောင် အဝင်းဆောင်ကာ
ယောင်လည်းမကုပ် နှုတ်လည်းမဆက် ဘက်လည်းမလိုက်
တိုက်လည်းမမှု ကြိုက်မမှုပဲ
သူ့ဝန်သူထမ်း သူ့လမ်းသူသာ သွားလျက်လာ
ဝေပါ မျှပါခြင်း... ။

l သိက္ခာတင်လွှမ်း ရှင်ရဟန်းလည်း
လမ်းတွေ့သမျှ ဝေနေယျကို
မဟာရွှေနှုတ် မလှုပ်ကိုယ်စိတ် အေးဓာတ်ရိပ်ဖြင့်
ဖိတ်လျှံဖွေးလွ ပေးဝေငှ
ဘေးပ စေပါခြင်း။
– သင့်ဖက်ကသာ ချင့်စက်သဒ္ဓါနှင့်
ပညာပါ နှစ်ဖက်မိ မျက်စိရှိဘို့။
– ငါ့အသွား အထား စရိုယတ်ကိုဖြင့်
သညာတွင် သတိကပ်လို့ရယ်
မြင်ကရာ အရှိဓာတ်
ကြည့်တတ်လျှင် မြင်တတ်ပါသမို့... ။

[၁၃၆၂ ခုနှစ်၊ တန်ဆောင်မုန်းလဆွယ်နေ့၊
ဝဋိဗတ်တောစခန်း]

## ၃။ အေးသက်ကိုမှ လိုချင်

1 အေးချမ်းငြိမ်သက် အကျိုးထွက်သည့်
အေးသက်ကိုလျှင် ငါလိုချင်၍
တောဝင်တောင်လျှိုး ချောင်မျိုးမျိုးသို့
တိုးလျက်ဖွေရှာ သေအချာ
နေရာတကာပင်။

1 သို့တစေလည်း ...
ခေါ်လေပြေးလေ မျှော်ဝေးလေဖြင့်
ရက်စွေလပေါင်း နှစ်တို့ညောင်းလည်း
ဆောင်းနှယ်နုညက် ထိုအေးသက်ကား
မျက်ရေးမျက်စ ဟန်ပန်မျှဖြင့်
စံပြရှေ့ပြေး မပြသေး
ဝေးမှ ဝေးဆဲပင်... ။

နုတ်တလူစာစဉ်

www.burmeseclassic.com

l **ထို့သည့်အေးသက် တွေ့ရေးခက်စဉ်**
**အေးသက်နေရာ အစားဖာသို့**
**ဗလာနေခက် မိပ္ပာယ်သက်သည့်**
**ဗခက်ကသာ ချည်းကပ်လာ**
**ငါ့မှာ အပူပင်။**

l **တွေ့ရေးခက်ခက် ဟယ်အေးသက်**
**နက်ဖြန်ယနေ့ နင်မတွေ့လည်း**
**မေ့၍မနေ ခွေ၍မစက် အားမပျက်ပဲ**
**အားတက်ရဲတင်း ယုံချက်ပြင်းဖြင့်**
**တောနင်းဖွေရှာ ရှေ့ထွက်လာပြီ**
**နင့်မှာပုန်းရဲ ပုန်းကြည့်စမ်း။**

**[၁၃၆၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်၊**
**ဝဋ္ဋိပတ်တောစခန်း]**

# ၄။ လူနှင့်မတူသော လူသား

၊ လူသာဆို ဂျို(ချို)နှင့်ကားရား...
အတွေ့ဝင် ခွေ့လျှင်ခွေ့
မခွေ့ ခတ်မသား။

၊ လူလို့သာဆိုတယ် အစွယ်ကြီးနဲ့ပါလား...
ဆုံနိုက်တွင် ကိုက်လျှင်ကိုက်
မကိုက် ပက်မသား။

၊ လူ့ခြေသာဆို ဖွေမပါ ဗလာထီး ခွာကြီးနဲ့ပါလား ...
လာပေါင်းလျှင် ခွာစောင်းခုတ်
မခုတ် နင်းမသား။

၊ ချမ်းသာတိတ်ဆိတ် အပတိတ်မည်ခံ တိရစ္ဆာန်ကား
သန်ရာကံဆိုး တစ်ကြောင်းထိုးကြောင့်
တစ်မျိုးလောက်သာ စွမ်းပေါက်ရှာ၏။

၊ ချမ်းသာလည်းကဲ ဆင်းရဲလည်းပါ
စုံတကာစေ့ လူ့ဓလေ့ကား
တွေ့ရာနှင့်ပင် လိုက်ပွဲဝင်၏။

နတ်တလူစာစဉ်

www.burmeseclassic.com

1 ကံလျှင်ကံဆင့် ရှာန်ဝင့်ညာဏ်ဝါ ဘက်စုံပါလည်း
တဏှာမာန ပပဉ္စ၏
ထကြွဝင့်ကြွား ပြိုင်ပွဲသွားကို
တားရမသိ ဆည်းမသိဘဲ
မေ့တိ မေ့လျော့ ပေါ့ပေါ့တန်တန် အဟိတ်ခံသော်
– တဏှာမာန်ဆို သူ့ဓွတ်တိုး
ဂျို(ချို)ထိုးမိမှာချည်း။
– ဒေါသမာန်လိုက် ဒုန်းဝင်တိုက်
ကိုက်မှာပက်မှာချည်း။
– ဒိဋ္ဌိမာန်ယုတ် စားမာန်ခုတ်
ပုတ်မှာကန်မှာချည်း။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်၊ ဝဋ္ဋိုပတ်တောစခန်း]

BURMESE CLASSIC .com

# ၅။ သစ်ပင်

1 လူနတ်နွားနှင့် အများအပြား သက်ရှိများက
ဝင်စားဟူသည့် ရှိချေပြီကြောင့်
လည့်ရစာတ်ကြောင်း ထက်အောက်ဆောင်း
အဟောင်းအဟောင်းချည်း။

1 မြက်ပင်အစ မြေမိဘက
ဖွားရအစဉ် မြေပေါက်ပင်ကား
သေလျှင်ပြီးစီး သူ့ခရီးမို့
ဘယ်နည်းစစ်စစ် အပင်မြစ်
အသစ် အသစ်ချည်း။
– လူတွေသည်ကား အာရုံစား
သိမ်းထား အစွဲငွေ့။
– သစ်ပင်များကား မြေဆီစား
မထား စွဲခလေ့။

1 သို့ကလိုပင်...
လူလျှင်စထား လောကသားတို့
မထားသူ့ပုံ မခုံသူ့ဘက် ဂုဏ်မမက်ပဲ
သက်လျှင်အဆုံး ချုပ်ပြတ်သုဉ်းစဉ်
ရုပ်လုံးမစ နာမ်မပြန့်နှင့်
ဘဝသစ်နောက် ပြန်မရောက်
ဘယ်လောက် ဘယ်လောက် ကောင်းမည့်နည်း။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလပြည့်၊ ဗဋိုဗတ်တောစခန်း]

BURMESE CLASSIC .com

# ၆။ အပြုကြည့် အရှိုပေါ်ပေါ်လွင်

၁ ဆင်ခြင်ဉာဏ်
အမြင်ခံ သူ့အပြု
အရဝင်စား... ။

၁ မဝင်လျှင် ချည်ခင်ဘုတ်ကယ်သို့
မမြင်ကွယ် သူ့သရုပ်
ရှုပ်ဖို့ကများ... ။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလဆုတ်၊ ပဋိပတ်တောစခန်း]

## ၇။ ပြဟ္မာစိုရ်ကူ တလူလူတက် အမြတ်ထွက်လိမ့်

ι လူလို့သာ အမည်ခံ
လူမြည်သံ တယ်မပေါက်။

ι ထက်၊ အောက်၊ လယ်ပုဂ္ဂိုလ်သျှောက်
ဟိန်းလိုဟိန်း ဟောက်လိုဟောက်။

ι လူမှန်လျှင်က
သမ္မဒေ ပြဟ္မာ့ဝိဟာ ဖြည့်သိက္ခာဖြင့်
လေးလွှာကိုသိ လေးဖြာရှိ
ရမိ အမြတ်မင်း။

ι လူသိသိရာ လွှာလေးဖြာကား ...
သပ္ပာယ သတ္တက ဂေါစရနှင့်
အသမ္မောဟ အမည်ရသော
သမ္မဒေ ထိုလေးဝဖြင့်...
– မသင့်၏လား သင့်၏လား
ခွဲခြားသိပိုင်ခင်း။
– အကျိုးရှိလား ကျိုးမဲ့လား
ခွဲခြားသိပိုင်ခင်း။
– ကိုယ့်စိတ်ကျက်စား ကိုယ့်တရား
ခွဲခြားသိပိုင်ခင်း။
– ရှင်းလင်းပြတ်သား သူကိုယ်ထား
ခွဲခြားသိပိုင်ခင်း။

ι လူ၌ရှိရ ဖြာလေးဝကား
ပြဟ္မာ့ဝိဟာ အမည်ပါသော
မေတ္တာ၊ ကရု၊ မုဒု၊ ပေက္ခာ ဤလေးဖြာဖြင့်...

www.burmeseclassic.com

အဆင့်တူလျှင် မေတ္တာဝင်
သူလျှင် ကိုယ့်လိုသွင်း။
မသွင်းမိလျှင် မာနယှဉ်
ချစ်ယဉ် ဖျက်ဆီးခင်း။
– ကိုယ့်အောက်နိမ့်ရာ ကရုဏာ
စာနာ သူကိုယ်ချင်း။
ကိုယ်လျှင်သူ့လို မသွင်းလို
ဝန်တို မိစ္ဆာနင်း။
– ကိုယ့်ထက်မြင့်ရာ မုဒိတာ
ဝမ်းသာ သူ့မြတ်ခင်း။
သူကောင်းစားရာ ဝမ်းမသာ
ဖြစ်လာမစ္ဆေရချည်း။
– အားလုံးနှင့်ခွာ ဥပေက္ခာ
ငြိမ်းပါ မီးလောင်ကွင်း။
မငြိမ်းမိက မြတ်မရ
ပြတ်ကျအောက်ဘုံတွင်း။

1 ထိုသည့်အရာ လူ့သိက္ခာဖြင့်
လေးလွှာကိုသိ လေးဖြာမိမှ
ကျိုးရှိပြစ်မဲ့ အမြတ်ဖွဲ့လိမ့်
ကပ်ဖွဲ့ပမာ လေးလွှာမသိ လေးမရှိကြောင့်
ပြေးမိပြေးရာ စိတ်လွှင့်ပါပြီး
သူ့ရာသူ့ခင်း ကိုယ်ကျော်နင်းသော်
ရှုံးခြင်းမက အရှုံးပြ
ဆုံးရ လူ့စာရင်း... ။

[၁၃၆၂ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ပဋိပတ်တောစခန်း]

BURMESE CLASSIC .com

## ၇။ ဥတုသည် အဖျက်လော အသက်လော

l ရေလိုသော် ရေလျှို
ရေမလို ရေပိုတိုး ...
နွေနှင့်မိုးတို့ ပယောဂ။

l လေလိုသော် လေနို
လေမလို လေကြောင်းမိ
နွေနှင့်ဆောင်း၏ ပယောဂ။

l နေလိုသော် နေညို
နေမလို နေခေါင်းထိုး
နွေဆောင်းမိုးတို့ ပယောဂ။

l ဥတုဘုတ်ဆောင် ဤရုပ်ကောင်ကား
ဆောင်ရာဥတု အပြုစုသို့
အတုမလိုက် လှန်ပြန်တိုက်၏။

l တိုက်ပါသော်လည်း ခံစစ်နည်းဖြင့်
တွင်းထဲမှနေ အောင်းထေထေကြောင့်...
– ရေလေအမြှု နေအပူ
အကူမျှော်ရသည်။
– နေမင်း ကလူ ရေလေကူ
ကယ်သူမျှော်ရသည်။

နတ်တလုစာစဉ်

www.burmeseclassic.com

၊ အကယ်၍သော
ခန္ဓာတွင်းစု ပြင်ဥတုတို့
သူ့အလိုလိုက် ကိုယ့်အကြိုက်ဆွဲ အပျော့ရွဲ့ဖြင့်
အေးလည်းအတူ ပူလည်းအမျှ ငြိမ်နေကြသော်
– ဘဝစဉ်ဆက် အဖြစ်ပျက်
အသက် ဝင်ကြပါမည်လော။
– ခန္ဓာငါးစု အင်အားထု
စု၍ ရကြပါမည်လော။
– အင်္ဂါခြေလက် မနှောသက်
ဆက်၍ ရကြပါမည်လော။

[၁၃၉၃ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊
ဗဒ္ဒိုဗတ်တောစခန်း]

## ၉။ ယုန်နှင့်တူသော လူသား

l တစ်နှစ်ဆန်း
ရှစ်တန်းက ရှေ့မတက်ပါဗျို့... ။

l နှစ် လ ရက်
ပြကွက် အချိန်ရွှေ့သော်လည်း
ကျွန်တော်လေပွေရော့
မမေ့တစ်ကွက် မေ့တစ်ကွက်ပေမို့... ။

[၁၃၆၃ ခုနှစ်၊ နှစ်ဆန်း ၁ ရက်နေ့မှတ်တမ်း]
နောင်းတန်ခူးလပြည့်ကျော် (၁၀)ရက်၊ ဝင်္ဂီပတ်တောစခန်း

## ၁၀။ မိုးဖြစ်လျှင် ရေကြမ်းလွှတ်

l ကလူနေ နွေဆိုးသွမ်းတော့
ရေမိုးကြမ်းက အနိုင်ယူ။

l မိုးအစွေ အခြေမကောင်း
လေပြေဆောင်းဖြင့် ကိုင်ကာမြူ။
– လူလည်းပဲ ထို့အတူ
ဖို့ချူ ညို့ချူဖြင့် ပုံသွင်း။

l နွေကဲ့သို့လူ
စွေဖွဲ့မေတ္တာဖြူဖြင့်
လှစ်ကာချူ ဖို့သိပ် သိပ်ပါကွယ့်
ညို့သိက္ခာ သီလစေတနာက
ရေပမာတဏှာဖြစ်ကိုကွယ်
ရွှေပမာ သဒ္ဒါအစစ်ဆီသို့
ချစ်ပို့ပို့ ဆောင်းသက်လေနှင်း... ။

[၁၃၆၃ ခုနှစ်၊ နောင်းတန်ခူးလဆန်း ၄ ရက်၊
ဝင်္ဂီပတ်တောစခန်း]

www.burmeseclassic.com

## ၁၁။ ယနေ့သင့်လက် နောက်ရက် သူ့မှာ ဤမြန်မာ

- တိုင်းပျောက်မည့်ဘေး မမျှော်တွေးဘဲ
ငွေကြေးရှေးရှု ကိုယ်ကျိုးစု
ဘယ်သူ့ဖြစ်ဖြစ်ရောင်း... ။

- မျိုးပျက်မည့်ဘေး ရှည်မတွေးပဲ
ပျော်ရေးရှင်မှု အလေးပြု
ဘယ်သူ့ဖြစ်ဖြစ်ပေါင်း ... ။

- ဘာသာပျက်ဘေး ငဲ့မတွေးပဲ
ဝမ်းရေးတစ်ခု လုံအောင်ပြု
ဘယ်သူ့ ဖြစ်ဖြစ်တောင်း ... ။

- ယနေ့မြန်မာ စစ်မျက်နှာကား ...
ပတ်ချာလည်ဝိုင်း အတိုင်းတိုင်းတို့
ရိုင်းစိုင်းယုတ်မာ အဘိဇ္ဈာဖြင့်
ပိတ်ကာသိမ်းသွင်း (နှိပ်ချေနင်း)စည်းရုံးခြင်း
ခြေချင်းလိမ်နေပြီ။

- စိတ်ဓာတ်ဖမ်းဆီး ချုပ်ကိုင်နည်းကား
စီးပွားဝမ်းစာ ပညာစားကျက် ထိုသုံးကွက်သို့
သူ့ဘက်ဖိုမ ကိုယ့်ဖိုမချင်း
ပူးကပ်ချဉ်းစေ ရင်းနှီးစေပြီး
ငွေလိုငွေထောက် ပစ္စည်းထောက်ခါ
– မောက်မာတတ်သူ ပုံကြို့ကူ
ဆွတ်ချူသူ့ပန်ပန်း။

နတ်တလူစာစဉ်

- အားနာတတ်သူ အညာချူ
  ယူပြီ သူ့ပန်ပန်း။
- စိတ်တည်ကြည်မှု ညို့မြူမြူ
  ဖမ်းယူ သူ့ပန်ပန်း။

၊ လူလျှင်လူချင်း သွေးသွေးချင်းတို့
သွင်းခွင့်လည်းရ ရင်းခွင့်ရသော်
ကမှခွဲခြား ကမျိုးပွားဖြစ်
ကပြားသားမီး ပွားစီးအုတ်အုတ် ကမျိုးဖြုတ်
ဖုံးအုပ်စေပါမည်။

၊ ကြိုးကြိုးချင်းထား အိုးချင်းထားဖြင့်
ကြိုးစားမရ နေရာကျသော်
ထာဝရတည် မြေယာထည်နှင့်
မြေမှီဂေဟာ တိုက်တာနေအိမ် စည်းစိမ်ဥစ္စာ
ရတနာကျောက်မျက် ဝတ်ရည်သက်ကို
စက္ကူမှင်သုတ် ဒင်္ဂါးရုပ်ဖြင့်
ထိန်းချုပ်ရောင်းဝယ် ကြေးဖလှယ်ကာ
လက်ဝယ်ရင်းငုတ် အမြစ်ဖြုတ်
ဖုံးအုပ်နေပါသည်။

၊ သွေးခွဲ မြေခွဲ လက်ပြောင်းလွှဲဖြင့်
လဲခွင့်မရ နေရာကျသော်
ဝါဒသွတ်သွင်း ဝတ်ကျောင်းတွင်းမှ
ခင်းကျင်းမျိုးစုံ ဟိတ်ဟန်ကုန်ဖြင့်
ဂုဏ်တင်လည်းထား စကားလှသုံး လူချင်းလုံးကာ
- ငွေမြူး လူမြူး ပစ္စည်းမြူးဝယ် ကျုံးသွင်းဆွယ်
  အလွယ်ပေးကမ်းနေပါသည်။

နတ်တလူစာစဉ်

www.burmeseclassic.com

1 **ရှေ့နောက် မချော်**

ပေါ်ရာလိုက်စား တိုင်းရင်းသားတို့
တိုင်းခြားပြည်ခြား ဘာသာခြား၏
မျှားစာနှင့်မျှား တွဲရှိတ်ထားရာ သူ့ဥစ္စာကို
ငါးစာသာမြင် မျှားမမြင်ပဲ
– ခင်မင်အောင်ပြော အခင်ကြော
ချော၍လိုက်နေသော် ...
– အားနာအောင်ပေး သူ့ငွေကြေး
မေး၍ယူနေသော်...
– ယုံကြည်အောင်ပြ သူ့ဝါဒ
အားကျနေရှာသော် ...
ဘိုးမွေ ဘွားမွေ မြန်မာ့မြေကား
ခြေကျုံ ကျင့်ပျက် သင့်လက်ချက်ကြောင့်
နက်ဖြန်ဆိုလျှင်
သင်သွေးတစ်ဝက် တစ်ဖက်သူ့သား
နှစ်ပါးကြားထိုး နွယ်ဖြတ်မျိုးကာ
မျိုးလည်းကပြား ပြည်ကပြားနှင့်
ကပြားဘာသာ ထွန်းကားလာပြီး
– ကျူမှာကပ်မှီး ထိုကျူသီး
ကျူကြီးဖျက်လတ္တံ့။
– ပေမှာကပ်မှီး ထိုပေသီး
ပေကြီးဖျက်လတ္တံ့။
– ဝါးမှာကပ်မှီး ထိုဝါးသီး
ဝါးကြီးဖျက်လတ္တံ့။

[၁၃၆၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ သင်္ကြန်အကြိုနေ့၊
ပဋိပတ်တောစခန်း]

# ၁၂။ ကာမဝိတက်

l စိတ်ဝိတက်
နှိပ်စက်ခဲ့ လူတကာ။

l ကာမဂုဏ် အလေ့ကျ
တွေ့ကရပူဆာ။
– စိတ်သွားတိုင်း ကိုယ်ပါ
– အပျိုမှာ အပြိုပိ။

l အာရုံချင်း ခတ်ကွင်းပြင်ဆင်လို့
သူတင် ကိုယ်တင် ယှဉ်ပြိုင်နိုင်းတယ်
ပိုင်းကြရ နဂို့အရှိ။

[၁၃၆၃ ခုနှစ်၊ တန်းရူးလပြည့်ကျော် ၁၂ ရက်၊
ဝဋ္ဋိဝတ်တောစခန်း]

www.burmeseclassic.com

## ၁၃။ ခွေးဆွဲခံရသော မြွေဟောက်တစ်ကောင်၏အကြောင်း

1 ဆန္ဒ... ကြံသမျှကဖြင့် ဆုထိုထို။

1 အလိုပေါ်အခင်နင်း
ချဉ်ခြင်းများက ကပိုကရို။
– စိတ်ထားက ဟိုလိုသည်လို
– ကိုယ်ကဖြင့် လိုက်နိုင်ပဲ... ။

1 အခြေထောက်ရလျှင်ဖြင့်
မြွေဟောက်မာန်ဖီစဉ်ကွဲ့
ဟန်ပြီထင် ခွေးကိုပေါက်သော်လည်း
သွေးဖောက်စရာ အစွယ်များတွေရဲ့
ကွယ်ထားရာ ပါးစပ်ဟာမရတော့သည်သို့
အရပ်ကတို့ရေ...
ပတ်သမျှ ခရီးထဲ
ကပ်သမျှ အပြီးလွဲ
မြတ်စွမ္မတို့ရဲ့ ထီးရွေးပွဲ... ။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊
ဝဋ္ဋိဗတ်တောစခန်း]

## ၁၄။ စိတ်သွားရာကိုယ်ပါရသော်လည်း

1 ကြိုက်သွေးရဲ့ပူဆာ
လိုက်ပေးရ လူတကာမို့
လူမှာဖြင့် နုံး။

1 စိတ်ဝိတက် အကြံ
နိုပ်ကွပ်စီမံပုံက
သည်ခြံခုန် ဟိုခြံကူး
မြူးလို့ မဆုံး။

BURMESE CLASSIC .com

# ၁၅။ ကြွေးပေါမပူ သန်းထူမယား ဘဝများ

၊ ဒါနခန်းက လူလမ်းပြ
လှမ်းရပေါင်းက များလှပြီ။

၊ သီလထပ်လျှင် နတ်တစ်ခွင်
ကပ်ဝင်ခဲ့ပေါင်း များလှပြီ။

၊ ဘာဝနာယှဉ် ဖြုဟ္မာသွင်
သင်ပေါင်း ဝင်ပေါင်း များလှပြီ။

၊ အယုတ်သုံးသင်း အပါယ်သွင်း
ယွင်းပေါင်းဆင်းပေါင်း များလွန်းပြီ။

၁။လောဘရောင်ပြန် ပြိတ္တာဒဏ်
ခံရပေါင်းလည်း မနည်းပြီ။

၂။ဒေါသအစိုး ငရဲထိုး
တိုးရပေါင်းလည်း မနည်းပြီ။

၃။မောဟာဟိတ်ခံ တိရစ္ဆာန်
ပြန်ရပေါင်းလည်း မနည်းပြီ။

– ဘုံပေါင်းခသူ ကြွေးမြီထူ
ပူရမှန်းပင် မသိပြီ။

– အပူပေါ်လမ်းလျှောက် အခေါက်ခေါက်
ကြောက်ရမှန်းလည်း မသိပြီ။

– ပူရမသိ ကြောက်မသိ
မိရာလက်ပေါ် ပျော်တော့သည်။

[၁၃၆၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့]

BURMESE CLASSIC .com

## ၁၆။ တစ်ဖက်စီးနင်းသမား

ı ဒီငှို
ရိုပ်မိအောင်ပြောလိုက်မည်။

ı ရမ္မက်ထူ အယူသည်း
သူချည်းပဲ ကောင်းစားလိုသည်။
– နှစ်ဖက်ရပ် မဆံပြီ
– သန်ချေပြီ တစ်ဖက်သတ်။

ı အရပ်လှည့်
ကပ်မိခြေလက်မြန်နှင့်
မြေယက်လှန် အမှုသွားပေမို့
သူ့စကားနားယောင်မှတ်
ဘုရားညောင်ပတ်... ။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊
ဝဋ္ဋိပတ်တောစခန်း]

www.burmeseclassic.com

# ၁၇။ သည်လောက်လေးနဲ့များ

l ဘုရားအကြိုက် အတုလိုက်၍
ကိုယ့်ဌ်ရှိပြီး ပစ္စည်းစထား
သားမယားပါ လုံးစွန့် ခွာလျှက်
ဝနာတောဖက် အပြီးထွက်
အသက်ထက်ဆုံးတိုင်... ။

l တောထွက်ဘဝ ရောက်ကာလဝယ်
ဓမ္မဂုတ နှစ်ဝအကျင့် တွင်းပြင်ဆင့်လျက်
အသင့်စီမံ ဓွဲချည်သန်ရှိန်
နောက်ခံအဆက် တွင်းပြင်ယှက်ကြောင့်
ဟိုထွက်သည့်ရှောင်း ဆက်ဖြတ်ဆောင်းဖြင့်
အပြောင်းများစွာ ပြုခဲ့ပါ၏။

l ပြုခဲ့မိရာ ထိုရောခါတွင်...
အစာပါပြောင်း ရေပါပြောင်းနှင့်
ပြောင်းလဲဥတု ချင်းချင်းလုကြောင့်
စုစည်းတပ်ထား ခြေလက်များတို့
ဖောက်ပြားချွတ်ယွင်း ကိုယ်ပြန်ညှဦးပြီ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

l ညှဉ်းစမ်းပါစေ ငါ့လက်ခြေများ
စေတိုင်းမလုပ် လုပ်တိုင်းမတည့် မည်သို့ရှိလည်း
ငါ့လှည့်စား ခြေလက်များ
သွားမရမှ ဟုတ်သေးပဲ... ။

l အကယ်၍များ...
သွား၍မရ ချမရဖြင့်
လက်ကလည်းသေ ခြေကသေတိုင်
ကိုယ်နေကာယ ထိုပင်မ
သေမှ သေသေးပဲ။

l အကယ်၍များ...
သွေးသားပြတ်လပ် လေပြတ်လပ်ကြောင့်
တစ်ဖြတ်သာလှုပ်
မလှုပ်တစ်ဖြတ် ကိုယ်ပါရပ်တိုင်
မပြတ်ရှိနေ ထွက်ဝင်လေနှင့်
မတွေမထိတ် လူသိစိတ်
ဆိတ်မှ ဆိတ်သေးပဲ... ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊
ဗဋိဗတ်တောစခန်း]

www.burmeseclassic.com

# ၁၈။ ဖဲထုပ်က ပြောပြနေသော ငါတို့ကမ္ဘာ

l **အများလက်ဖယ်ထုတ်**
**ကိုယ်ချည်းပဲ အုပ်ဖို့စီမံ။**
**ကုလားနော် အလိုဆိုးနဲ့**
**ဟိုတစ်မျိုး သည်တစ်မျိုး ထိုးလို့သူဖန်။**
**– တစ်မှကိုး ဂဏန်းဆံ**
**– လွမ်းရန်ကြံသည်က ကုလားသုံးစီး။**

l **သုညဖြင့်ခံ**
**ပုံသမျှ အကျန်မဟယ်လို့**
**ညာပြန်ဘယ် ဘယ်လိုချိုးသော်လည်း**
**ကိုးပေါ် မိုးကျော်ကာလှစ်ခဲ့ပြီ**
**တစ်ချည်းထဲ သုံးလုံးပူးကြီး။**

## အနီနှင့်အမဲ သွေးအုပ်စုချင်းခွဲတဲ့ကာ

l **အရဲနဲ့အမဲ**
**ဘက်ခွဲလို့ လက်တွဲစေရာ**
**အရဲဖက်မှာ ချွန်းပိမ့်**
**ထွန်းလိမ့်မကွယ် ချွန်းခုနစ်ဖွာ**
**– အမဲမှာလည်း ဖူးညှင်းနှစ်ဖြာ**
**အထူးလင်းစေတာက ဖူးတစ်ဂဏန်း။**

နတ်တလူစာစဉ်

၊ အရဲစု ကဲမှုညဏ်နီကြောင့်
ဟန်ကပြီ ခုနစ်ရက်သားလုံးပေပ
ကျွန်သက်အများဆုံး ညဏ်မဲတွေမှာတော့
ကံမွဲစေ ရွှေမခသာဘု
တပြေစ တစ်ယောက်စ
နှစ်ယောက်စအဆန်း။

## ညဏ်နီညဏ်နီချင်းမှာလည်း

၊ ရှုံးသူဆို ဖယ်ထုတ်
နိုင်သူချင်း အဖက်လုပ်ပြန်ရာ
၊ သူတစ်ပြန် ကိုယ်တစ်လှည့်မို့
အလိုပြည့် မရှိချေပါ။
– မိုးကဖြင့် လင်းတော့မှာ
လက်တွင်းမှာက အထွက်ပြဆဲ။
၊ ရှုံးတော့လည်း မခံချင်
နိုင်ပြန်လျှင် မာန်ဝင်ကပ်သမို့
ကံညဏ်ပင် ဝင်ဖြတ်လို့ မရကြတော့ပြီ
အရပ်ကတို့ရေ… တစ်ည တစ်ညရယ်နဲ့
မရတရ သူတို့အတွဲ… ။

[၁၃၆၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊
ဗဋိုဗတ်တောခန်း]

www.burmeseclassic.com

# ၁၉။ ဝါဒပြန့်ကောင်းသော ထိုအတ္တ

l သူပြောတော့ သူ့အကြောင်း
သူ့ကောင်းချည်း ဝေဝေလျှံ။

l ပိုင်ကွက်ကို အသာချောင်း
ငါ ပေါင်းဖော်တော့ ကောင်းစော်မနံ။

l လူတို့ရဲ့စိတ်အစ်
ပတ်ရုံရုံနေသည်က အတ္တတရား။

l ညဉ့်စရိုက်
ယှဉ်နိုက် သွေးတစောင်းပေမို့
အဝေးပေါင်း အကောင်းဘယ်လိုမြင်သော်လည်း
ယောက်ပေါင်းတွင် နောက်ကြောင်းကိုယ်ထင်ပြပြီကွယ်
လိုချင်သမျှ သူတွက်ချည်းပါကလား
အိုကွယ်... ငြိုငြင်ပုံကလည်း
သူတစ်ဖက် မီးပွား ... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊
ဗဋ္ဋိဗတ်တောစခန်း]

## ၂၀။ ဈေးပေါင်ကျိုးချိန်

၊ ဝယ်လိုသူတွေ အတောင်းကြမ်းလှ
ရောင်းပန်းကဖြင့် လှလို့နေပြီ။

၊ သည်လိုဆို အလိုက်ပေးကြ
ကြိုက်ဈေးရမှ ရောင်းချမည်။

၊ ကြေးချင်းတိုက် မကိုက်ညီ
လိုက်မမှီ နောက်ဆုတ်လို့ပေး။

၊ ဈေးကွဲပြီ
အမေးစဲ ပွဲမစည်တော့
ဆွဲမည်ကြံ ပြန်လာမေးခဲ့လျှင်
ပေးမကွဲ့ ဆစ်ဈေး... ။

[၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊
ဝဠိုဗတ်တောစခန်း]

www.burmeseclassic.com

## ၂၁။ စကားရည်လုပွဲ

၊ စာသဘင် စင်မြင့်ထက်
ရင်ဖွင့်လျက်က ထွက်ခဲ့ပါ။

၊ သည်ဘာသာ ပညာရပ်
မြင်သာတတ်အပ် ဖတ်မှတ်စရာ။

၊ ပေးလိုက်ပါ့ ရှေ့ကထာ
နွေ့ကာသာ ရှော့အင့်ဝေခွဲ... ။

၊ သူ့အပြီး
သူ့ထဲကိုယ်ပါလို့
ဆိုကထာ ဖြိုကာ ဆင့်သည့်နယ်
ဟိုဟာဖြင့် မကောင်း
သည်ဟာဖြင့် မကောင်းဟန်နဲ့
စောင်းမြောင်းသံ လေလံဆွဲလို့ရယ်
ဝေဖန်သမျှ စကားလုပွဲ... ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်၊ ဝဋ္ဋိပတ်တောစခန်း]

# ၂၂။ စကားချင်း လက်ထပ်ပွဲ

1 ရှေ့သွားရဲ့စကားခံ
အငွေ့ထား ကစားဟန်နဲ့
အသွားအပြန်ကွဲ့ ပတ်ဆွဲ...

1 ဖြည့်အားဖြင့် မဆံ
ထေ့အားသူဖန်လို့
ချူပန်ပန် စကားချင်းကပ်
အားချင်းထပ်ပွဲ... ။

[၁၃၆၃ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်၊
ဝဋ္ဋိပတ်တောစခန်း]

# ၂၃။ ဆင်မကြောက်သော ခြင်ကျားကြီး

l ကိုယ့်ကိုယ်ကို အထင်ကြီး
ခြင်စီးလို့ဖြင့် တိုင်းခန်းလည်။

l သူလည်းလေ ဆင်စီးလို့
အမြင်သာကြီး ကိုယ့်ဖက်ဦးတည်။

l နှစ်ဖက်ဖြင့် တွေ့ကြပြီ
ဖော့ကြမည်
ဆင်နဲ့ခြင် ဗိုလ်လုပွဲ... ။

l နင်လားဟဲ့ ဆင်
ငါကား ခြင်ပါကွယ့်
ခြင်မှန်လျှင် ပျံနိုင်သူမို့
မပျံနိုင်သူ သွေးစုပ်ခံရမယ်
ဘေးကုတ်လို့ဖြင့် ရှောင်လွှဲ... ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့၊
ဗဋိဗတ်တောစခန်း]

# ၂၄။ နေပြင်းမှန်စိုက် ရောင်ပြန်လိုက်

- အကျင့်ကောင်းလျှင်
  ကောင်းကျင့်ဓမ္မသတ် အပွင့်ဓာတ်ကြောင့်
  ချဥ္စကပ်နှစ်ချက် စုပ်လာဘ်ထွက်
  အဖျက်ပေါ်တတ်သည်။

- အမျိုးစစ်လျှင်
  အနှစ်ကြီးစိုး ရွှေဆံမျိုးမို့
  ဆိုးယုတ်ပျက်ပြား မျိုးကပြား
  နိုးစားလုစားလုပ်တတ်သည်။

- ဘာသာမှန်လျှင်
  သမ္မာဓာတ်သွင်း အေးငြိမ်းခြင်းများ
  ဖြန့်ဆင်းပတ်ရုံ ထက်အောက်ဆန်ကြောင့်
  ပူခံလူသား ဘာသာခြား
  ဖျက်လားဆီးလား လုပ်တတ်သည်။

- အမျိုးဘာသာ ကျင့်သိက္ခာကား
  အားပါလျှင်ထွက် အားတက်လျှင်နိုး ဆွဲဓာတ်မျိုးမို့
  တိုးမိသူလိုက် ကြိုက်မိသူငြိ
  ထိမိသူဖျက် တန်ပြန်ထွက်မည်
  လက်ခံရှိများ သတိထားကြ...။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၂ ရက်၊
ပဋိပတ်တောစခန်း]

# ၂၅။ ဘဝချင်းတူ ရိုင်းပင်းကူညီ

- ငါလည်းပဲ ဘုရားမဟုတ်
ဟုတ်ရာဟုတ် ချော်ရာချော်
မကျော့်တကျော်။

- နင်လည်းပဲ ဘုရားမဟုတ်
မြုပ်ရာမြုပ် ပေါ်ရာပေါ်
မတော့်တတော်။

- အားလုံးပဲ အနေတော်
ရွှေလှော်လို့ဖြင့် ဟုတ်ကြသေးဘူး။

- အလေးထား
အရေးအသား စာကိုင်မှာဖြင့်
ငါယိုင်လျှင် နင်ဝင်ဖမ်းလို့ရယ်
လှမ်းကူပါဦး... ။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ဗဋ္ဋိဗတ်တောစခန်း]

# ၂၆။ လေတိုးတိုင်းမြည် ရွှေစည်မဟုတ်

- စည်ကြီးရဲ့အထည်
ပြည်ထဲထမ်းလည် လည်သော်လည်း
တီးမှမြည်ဟီး။

- ပညာရှိ ကိုယ်ရည်
ထွင် လျှာအသိ ခိုမှီသော်လည်း
မဆိုပြီ စကားချီး
မေးမှစိမ့်စီး။

[၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ ဗဋ္ဋိဗတ်တောစခန်း]

www.burmeseclassic.com

# တပ်ထွက်မိန့်ခွန်း

[ကဗျာရှည်]

BURMESE CLASSIC .com

# ၂၇။ တပ်ထွက်မိန့်ခွန်း

၁။ ရှုရဝန်ထမ်း ရှင်ရဟန်းတို့
ဆင်မြန်းစံရာ ရွှေကထာကို
သေချာစေငှ စိတ်စိုက်ရှုကြ။

၊ သုံးလှူဘ၏ အနတ္တသာသနာ
ဝိစ္ဆာညထိသက် အာထာစက်သို့
တုဖက်ထိပါး ရန်တကားကို
ဖယ်ရှားသုတ်သင် အောင်ပန်းဆင်ရန်
ဝင်ခဲ့ ဝန်ထမ်း ရှင်ရဟန်း၌
နှစ်ခန်းရှုရ တာဝန်ကျလိမ့်။

၊ အစသင်တန်း တစ်အခန်းကား
ကျမ်းတက် ကျမ်းသွင်း သုတခင်း။

၊ နောက်ဆင့်ခြေလှမ်း နှစ်အခန်းကား
လမ်းတက် လမ်းရှင်း ကိုယ်တွေ့ဆင်း။

နတ်တလူစာစဉ်

l ဂန္ထကျမ်းစပ်
ဝိပဿနာကျမ်းဖြေ ထိုနှစ်ထွေကို
ကျေပွန်လှစွာ ထမ်းဆောင်ရာ၌
သဒ္ဓါဆန္ဒ ဝီရိယများ လက်ရင်းထားကာ
ထွင်းအားပြည့်ပြည့် ဗောဓိချဉ်းချဉ်း လုံးသင်းပင်းကို…
– စိတ်သွင်းမပျက် ဆုပ်ကိုင်လျှက်
　လက်နက်သဖွယ် ထားကြကုန်။
– ကိုယ်ပြည့်သွင်းသွတ် စိတ်မစွတ်
　ခါးဝတ်သဖွယ် ထားကြကုန်။
– သတိ အသိ အထူးထည့်
　မျက်စိသဖွယ် ထားကြကုန်။

l သိက္ခာထိုထို ဗောဓိကြိုးများ
ကိုယ်နှင့်မကွာ ထားပြီးပါသော်
– **ကာမာတေ ပဌမာသေနာ**
　**ဒုတိယာရတိ ဝုစ္စတိ။**
– **တတိယေ ခုပ္ပိပါသာတေ**
　**စတုတ္ထီ တဏှ ဝုစ္စတိ။**

l သုတ်ရှိအညွှန်း ထိုမိန့်ခွန်းကို
ရှုန်းထိအလား နာလျက်ကြားကြ။

l ငါးပါးအာရုံ ကာမဂုဏ်ဝယ်
ခုံရာဝင်စီး ကြိုးရာမှီးဖြင့်… ။

l ဘုန်းကြီးအစား လူမယားတဲ့
စကားအရာ ကဲ့ပမာသို့
နီးရာမှာစပ် အပ်ရာမှာဝင် စိတ်သောင်တင်ကာ
ဆင်ခြင်မရှိ ရှိ သူ့ဖြစ်ပျက် ဉာဏ်မသက်ဘဲ

www.burmeseclassic.com

ရမ္မက်ရည်လည် မက်စိတ်ချည်သော်
သတီစရာ ခင်စရာပဲ အကြိုက်စွဲလိမ့်။
– အစွဲတစ်ချက် သူ့ကြိုက်ကွက်
တစ်သက်ဖျက်မရ… ။
– အစွဲတစ်ကွက် စိတ်ဝင်စွက်
ခြောက်ချက် စက်လည်ပြ။

၊ သည့်ဖက်တံခါး စိတ်အထားကို
တိုက်အား ဆွဲအား စွမ်းပကားဖြင့်
လမ်းထားရောင်ပြ အရိပ်မျှသော
ကာမထုံရာ ရုံငါးဖြာ၏
ပုံလွှာနောက်က ဂုဏ်ငါးဝကို
ကျနကုန်စင် ဉာဏ်သက်ဝင်ကြ။

၊ ဂုဏ်ဆိုသည်ကား
စွမ်းအားသတ္တိ သူ့အရှိပင်… ။
– စပ်၏ ပူ၏ ထိုသတ္တိ
ရှိဘိ ငရုပ်မှာ… ။
– မွှေး၏ထုံ၏ ဂုဏ်သတ္တိ
ရှိဘိ ပန်းမာလာ… ။

၊ သည့်အတူသာ
ဘယ်ရာမဆို ရုပ်ကိုယ်တစ်ခု
ငါးခုပြင်ပ အရောင်ပြလျက်
အတွင်းမှတစ်ခံ
ရောင်ပြန်အခိုး သတ္တိနှိုးများ
တန်ခိုးထာမ အစွမ်းပြကာ
– သည်က သည်လို သူ့နဂို
အလိုလို ထားစမြဲ… ။

နတ်တလူစာစဉ်

– တိုက်အားရှေ့ပို့ နောက်အညို့
စိတ်သို့ ဆွဲစမြဲ... ။

1 ပူ၏ ဆာ၏ အာသာရှိကို...
ရှာသည့်အမျိုး ဖလံပိုးကို...
ရောင်နိုးအလျှံ အလင်းဟန်ပြ ရှေ့ပြေးစလျက်
နောက်ကဆွဲအား လောင်မီးထားဖြင့်
ကစားစိတ်တွင် အရိပ်ဝင်က
အမြင်မှအထိ
အထိမှအတွေ့
လှေ့သမျှတိုး ဇေ့ဇေ့ထိုးကာ
တောင်ကျိုးသွေးကင်း ကိုယ်ပျက်ယွင်းသို့
အဆင်းစွမ်းအား သတ္တိများက
မျက်ကြားသို့ဝင် စိတ်ကိုငှင်ကာ
အမြင်ဖြင့်စ ညှို့ပွဲပြ
မရမချင်းသာ... ။

1 အသံစွမ်းအား သတ္တိများလည်း
နားကြားသို့ဝင် စိတ်ကိုငှင်ကာ
သံစဉ်ဖြင့်စ ညှို့ပွဲပြ
မဝ မချင်းသာ။

1 နောက်မှာ ကူပံ့
အနံ့အရသာ အတွေ့လွှာနှင့်
တွေးရာအချက် ထိုလေးချက်လည်း
တစ်ဖက်စိတ်စဉ် ညှို့ပွဲပြင်
ငွေမျှင် တန်းပေလိမ့်။

1 တစ်ဖက်စိတ်ကား
အရိပ်အကောင်ထင် မှန်းချက်ဝင်ကာ

အမြင်ကစ တွေ့သမျှကို
အစသော်စမ်း စမ်းမိသော်ရှူး မက်စိတ်ကူးချိန်
ပူးဝင်ပူးကပ် ကိလေတပ်
ဝိုင်းပတ်ခံရရှာ... ။

1 ငါးဖြာအာရုံ
ထိုသည့်ဂုဏ်များ ရုံးအလားသို့...
စိုက်ထားဗဟို လောင်းရိပ်ခိုကာ
တပ်မဟာများ စုစည်းထား
ဆယ်ပွားအထိပင်... ။

1 ထိုသည့်ဆယ်ပွား တပ်မများတွင်
ငါးပါးအာရုံ ရိပ်ပြဂုဏ်၌
ခုံခုံမင်မင် လိုချင်ဆန္ဒ ထိုကာမကား
တပ်မအရာ ပထမာ... ။

1 ထိုပထမ ကာမအရာ တပ်မဟာ၌...
အဝိစ္ဇာငွေ့ စိတ်အမေ့နှင့်
မမေ့လွင့်ပျံ့ မပျံ့ဝိုးဝါး မသိမှားကား
ရှေ့သွားလွန့်လူး တပ်မှူး... ။
ရစ်မူးကာမ ချဉ်ခြင်းတမည့်
လောဘဒေါသ ဓောကြွနှစ်ဖြာ ဝဲနှင့်ယာကား
အဝိစ္ဇာအောက် သူ့လက်ထောက်များ... ။

1 ဒိဋ္ဌိတစ်ဖြာ
တဏှာမာန ပပဥ္စဖွဲ့ သုံးကွက်ချဲ့ကား
ပတ်လှည့်တောနင်း သူ့တိုက်ကင်း... ။

1 ယင်းတို့ခိုင်းစေ ထားရာနေသော
ဝေဒနာ သညာ စေတနာနှင့်

တဏှာဥပါဒါန် ထိုလေးတန်ကား
ဒလံဂုဏ်မြောက် သူ့စုံထောက်များ... ။

၊ ယင်းတို့နောက်ပါး ထိုက်ရာနားမည့်
လက်ပါးစေထား သူ့တပ်သားကား
များပြားလှစွာ သူ့ထက်ငါပင်
ထိုတွင်လက်သုံး အစွာဆုံးမှာ
ဆယ်ဖြာကိလေ ဆယ်ထွေသံယောဇဉ်
ဆယ်ခွင်ဒုစရိုက် ထိုအသိုက်တည်း
လက်နက်ကိုင်ရျှိ ထိုသုံးလီကား
တိုက်ရည်နိုက်အား
စွမ်းပကားပြင်း ရဲမာန်တင်းကြောင့်
လက်ရင်းလက်ကပ် ကျောပွတ်သပ်
အကြပ်နေရာယူ။

၊ သက်ဆင်းပါပ လိုကာမနှင့်
ဘဝ–ဒိဋ္ဌိ ကပ်ဖိအဝိဇ္ဇာ ထိုလေးဖြာ၏
မကွာလက်ဖြောင့်
သက်တော်စောင့်ထား ကပ်လိုက်များကား
လေးပါးအာသဝ လေးယောဂနှင့်
ဩဃ ဂန္ထာ များပြားစွာပင်... ။

၊ ထိုတပ်များနောက်
ထောက်ပို့နောက်ကူ ရိက္ခာယူကား
စောချူမနော ပါပကြောနှင့်
အသောဘဏ အမည်ရသည့်
ကာမလက်ငုတ် ကံညစ်စုပ်ကို
လှုပ်မည်ကုပ်မည် ပုတ်နှိုးမည်ရှိ
စိတ်မှီတွဲချိတ် စေတသိက်နှင့်

www.burmeseclassic.com

ညဉ့်စိတ်စရိုက် အလိုက်တူစွာ ဝါသနာ
ဆိုးရာမှန်သမျှ... ။

၊ ကာမအရာ တပ်မဟာ၏
ရောင်ဝါထိန်တောက် အလံတော်အောက်မှာ
ကူထောက်နိုင်ငံ ထိုးစစ်ဆင်သမား ထိုများပြားက
– အဆင်းမှာပင် သူတို့ဝင်လျက်
  မြင်မြင်သမျှ အင်အားပြ
  ဂဏန်းချ၍ မရေသာ။
– အသံမှာလည်း
  ကြားရာပတ်ဖွဲ့ သက်ရှိမဲ့
  ရေးဖွဲ့မပြသာ။

၊ သည်သို့သာပင်
နံ့ရာစားရာ တွေ့ထိရာနှင့်
တွေးရာအစုံ အာရုံအစိုက် သူ့အလိုက်၌
တိုက်ခိုက်ရန်ထား သူ့တပ်များ
အများအပြားချည်း။

၊ ဤအကြား၌
ချန်ထားစာတေး ဂွင်းဆက်ထွေးသော
ရှေ့ပြေးနောက်ဆက် စာမှတ်ချက်
ကွက်၍ပြခဲ့အံ့။

၊ ဆိုပြီးတပ်သား အများပြားကား
အခြားတပ်မ နောက်ကိုးဝတို့
ဖွဲ့ကြသင်းပင်း တပ်မမင်းနှင့်
တပ်ရင်းအလိုက် ခွဲစု၍လည်း
ထိုက်သလိုပင် လိုက်ပါဝင်
စစ်ဆင်ပေးကြမည်။

နတ်တလူစာစဉ်

BURMESE CLASSIC .com

၊ အဝိဇ္ဇာရန် ကိလေမာန်ကို
တွန်းလှန်ချေဖျက် ရှေ့ကိုတက်မည့်
ဂုဏ်သက်ကိုရည် ဘိက္ခုမည်မှည့်
သားတပည့်များ ရှိတပ်သားလည်း
ဘုရားဖခင် ပဲ့သွန်သင်ကို
ပန်ဆင်ရွှေနား ထိပ်မှာထားကာ

၊ စားစားသွားသွား နားနားနေနေ
စိတ်လေမရှိ သတိမမဲ့ သိမမဲ့ပဲ
အရဲ့တိုက်ကင်း သူ့လက်ရင်းကို
ခွင်းဖြိုရင်းက သွားလာကြ
စားကြနားကြလေ။

၊ အကယ်၍များ...
အစားအသွား အနားအနေ ထိုလေးထွေ၌
စိတ်လေပွေမိ ဟိုသည်လှည့်ကာ
သတိမဖွဲ့ သိမဖွဲ့ပြင်
ဖွဲ့သော်ရှော့ရဲ မှတ်မမြဲဖြင့်
ညဉ့်စွဲခေါ်ရာ လိုက်မိပါသော်
ကာမတပ်ဝ လက်နက်ချ
အပ်ရ ကိုယ့်ပစ္စည်း ... ။

၊ ကာမအရာ တပ်မဟာဝယ်
မပါသတိ စွဲမိပညတ်
သတ်မှတ်သူကိုယ် အလိုသူ့သို့
အညို့သူ့ထံ စိတ်အပ်နှံကာ
မည်ခံရဟန်း ဝန်ဝင်ထမ်းသော်
– လူလုံးချည်းထမ်း တရားကန်း
  ရဟန်းသေနေပြီ... ။

နတ်တလူစာစဉ်

www.burmeseclassic.com


– သိက္ခာရွှေပန်း ရောင်မသမ်း
  ရဟန်းနာချေပြီ... ။
– သိက္ခာမလွှမ်း စိတ်ဝင်ကြမ်း
  ရဟန်းအိုချေပြီ။

1 ရူရဝန်ထမ်း ရှင်ရဟန်းတို့...
ပန်းတိုင်နိဗ္ဗာန် မိဋ္ဌာန်မဂ်ဖိုလ်
မှီခိုသတိ ထိတိုင်းသိနှင့်
ဝီရိထပ်ပိုး ဈာန်မျိုးငါးပါး အားငါးပါးပြင်
ဗောဇ္ဈင်ခုနစ်ပါး သင်းပင်းများဖြင့်
ငါးပါးအာရုံ ကာမဂုဏ်ကို
မုန်ယိုဆင်မင်း ကျူးအိမ်နင်းသို့
– သွားရင်းကပင် သတိယှဉ်
  တွင်တွင် နင်းချေကြ။
– စားရင်းကလည်း သတိကဲ
  ဖျက်ခွဲချေမှုန်းကြ။
– ဣရိယာပုတ်တိုင်း လှုပ်မဆိုင်း
  ခုတ်ပိုင်း သုတ်သင်ကြ။

၂။ အကယ်၍များ
ဘုရားသားချစ် ဝန်ထမ်းဖြစ်ပြီး
စိတ်ညစ်ကိုယ်မှောက် ကာမအောက်ဝယ်
သူဖောက်သမျှ ခိုင်းသမျှကို
မတွမဆိုင်း ထင်တိုင်းပြင်ဆင် လိုက်ပါဝင်သော်
သင်လက်ရှိထမ်း ရူရခန်းကား
အထမ်းလည်းပျက် အခန်းပျက်ကာ

BURMESE CLASSIC .com

– ရှုရဘက်မှာ စိတ်မပါ
ဗလာကိုယ်ချည်း လူလုံးတီး။
– တရားဘက်မှာ မမွေ့လာ
အာသာယိုစီး ကာမတည်း။
– သိက္ခာသက်မှာ အဆက်ကွာ
ဝါမှာရိုစီး ရှုပ်သက်ကြီး။

l ထိုသည့်အလေ့ ဖျံ့တွေမေ့ဖြင့်
မမွေ့ရှုရ မချသူ့ဝန် မလွန်သူကြိုက်
သူ့နောက်လိုက်ကာ ပြုကျင့်ပါသော်
မဟာတပ်မ နှစ်,ဖက်က
လက်ရဖမ်းလိုက်ပြီ။

l ရှုရဝန်ထမ်း ရှင်ရဟန်းတို့...
အောင်ပန်းရွှေထီး ပြည်ကြီးအေးချမ်း
သားပန်း(ဘျမ်း)ကင်းစင် ပြုံးပျော်ရွှင်ကို
မြင်လိုမဆိုင်း စစ်သားတိုင်းလျှင်
သုံးပိုင်းတာဝန် သူကျေပွန်မှ
တံခွန်လည်းရ မြင်တွေ့ရကို
အစကလျှင် သိပြီးပင်တည့် ... ။

l ဝင်ရိုးညွှတ်ကိုင်း ထိုသုံးပိုင်းကား
တိုင်းပြည် တပ်ဖက် မိမိသက်ဟု
သုံးကွက်လုံခြုံ သူ့စွမ်းဟုန်ပင်။
ဂုဏ်ဝင်စစ်သား သူ့စွမ်းအားကား
ကိုင်ထားလက်နက် ထိုတစ်လက်ဖြင့်
အသက်ကာကွယ် တပ်ကာကွယ်မှ
ကာကွယ်တိုင်းပြည်

www.burmeseclassic.com


သုံးလီအစုံ ဘေးလုံခြုံရန်
စုပုံရန့်စစ် သုတ်သင်ပစ်၏။

l ထိုသည့်ဥပမာ အတူသာလျှင်...
သိက္ခာဝန်ထမ်း သင်ရဟန်းလည်း
ဆင်မြန်းရူရ တစ်ခုရဖြင့်
သာသနာ့သက် ဒကာ့သက်နှင့်
အသက်မိမိ သုံးခုရှိကို
ထိရောက်သေချာ ကာကွယ်ရာမို့
မေ့ကာမျောကာ မျှောလိုက်ပါ
အသာမနေသင့်။

l ရူရဝန်ထမ်း ရှင်ရဟန်းတို့...
ဆွမ်းသင်္ကန်းကျောင်း ရိက္ခာဆောင်းသော
နောက်ကြောင်းထောက်ပို့ ဒကာတို့၏
ရိုကျို့လေးစား မျက်နှာများကို
သနားဂရု ပြန်လည်ရှုကြ။

l လူ့ဘ သာသနာ ရွှေမျက်နှာကို
သေချာစိစိ ပြန်လည်ကြည့်ကြ
လက်ရှိကာလ တာဝန်ကျသည့်
သင်ကပင်လျှင် ဝန်ပျက်ထွင်သော်
နောက်ဝင်လက်ကူ အတုယူ
သင့်လိုသူချည်း ဖြစ်ရော့မည်။
– သာသနာကြော ရေစုန်မျော
တိမ်ကော ပပျောက်မည်။
– သင့်သို့နိုငြား လူအများ
အားထားအားမဲ့ ဖြစ်တော့မည်။

1 ရူရှိရို မမွေ့လိုဘိ
ထိုအရတိကို
သတိဖြင့်ဖိ အသိဖြင့်ပယ် ဘေးတွန်းဖယ်ကာ
ကာကွယ်သုံးမျိုး ထိုလက်ရိုး
ထမ်းပိုးဆယ်ပြန် ပြန်ကြလေ။

၃။ ရူရမမွေ့ စိတ်လေဝေ့ကို
မမေ့သတိ ဖြစ်ပျက်ကြည့်ဖြင့်
တွန်းဖိလှမ်းကျော် လမ်း မဖော်လျှင်
အံ့ချော်စိတ်ယုတ် ဘောင်ဘင်လှုပ်ကြောင့်
ရုတ်ရုတ်သဲသဲ စိတ်ခေါင်းကွဲကာ
ဆွဲမိဆွဲရာ တွဲမိရာနှင့်
စွဲရာအာရုံ အဖုံဖုံ
လှေကြုံဝင်စီး ဖြစ်တော့မည်။

1 တွေ့ရာနှင့်ဆုံ ကြုံရာနှင့်တော့
မမွေ့ရူရ ဝန်ကိုချကာ
ကျမိကျရာ စိတ်လိုက်ပါကြောင့်
ပူဆာစိတ်များ ပွားထက်ပွားပြီး
အစားတောင့်တ အဆာပြ
တပ်မသုံးက ဖမ်းလိုက်ပြီ။
– ဝမ်းယုတ်ပူဆာ ဝမ်းခေါင်းဟာ
ဂဏှာမငြိမ် ဖြစ်တော့မည်။
– ရူရမှုစွာ စိတ်ပူဆာ
သူလာကိုယ်လာ မျှော်တော့သည်။

1 ရူရဝန်ထမ်း ရှင်ရဟန်းတို့...
ပင်ပမ်းလှစွာ ထိုပူဆာကို

www.burmeseclassic.com

မဟာတပ်ထု သုံးအုပ်စု၏
အမှုတော်ထမ်း နှိပ်စက်ခန်းဟု
စိတ်မှန်းနှင့်ပင် ရှုဆင်ခြင်ကာ
မဟာသတိ ဝီရိယပညာ သုံးချက်လာဖြင့်
ညီညာဖြဖြ တိုက်ဖျက်ကြလော့... ။

l ရသအရာ ထိုအစာကား
တဏှာအမျိုးမျိုး
ထကြွနိုးရန် တာဝန်ခံမို့
တော်လှန်သတိ အမြဲရှိကာ
ထိမိသောဉာဏ် ရှေ့နောက်ရုံမှ
လမ်းမှန်ရာဖက် ခုန်ကျော်တက်မည်
မက်မေ့ရှုချည်း မနေနှင့်... ။
– ဆာတိုင်းလျှင်စား သူ့လက်ကြား
အနားမရပြီ။
– စားတိုင်းလျှင်ဆာ နှိပ်စက်လာ
ဒဏ်ရာမစဲပြီ။

၄။ ဆာလောင်ပြင်းပြ လက်တွင်းကျသော်
သည်မျှနှင့်ပင် မရပ်ချင်သေး... ။
မခင်ရှုရ စိတ်ပူဆွေကြောင့်
နွမ်းလျညှိုးမှိန် ယုံချက်ထိန်သော်
ဣန္ဒြေပျက်ယွင်း မိုလ်ကျဆင်းလိမ့်... ။

l လမ်းခင်းရှုရ တာဝန်ကျမို့
ထမ်းရပိုးရ သယ်ဆောင်ရလည်း
ပြချက်မထူး စိတ်မမြူးကြောင့်
လွန့်လူးအထက် ဆက်မတက်သော်

တပ်ပျက်ပီပီ ပျင်းစိတ်ရှိကာ
တန္တိတပ်မ လေးပေါက်ဝ
သုံ့ရစာရင်း သွင်းလိုက်ပြီ။
– ရူရခန်းတွင်း စိတ်မဆင်း
ပျင်းရိနေချေပြီ။
– ရူရခန်းတွင်း စိတ်ပို့သွင်း
ငြင်းဆိုနေချေပြီ။
– ရူရခန်းတွင်း စိတ်မတင်း
ကမြင်းနေချေပြီ။

1 ရူရဝန်ထမ်း ရှင်ရဟန်းတို့
တင်လျှမ်းသိက္ခာ တပ်ရှိရာတွင်
လမ်းမှာပင်ဆင်း ထိုစိတ်ပျင်းကို
လက်တွင်းအရှိ မှတ်သတိဖြင့်
တိခနဲပြတ် ခုတ်ပိုင်းဖြတ်ကြ။

1 ယုံချက်ခွေလိပ် ရဲစိတ်ကျဆင်း
ဆန်မတင်းကြောင့် ပျင်းရိဖင့်နွဲ့
မကွဲသွေးလေ ညစ်မွဲနေရာ
မတွေစိတ်ရဲ ယုံချက်ကဲဖြင့်
စွဲမြဲထပ်ထပ် ဖြိုခွဲတတ်လျှင် ကြည်စိတ်ဝင်လိမ့်။

1 တန္တိအညှဉ်း မခံပြင်းဘဲ
အပျင်းတိုင်းပင် ထားခဲ့လျှင်မူ
အပျင်းထူသော် ဖျင်း
အဖျင်းထူသော် ပျင်း
ထိုနှစ်ခင်းတို့ နင်ဆင်းငါတက်
– နင်တက် ငါဆင်း ကစားကွင်း
အသွင်းခံရမည်။

နတ်တလူစာစဉ်

– ထက်အောက်ဘယ်သွင်း ညာပြန်သွင်း
  အညှဉ်းခံရမည်။
– သုံ့ပန့်ဝန်ထမ်း ထိုရဟန်း
  ပြန်လမ်းမရှိပြီ။

၅။ ရူရဝန်ထမ်း ရှင်ရဟန်းတို့...
တင်လွှမ်းသိက္ခာ တပ်ချီရာတွင်
လမ်းမှာပင်ဆင်း ထိုစိတ်ပျင်းကို
လက်တွင်းအရှိ မှတ်အသိဖြင့်
တိကနဲမြည် မသုတ်ချီသော်...
– ပဉ္စမိ ထိန မိဒ္ဓံ စ
  ဆဋ္ဌိ ဘိရူပ ဝုစ္စတိ။
– သတ္တမိ ဝိစိကိစ္ဆာ တေ
  မက္ခော ထမ္ဘော အဋ္ဌမော။
မိန့်ဟောဖော်ပြ
သဘာဝဝင် ကျခန်းရှင်၏
လမ်းစဉ်အတိုင်း ထိုင်းမှိုင်းစိတ်များ
ရိပ်ရိပ်ပွားကာ ဖုံးအုပ်လာပြီး
အာရုံလွှတ်ချ အိပ်မောကျ
တပ်မ ငါးနှင့် တိုးမိပြီ။

1 တပ်မဟာ ငါး
သူ့လက်ကြားရောက် လမ်းသွားပျောက်ကား
ဘယ်လောက်ကောင်းဆိုး အာရုံတိုးလည်း
တစိုးတစိ မဖမ်းမိတော့
– ကြိုက်စိတ်မရှိ အငိုက်မိ
  မသိနှင့်သာနေရမည်။

– မုန်းစိတ်မလှည့် ငုံးတိတိ
မသိနှင့်ပင် နေရမည်။
– တွေပျံ့မကိုင် ငိုင်တိုင်တိုင်
အယိုင်နှင့်ပင် နေရမည်။
– ကောင်းဆိုးနှစ်ဝ ခွဲမရ
ဘဝလူသက် ထွက်နေပြီ။

1 ရူရဝန်ဆောင်း အရှင်ကောင်းတို့…
သောင်းပြောင်းအာရုံ မမွေ့ထုံဘဲ
အမြဲသို့ကိုင်း ထိုထိုင်းမှိုင်းကို
ပိုင်းပိုင်းဆစ်ဆစ် ဖြတ်တောက်ပစ်ကြ။

1 ပိုင်းပိုင်းဆစ်ဆစ် ဖြတ်မပစ်ပဲ
ရစ်မူးခြင်းလျှင် အကောင်းထင်ကာ
အိပ်ချင်တိုင်းအိပ် နိုင်းတိုင်းသိပ်က
ဘိက္ခုအရာ မဝင်ပါပြီ။
– ကိလေအရိပ် မနိုအိပ်
ဘိက္ခုအမည်တော်… ။

၆။ စိတ်ထားအမြဲ ဘာမလှုံ့သော
အာရုံမမိ မှိုင်းထိရိုရှား တပ်မငါးကို
ခွန်အားမာန်စိုက် လှန်မတိုက်ပဲ
အလိုက်သင့်သာ နေမိပါသော်
သွေးမှာလေဖြန်း အားကုန်ခမ်းကာ
ကြမ်းတမ်းဘဝင် မုန်တိုင်းဆင်ကြောင့်
စိတ်စဉ်ချားချောက် လွင့်ပျံ့ကြောက်
တပ်မခြောက်နှင့် တိုးမိပြီ။

နတ်တလူစာစဉ်

BURMESE CLASSIC .com

၊ တပ်မဟာ ခြောက် သူ့လက်အောက်သို့
လက်မြောက်မာန်ကျ လက်နက်ချဖြင့်
သုံ့ရကေန် အသွင်းခံသော်
မမှန်သွေးလေ လှုပ်ခြောက်မွှေတိုင်း
စိတ်နေလည်းလန့် သွေးလည်းလန့်ကာ
– တရားယွင်းဖောက် စိတ်ကြည်ပျောက်
ကြောက်ကြောက်နှင့်ပင် နေရပြီ။
– ဟိုသည်အနှံ့ စိတ်ခြေဆန့်
လန့်လန့်နှင့်ပင် နေရပြီ။
– ရှေ့စိတ်ကတွန့် နောက်စိတ်ဆွဲ့
ရွံ့ရွံ့နှင့်ပင် နေရပြီ။
– လေတိုးသည်ပင် တစ္ဆေထင်
ဟိုမြင် သည်မြင် ဖြစ်လာပြီ။

၊ ဂူရဝန်ဆောင်း အရှင်ကောင်းတို့
သွေးကြောင်းမမှန် လေမမှန်ကြောင့်
ဖောက်ပြန်ထင်မှား ကြောက်စိတ်များကို။

၊ ဘုရား တရား ကိုယ်ထားအစုံ
ထိုသည့်ဂုဏ်များ တွင်တွင်ပွားကာ
ဖယ်ရှားခုတ်ဖျက် ရှေ့ကျော်တက်ကြ။

၊ သစ္စာ မေတ္တာ ဥပေက္ခာဟု
ပါရမီသုံးချက် ဆင့်ဆင့်တက်ဖြင့်
မပျက်မချင်း ဖျက်ချေခွင်းကြ။

၊ ဂူရနှစ်ဆင့် ရှက်ကုန်ဖွင့်လျက်
မြင့်ထက်မြင့်ရာ ဘာဝနာသို့
တက်လာတပ်သား အရှင်များ၌...

နတ်တလူစာစဉ်

BURMESE CLASSIC .com

– ထိုင်းမှိုင်းလွင့်ကြောက် သွေးလေဖောက်
စိတ်ချောက် ကိုယ်ချောက် ဖြစ်တတ်သည်။
– နေရာမမှန် စိတ်မမှန်
ကလန်ကဆန် တွေ့ရမည်။
– နောက်ဆက်မကင်း သီလယွင်း
မရှင်းမလင်း ဖြစ်တတ်သည်။

၊ ဘယ်လိုဖြစ်ဖြစ် ဘာဖြစ်နေနေ
ပေးဝေမေတ္တာ ဆိုသစ္စာနှင့်
စတုရာရက္ခ အမည်ရသည့်
ဗုဒ္ဓဓမ္မ သံဃဂုဏ်ကြား
စိတ်သွင်းထားသော်
ဖယ်သွားသုတ်သုတ် သူနောက်ဆုတ်လိမ့်။

၇။ အကယ်၍များ
စိတ်များလွင့်ကြောက် လန့်စိတ်နောက်ကို
ထိုးဖောက်ကျော်နင်း ရှေ့မချဉ်းပဲ
လက်တွင်းသူ့နေ ထားမိချေသော်
စိတ်ထွေဝေဝါး ဟိုသည်လားများ
ကြားဝင်တိုးလာ ကစားလာကြောင့်
မဟာတပ်မ ခွန်ပေါက်ဝဝယ်
ချအပ်လက်နက် ရဟန်းသက်
ပယ်ဖျက်ခံရပြီ။

၊ ခုနစ်မည်ရှိ
ဝိစိကိစ္ဆာ တပ်မဟာ၌
အရာကျမင်း ရဟန်းပျင်းကား
မတင်းယုံချက် မထက်သတိ

www.burmeseclassic.com

မရှိပညာ မပါလို့လ ပမာဒကြောင့်
ပါပတကြော ပုံ့မျောမျောကို
လှန်လှောပြန်ကာ မရှုပါဘဲ
ဆရာတသီး ကျင့်နည်းတစ်ဖြာ မိမိမှာ
သက်ာမကင်း ဖြစ်လာပြီ။
– ဆရာကများ လမ်းညွှန်မှား
  အထား လွဲသလား။
– ကျင့်နည်းကများ လွဲတခြား
  မြားပြ နေသလား။
– ငါကပင်များ အာရုံထား
  မှားများ နေသလား။
ထိုလေလားကြီး တစီးစီးကို
စီးနင်းရင်းက စိတ်ဒွိဟများ ပိုရှုပ်သွားကာ
– ငါတမူကား ကျင့်တရား
  နားမှ တော်မည်ထင်... ။
– ကျင့်ဆဲတရား ငါရပ်နား
  မှားများ မှားမည်ထင်။

1 ထိုသည့်အခင်း ထင်စိတ်သွင်းမှ
ထင်ခြင်းထင့်ခြင်း နင့်ခြင်းများစွာ တိုးဝင်လာ
မသာမကြည် ဖြစ်တော့သည်။

1 ထိုသို့စိတ်ထား ဝေဝိုးဝါးလည်း
ကြောက်အားလန့်အား ထိုနှစ်ပါးကြောင့်
ဘုရားတရား အစထားလျက်
ပွားပြီးဂုဏ်များ စုမိသွားသော်
– စိတ်ထားအစဉ် ရေအသွင်
  ကြည်လင်အေးမြ ဖြစ်လာပြီ။

– သီလလုံမြဲ့ စိတ်လုံမြဲ့
စိတ်ဂုဏ်သတ္တိ ပြလာပြီ။
– ရှေးဘုန်းရှေးကံ အတွင်းခံ
နယ်ထူကာ ထလာပြီ။
– ဣန္ဒြိမန္တာ နတ်ဒေဝါ
စောင့်လာကြပ်လာ ဖြစ်လာပြီ။
– ဇုတိမန္တာ နတ်များစွာ
ကောလာဟာလ ဖြန့်ကြပြီ။

၊ အကြောက်ပြေရုံ
လှုံ့သည့်ဂုဏ်များ တောက်ထပွားကြောင့်
ယုံမှားခြင်းက ဝပ်ကျင်းထလည်း
ကာမနောက်ခံ အတွင်းရန်များ ဝင်လှုပ်ရှား
လမ်းသွားမှားဦးမည်။

၊ ဂူရဝန်ဆောင်း အရှင်ကောင်းတို့
နောက်ကြောင်းကိလေ မဖျက်ခွေဘဲ
ခွဲဝေဂူရ ထမ်းဆောင်ကြကြောင့်
ချတုံ ချီတုံ မြဲ့မမြဲ့၏
အာရုံကလိ သူ့အဖိကို
သတိဖြင့်နင်း ဖျက်ချေခွင်းကြ။

၊ အတိတ်ကံစ နယ်ထကြောင့်
ကမ္မသကာ ထိုဥစ္စာများ လက်ရောက်ပွားကို
ငေါ့ကြွားမတိုး သူ့မတိုးပဲ
တန်ခိုးသီလ ဓမ္မစွမ်းအင် သမ္မာဥ်ဖြင့်
ယှဉ်ငင်ခံစား မေတ္တာပွားကြ။

www.burmeseclassic.com

၈။ အကယ်တိတိ

မမိအာရုံ ချီချတုံနှင့်
ဂုဏ်စဉ်မှဖွား ဘုန်းကံများကို
ငါစားဖြင့်သာ စားမိပါမူ
နောက်ပါကိလေ ထိုးဝင်မွှေကာ
စိတ်နေမောက်မာ မာန်ဝင်လာကြောင့်
မဟာတပ်မင်း ရှစ်အတွင်း
ဆင်းမိနင်းမိပြီ။

1 ရှစ်တပ်မဟာ သူ့နေရာ၌
မက္ခာ–မာန ထိုနှစ်ဝက
သုံ့ရအဝင် ရှင်ပင်ဘုရား သားတော်များကို
ထောင်စေလွှားစေ မောက်မာစေဖြင့်
စေတစ်လုံးထား ခိုင်းအစားကြောင့်…
– အကောင်းတွေ့လျှင် ကြိုက်ဖို့ပြင်
မာန်ဝင်စိတ်ဖောက် ရောက်လာပြီ။
– အဆိုးတွေ့ပြန် ဒေါသမာန်
ခက်ထန်စိတ်ဖောက် ရောက်လာပြီ။
– ပြိုင်ဖက်တွေ့က မောက်မာပြ
ကိုယ်ထ နှုတ်မာန် ထန်ချေပြီ။

1 သည့်မျှတွင်ကား မရပ်နားသေး
တရားမှထွက် စပ်ယှက်ကာမ ယုတ်ပါပနှင့်
တကွယှဉ်အိပ် ထိုသည့်စိတ်ကား
အဆိပ်ပြင်းဖွား မြွေဆိုးလားနှယ်
အားထားမှီခို ထောက်ပင့်လိုသည်
ကြည်ညိုစင်ဖြူ များမိုလ်လူတို့
ပေးလှူလေတိုင်း တွေ့လေတိုင်းလည်း

နတ်တလူစာစဉ်

အယိုင်ဖောက်ကာ စိတ်မောက်မာဖြင့်
ရရာမလို လိုရာမရ သောကာလမှာ
စောထ ဒေါထ အင်အားပြလိမ့်။

၊ ရူရဝန်ဆောင်း အရှင်ကောင်းတို့
ငယ်ပေါင်းကိလေ စိတ်ယုတ်ပွေကို
စေလော့သတိ လှည့်လော့ညဏ်ကင်း
သွင်းလော့သူလျှို ဖို့လော့သူ့အား
တွန်းဖယ်ရှားကြ။

၉။ အကယ်၍များ
ဖြစ်ပွားမာန်တင်း မောက်မာခြင်းကို
လက်တွင်းသိမှီး ကောက်သိမ်းဆည်းသော်
ဘုန်းကြီးလာဘ်ပေါ ကျော်စောခြွေရံ
လေးတန်ဥ၏ကြော ပက်လက်မျှောကြောင့်
– လာဘော သီလောတော သတ္ထာရော
မိတ္တာ လဒ္ဓေါစ ယောယသော
– အတ္တုက္ကံသ ပရဝမ္ဘ
ပရေစ အဝဇာနာတိ

၊ ပါဠိမွှခန် မိန့်တော်ပြန်၏
ဆိုဟန်အတိုင်း အရိုင်းဟိတ်ခံ
ညဏ်မိစ္ဆံ့ပျိုး ဆွဲဆောင်နိုး
တပ်မကိုးနှင့် တိုးမိပြီ။

၊ ညဏ်မိစ္ဆာပျိုး တပ်မကိုးကျ
ဆိုးဝါးအလို ရမ္မက်နိုအိပ် လိုမဆိတ်သည့်
ပါပိစ္ဆာများ လွန့်လွန့်သွားကြောင့်
ဝါကြွားအပြော လူချင်းနှောကာ

www.burmeseclassic.com

သဘောမရိုး ဝသီနိုးဖြင့်
ကြမ်းပိုးက လိပ် လိပ်က ကြမ်းပိုး
ကျွမ်းထိုးမှောက်ခုံ ခိုင်းစေစုံလိမ့်။

၊ လူလျှင်လူချင်း ရှင်ရှင်ချင်းများ
လမ်းတွင်း ခန်းတွင်း ဝန်းဝိုင်းတွင်းမှာ
ပက်ပင်းလက်ဆုံ စကားကြုံသော်
– ပါပီစ္ဆာကြား စိတ်လွတ်ထား
ဝါကြွားခြင်းက မင်းမူနေ... ။
– ဟိတ်ဟန်ဖြန့်ခင်း အယုံသွင်း
ကောင်းသတင်းများ ဖြန့်ကားနေ... ။
– မာယာသာဌေ ဖြန့်ဝေ၄
လောကအလှ ဆင်ပေးနေ... ။

၊ ထို့ပြင် သတင်း ယုံကြည်ရင်းစွဲ ကိုယ့်လူထဲမှ
စွဲလေတစ်ယောက် သူနားပေါက်သော်
တစ်ယောက်ကပင် ရာလျှင်ထောင်သောင်း လူအပေါင်းကို
ကောင်းကြောင်းဆင့်ပွား နှုတ်ဆက်သွားလိမ့်။

၊ ပါပိစ္ဆာလွှမ်း ထိုဝန်ထမ်းကား
သွားလမ်းလည်းပျောက်
အပေါက်လည်းလွဲ စိတ်ညစ်မွဲဖြင့်
ကိုးထဲမှာပင် သူသောင်တင်
လမ်းစဉ် သူမတက်။

၊ ဂူရဝန်ထပ် အရှင်မြတ်တို့
ကျင့်အပ်ရာရာ မကျင့်ပါဘဲ
မရာမအပ် အယုတ်စာတ်၌
နှုတ်ကပ်ကိုယ်ဝင် မိစ္ဆာခွင်ကို

ရွှေ့လျှင်သတိ ဝီရိနောက်တွန်း ညဏ်ပေါက်ချွန်းဖြင့်
ထွန်းထွန်းပေါက်ပေါက် ထွင်းဖောက်ကြလော့။

၊ အကယ်တိတိ
ဗာဟိဒါရု ရှင်လာဠုနှင့်
ဝက္ကုမုဒါ ကဲ့ပမာသို့
ပါပိစ္ဆာကြား စိတ်လွှတ်ထားက
အများလည်းနာ မိမိမှာနစ်
ညစ်၏သာသနာ သုံးဘက်နာ
ပညာသတိ ရှိကြစေ။

၁၀။ သည့်မျှတွင်ကား မရပ်နားသေး
တရားလွတ်ကင်း စိတ်ချွတ်ယွင်းလှ ထိုသို့ရကား
ဓမ္မ–ကုလ လာဘမစ္ဆေ သူ့အမွေကြောင့်
ကျင့်နေရဟန်း ဝန်ယှဉ်ထမ်းနှင့်
လမ်းပေါက်လမ်းမ ဆုံမိကြတိုင်း ...
– ကိုယ့်ကျ မြှင့်တင်
– သူ့ဆိုလျှင် နှိမ့် စကားလိမ့်ဖြင့်
နှိမ့်ချမြှောက်ပင့် လေသံလွင့်
အတင့်ရဲလာပြီ... ။

၊ ထိုအတင့်ရဲ ဆင့်ကဲကဲထဲ
ဣဿမစ္ဆေ ထပ်ဖိချောက
မထေမဲ့မြင် ထိုဤညဥ့်မည်း စိတ်ခွစီးကြောင့်...
– ကြီးသူတွေ့လျှင် ဘာမထင်
သဝန်ကြောင်တော့သည်။
– ငယ်သူဝင်ရို သဝန်တို
မလိုမုန်းထား ပွားတော့သည်။

နတ်တလူစာစဉ်

www.burmeseclassic.com

– ငါမှ ငါသာ နိုင်းစရာ
နေရာတကာ ဝင်တော့သည်။
– သုံ့ပန်းရဟန်း သည်အခန်း
လမ်းဆုံး ပန်းဆုံး ဖြစ်တော့သည်။

၊ ဂူရဝန်ထမ်း ရှင်ရဟန်းများ
ဆင်မြန်းပရိက္ခရာ
သိက္ခာလက်နက် ကိုင်စွဲထွက်စဉ်
မဖျက်ညည်မိုက် စရိုက်မချွတ်
မလွတ်ဝါသနာ မွေးရာပါက
ကာမနင့်ပင်း ချည်ခြင်းဖြင့်နှောက်
သူခလောက်ကြောင့်
ဂယောက်ဂယက် သွားလမ်းပျက်
သူ့လက် ရောက်ရရှာ။

၊ ကာမရမ္မက် သူ၏လက်မှာ သုံ့အရာဖြင့်
ထားရာမှာနေ စေရာမှာသွား မောနားနားကြောင့်
ဆယ်ပွားတပ်မ သူ့ဌာနတွင်
ဆတက်ပြုစု သူ့အမှု
ယခုတစ်ဆယ် ရောက်လာပြီ။

၊ တပ်မဟာနယ် ထိုတစ်ဆယ်ကား
မဖွယ်သိက္ခာ လိုဘိရှာနှင့်
ဣသာမစ္ဆေ ငါးထွေတဏှာ
ငါးဖြာအာရုံ ငါးပုံစာဂ
အင်အားပြများ ဝိုင်းရံထားရာ...
– ဖားလေးသူငယ် ကိုင်းခြောက်တွယ်ကာ
– ပင်လယ်ရေတွင်း မျောပါခင်းသို့...

နတ်တလူစာစဉ်

www.burmeseclassic.com

ဘယ်တွင်းမှာဆုံး သုံ့မှသုဉ်း
လူလုံးမလှ ဖြစ်ရပြီ။

1 ရူရဝန်ထပ် အရှင်မြွတ်တို့
ဖြတ်သင့်အဝိစ္စာ မဖြတ်ပါပဲ
ဝိစ္စာကြွေ့န်း ပြည်ဝန်ထမ်း၏
ရဟန်းနာမံ အမည်ခံသော်
မာန်မင်းအမျောင့် အစောင့်သူချ ဆယ်တပ်မ၏

ကာမအစ ဝမ္ဗအဆုံး အညစ်လုံးများ
တစ်လုံးပြီးလျှင် တစ်လုံးဝင်ကြောင့်
စိတ်စဉ်ဖြူပွင့် တင့်ထက်တင့်ကား
အမြင့်မှသည် အနိမ့်ဆီသို့
လိမ့်ချီတစ်ခါ မျောပါတစ်ကွေ့ အမေ့မေ့
တရွေ့တရွေ့ ဆင်းသွားပြီ။

1 ပါပညစ်ကျူ ကာမမှူကား
နူရာမှကြမ်း ကြမ်းပြီးရမ်းကာ
စိတ်နွမ်းရာသို့ လွှာချီတစ်ခါ
မညှာတစ်ကွက် အပျက်ပျက်
တက်၍ တက်၍ လာချေပြီ။

1 သို့နှင့်ပင်လျှင်
ပြည်ဝင်နန်းရို့ ထမ်းဝန်ပို့များ
– အချို့မှာတစ် သည်မှာထစ်
ညစ်ညစ်နှင့်ပင် လမ်းဆုံးသည်။
– နှစ် သုံးလေးငါး အချို့များ
သွားရင်းလာရင်း လမ်းပျောက်သည်။
– ခြောက်ခွန်ရှစ်ကိုး တစ်ဆယ်မျိုး
တိုးဝင်သူကား ရှားပါးသည်။

နတ်တလူစာစဉ်

www.burmeseclassic.com

1 ရူရဝန်ထပ် အရှင်မြတ်၌
တပ်အပ်ပညာ ကုံလုံပါ၏
သဒ္ဒါဆန္ဒ ဝီရိယနှင့်
ဓမ္မအရာ ဝါသနာများ စိတ်ညွှတ်အားလည်း
ဖွားဖွားခါခါ ရှိချေပါ၏။

1 ကာမ ဝန်ပိ ကျွန် ဒဏ်ထိတို့
ထိုသည့်ပညာ ထိုသဒ္ဒါကို
သည်မှာမသုံး ဘယ်မှာသုံး
ခြယ်မှုန်းပြမည်နည်း... ။

1 ဆန္ဒဝီရိယ
ဓမ္မအရာ ဝါသနာကို
သည်ခါမသုံး ဘယ်ခါသုံး
ခြယ်မှုန်းပြမည်နည်း။

1 ရူရဝန်ထမ်း ရှင်ရဟန်းတို့
ဝန်ထမ်းအများ သည်စကားကို
ကြားစေသိစေ မျှပေးဝေ၏။
ဆယ်ထွေတပ်မ ထိုပါပကို
ဆယ်ဆပါရမီ ဆယ်လီဉာဏ်ဓား ဝိပသ်အားဖြင့်
ပွားရာမှပါး ပါးရာမှနည်း
နည်းပြီးစဲကာ မက်ကမ္ဘာ
ထွက်ခွာကြပါကုန်။

1 ရှုပ်ထွေးပွေလိမ် ခန္ဓာအိမ်၌
အချိန်ရော ကိလေသာများ
ရပ်နားဘယ်ခါ မရှိပါမို့... ။

နတ်တလူစာစဉ်

၊ သိက္ခာလက်နက် ပညာစွက်ဖြင့်
ထမ်းရွက်နေကျ သင့်ဘက်ကလည်း
မချသတိ ဝီရိတင်းတင်း အသိသွင်းများ
လွတ်ကင်းဘယ်ခါ မရှိရာပြီ။

၊ လမ်းတူ ခန်းတူ လှမ်းအတူဝယ်
သူလည်းမရပ် ကိုယ် မရပ်တို့
ထပ်မိဟပ်မိ အားချင်းဖိထိ
အရှိသူ့ထက် ကိုယ်ဝင်တက်သော်
သူပျက်ကိုယ်ရွေ့ ကောင်းမလေ့ဖြင့်
ရွေ့သို့သာဆက်
မဆက်ဖြူစင် ပြန်တမ်းဝင်
ရှင်ပင်ရိုက်ရာထား.... ။
– ရန်ဆယ်တပ်မ ကျော်နိုင်မှ
အာဂ မင်းယောကျ်ား... ။
– ဘုရား ကစ သာဝက
လမ်းပြရွေ့သွား အရှိသား... ။
– သူ့ကျွန်မခံ အပြွတ်နှံ
တော်လှန်လိုက်ပါ အရှင့်သား... ။
– အသေခံလျက် ရဲမာန်စွက်
ကျော်တက်လိုက်ပါ အရှင့်သား... ။

[၁၃၆၃ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊
ပဋိပတ်တောစခန်း၊ ကျော်တော၊ ဗုလဲ]
[ကြိုတင်ရေးကဗျာ]

www.burmeseclassic.com


# ၂၈။ ဝနဝါသီနှင့် တစ်ဖက်တာဝန်

l ဝနဝါသီ ထိုငါသည်ကား
လှည့်လည်ကျက်စား တောတောင်များ၌
တရားလည်းဝင် ရူတင်လည်းဆောင် နှစ်ဖက်မြှောင်ကို
ချောင်ကာပိတ်ဆည်း တစ်ပါးတည်း
ဖြည့်ဆည်းနေဆဲပင်။

l ထိုသို့ထီးထီး
ကိုယ့်တွက်ချည်းသာ ဖြည့်ဆည်းပါကြောင့်
ဒကာစားစား နောက်လိုက်များအား
တရားဟောခြင်း ပြသခြင်း
လွတ်ကင်းနေချေပြီ။

l ထိုသည့်လွတ်ကွက် တာဝန်ပျက်ကို
ပေးဆက်ကထာ စာများစွာဖြင့်
သည်ဟာသည်လို သည်ဆိုသည်သို့
သည်မြို့သည်နား လမ်းပြမြားကို... ။

l ပုဏ္ဏားနှင့်မျောက်
ချောက်မှအတက် လမ်းပြချက်ကို
သွေးစက်ချကာ ပြသပါသို့
ငါ့မှာလည်းပဲ တာဝန်ခွဲ
ပြပွဲလုပ်ရပြီ။

l ထိုဤကထာ ရေးပြရာ၌
– ဆွမ်းခံပြန်ချိန် ဝမ်းမငြိမ်
ရေးချိန်အဖြစ် တာဝန်ပေး။

နတ်တလူစာစဉ်

– ဆွမ်းစားပြီးချိန် ဝမ်းပွေလိမ်
ရေးချိန်အဖြစ် တာဝန်ပေး။
– အထိုင်နားချိန် စိတ်အားချိန်
ချင့်ချိန်၍ပင် တာဝန်ပေး။

- သို့ဖြင့်ပင်လျှင်
အုပ်စဉ်မြောက်များ စာစကား
ပေါက်ဖွားခဲ့ချေသည်။
- ဆိုပြီးစကား သင်လေးစားလျှင်
ပေးထားအမွေ ဤစာပေကို
ရွှေလိုလည်းသို ငွေလိုလည်းထား
အစားလိုချစ် သုံးဆောင်ရစ်
လွှင့်ပစ်မထားနှင့်... ။
- အကယ်၍များ
မစားမသုံး လုံးလုံးပစ်ပယ် သင်လက်ဖယ်သော်
ရွှေနှယ်လည်းစု ငွေနှယ်စုဖြင့်
လုရအချိန် စိမ်ရစိတ်တွေး
ရေးပေးစာသား လုံ့လထားကား
သဲကြားရေသွန် တပြေကျွံ
နွံဝယ်ရွှေနစ် ဖြစ်တော့မည်။
- သင့်ဖို့ ရေးသား စာစကား
အလကားသက်သက် မဖြစ်သင့်... ။
- ငါ့ဖို့ ရာထား အချိန်များ
အလကားသက်သက် မဖြစ်သင့်... ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်၊ ဗဋိဗတ်တောစခန်း]

www.burmeseclassic.com

# ၂၉။ ဝနဝါသီနှင့် မှီတွယ်သူများ

1 ဝနဝါသီ ထိုငါသည်ကား
မှီတွယ်သူများ အစားစားသို့
တရားဖြင့်ရှိ ဓားဖြင့်ရှိကာ
လောကီလောကုတ်
နှစ်ဓာတ်ထုပ်လုံး ထုတ်နှုတ်သုံး
ရုပ်လုံးပေါ်စေသည်။

1 ထိုသို့ထုတ်ဟ ရုပ်လုံးပြတွင်...
❋ ဓမ္မလက်တင် တရားရှင်နှင့်
များဖျင်ကဝိ ပညာရှိသို့
ပို့ဖြည့်ပဏ္ဏာ စာကထာကျ
မဟာဆန်ဆန် ရေးဟန်ခန့်ခန့် လက်ရာသန့်
ဖြန့်လေ့ရှိပါသည်။
❋ လောကဓမ္မ သဘာဝစု ရေးရာမှုကို
သုတလိုက်စား လူအများကျ
စကားပမာ ခွန်းထွက်လွှာပြီး
ရှာလိုပင်တွေး ရှာလိုရေး
ပေးလေ့ရှိပါသည်။
❋ လောကဓမ္မ ထိုနှစ်ဝဝယ်
ဉာဏ်မကြွယ်သေး မှန်ကွယ်ဝေးသည့်
ကလေးများကျ ကစားအိုးပုတ် နွားချိုးရုပ်သို့
သရုပ်လေ့းလေ့း စကားသေးဖြင့်
ကလေးလိုတွေး ကလေးရေး
ပေးလေ့ရှိပါသည်။

1 အိုစာရှုသူ ဝေဖန်သူကြီး...

❋ လူအများ၌
တန်းစားသတ်မှတ် ထိုသုံးရပ်တွင်
သင်ကား ဘယ်မှာ ထပ်သနည်း။

❋ တန်းမှာသင်က...
မွေ့လက်တင် ပညာရှင်ဆို
ထိုထိုမဟာ ကျမ်းကထာကို
လေ့လာလိုက်စား ညထက်ချင့်ပွား
အားထားနေရုံသာ... ။

❋ သင့်အနေမှာ
စာမှီပေမှီ သုတေသီဆို
လောကီလောကုတ် မှန်သရုပ်ကို
အလုပ်ဖြင့်ဟပ် စာပေဓာတ်
ဖတ်မှတ်ကြည့်ရုံသာ... ။

❋ အကယ်၍များ စကားလက်သင်
အမြင်လက်ရှုယ် ကလေးငယ်ဆို
တွေးလွယ် သိလွယ် ကထာငယ်
မှီတွယ်နေရုံသာ... ။

1 သင့်အဖို့မှာ
ဝနဝါသီ ဈာန်အချီကို
အမည်ကားခံ ကလေးဆန်လှ သွေးပျံ့ထ၏။
ရေးဟန်ရေးချက် အတွေးကွက်လည်း
ကလက်လွန်းလှ လွန်လွန်းစွဟု
ငါ့ဖက်ငြင်ငြို နှုတ်ရန်လို
မဆိုသင့်တော့ပြီ။

[၁၃၆၃ ခုနှစ်၊ တပေါင်းလပြည့်၊ ဗဋိုဗတ်တောစခန်း]

www.burmeseclassic.com


# ၃၀။ နောက်ဆုံး၏ နောက်ဆုံး

l ဤသည့်ကဗျာ စာတိုထွာဖြင့်
လိုရာဆန့်တန်း ရေးမှာခန်းကား
လမ်းတွေ့သမျှ မြင်သမျှနှင့်
ကြားရ ကြုံရ ပုံဝဝကို
ကျနစုံစေ့ ဉာဏ်လေဖော့ကာ ဆိုချေရာမို့...
– သည်မှာ သည်လို ရေးချက်ပိုလည်း
– ဟိုလို ဟိုမှာ ရေးကွက်သာလိမ့်
သန်ရာကိစ္စ ဤဌာနဟု
မူချဘောင်ခတ် မသတ်မှတ်ခဲ့။

l မအပ်နိုင်းရာ နိုင်းရပါမူ
မြတ်စွာနှုတ်ထွက် ဓမ္မစကားအ
ချက်ကိုကြည့် ဉာဏ်ဗုဒ္ဓိဖြင့်
တည့်တည့်ထိုးဖောက် ကယ်တင်ထောက်မို့
ရောက်တတ်ရာရာ ရှိတတ်စွာလည်း ... ။

l သုံးဖြာပုံတောင်း အကုန်ဆောင်းဖြင့် စုပေါင်းပြီးကာ
– ဤဟာကား သုတ် ...
– ဟုတ်၏ ဘိဓမ္မာ ...
– မှန်ပါ ဝိနည်း ...
ခွဲဝေမှီးသို့။

l ထိုနည်းလိုပဲ ဤမှာလည်း

l ခွဲဝေပွဲလုပ်လေ။

[၁၃၆၄ ခုနှစ်၊ စံရိပ်ငြိမ်တောရ၊ ကျောင်းတော]

# ၃၁။ ရေးဟန်တွေးဟန်ကဗျာဆန် ကာရံအကိုက်နှင့်

သာရဘဏ္ဍာကာဗျာ့ပဏ္ဏာ၊
ဂဏ္ဍေတု ဗဟုသုတာဝါ
စိန္တကုမ္ဘံ ဒိန္နပုဏ္ဏံ
လဘေတု တယိ ကေန္တာ။

l အနှစ်ဘဏ္ဍာ ဤကဗျာ
ယူပါ သုတမင်း... ။
အတွေးအိုးစွက် အပြည့်နှက်
လက်ဆက် ငါအပ်နှင်း... ။

[၁၃၆၄ ခုနှစ်၊ တန်ခူးလပြည့်နေ့၊ စံရိပ်ငြိမ်တောရ၊ ကျော်တော]

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း [ ၄ ]
# သီးသန့်ကဗျာများ

www.burmeseclassic.com

## ၁။ သူ့နေရာ သူ့အတား ကျော်လွှားတတ်ကြမှ

1 သောတာပန်အရာ ကျင့်သောအခါ
ငါပါ နေတတ်လှ။
ထိုငါကိုကား သုံ့ပန်းထား
မှူးရင်းလွှားရင်း သွားတတ်မှ။

1 သက၊ အနာ ကျင့်လေရာ
တဏှာကြီးတတ်လှ။
မဟုတ်မခံ ပယ်ထုတ်ပြန်
ရန်မာန်ထတတ်စွ။
ထိုသည့်အဟန့်
သုံးပန့်သို့ထား စစ်ကစား
ကျော်လွှားတတ်ပါမှ။

နတ်တလူစာစဉ်

www.burmeseclassic.com

l အရဟန္တ ကျင့်စဉ်ကျ
မာနကြီးလေစွ။
တရားပြန့်ပြော မြင်သဘော
မျော၍နေတတ်လှ။
ထိုသည့်အဖျက် ကစားဖက်သို့
မျက်လည်းမသို အလိုလည်းမလိုက် စွတ်သိမ်းပိုက်လျက်
ကိန်းဆိုက်ဗဟို မှန်းရာကို
တန်းကို တန်းနေမှ။

l အတားငါးမျိုး အဆိုးတွေတွေ ရှိပလေလည်း
ကိုယ်နေစိတ်ထား တော်ဖြောင့်အားဖြင့်
အသွားထပ်ထပ် အကပ်တွင်တွင်
အဝင်စိုက်စိုက် အနှိုက်ချွတ်ချွတ်
မလွတ်မချင်း ဖိနင်းနင်းက
ရန်ရှင်းပြေငြိမ်း မိတ်ဓာတ်ကိန်းသည်
တစိမ်းဆိုလည်း ဆွေမျိုးချည်း။

BURMESE CLASSIC .com

## ၂။ အိမ်ရှေ့စံဘာဝ

1 **သောတာပန်**
**ပြောစရာကွယ့် ကျန်နေသေး။**
**ကာမဒဏ် စာဂအကျန်ကိုဖြင့်**
**အာမခံ လှန်မထွက်**
**နီးရက်နဲ့ဝေး။**

## ၃။ ကင်းဝန်မင်း ကွင်းဆင်းစစ်

1 **သကဒါဂါမ်**
**တစ်ခါဆံ ဟန်ရွှေး။**
**သူလာစဉ် ကိုယ်မအိပ်**
**ခေါင်းညိတ်ရသေး။**

## ၄။ စစ်သူကြီး တပ်မကိုသူမှီးလျှင်

1 **အနာဂါမ်**
**ရှာပြန်ချင် ဘယ်မနေး။**
**မာန်အထန့် အဟန့် သူဝင်လျှင်ဖြင့်**
**အပူတွင် ပျံ့ပျံ့မျော**
**ပြောသလောက် မလွယ်သေး။**

www.burmeseclassic.com

## ၅။ ဘုရင်နန်းသိမ်း မငြိမ်းမရှိ

l ရဟန္တာ
မှန်းရာဖြင့် စံမြန်း။
ပေးမဆုံး ရှေးဘုန်းရှေးကံက
မနှေးမြန် ခြွေရံခ
ခန်းမပြည့် လျှမ်း။

## ၆။ မနသီဟ

l မယားတွင်း
အားသွင်းလို့ စိတ်ကပွေ။
ဘုရားမြေ တံခါးဝ
အသားကျကျ ကိုယ်ကဝင်လေ။
– ထိုနှစ်ခင်း ငြင်းကာနေ
– ဘယ်ညာခြေ ဘယ်ပြေ(ပြည်)နင်းမလဲ။

l ဘုရားလက် မယားလက် တစ်လက်ထဲ
ဘက်ခွဲရမယ့်ပွဲ။

# ၇။ မြန်မာတို့၏ မျိုးရိုးဓလေ့

1 စိတ်ကောင်းမွေ့မွေ့ တို့ဓလေ့
စေ့စေ့တွေးလို့ ဂုဏ်ယူပါ။
ကြင်နာမှုပြ တို့မိဇ
ပြင်ပလိုက်လို့ နှိုက်ကြည့်ပါ။
ရိုင်းပင်းတတ်လှ တို့မိဇ
ပြင်ပလိုက်လို့ နှိုက်ကြည့်ပါ။
ရက်ရောစုံစွ တို့မိဇ
ပြင်ပလိုက်လို့ နှိုက်ကြည့်ပါ။

1 အမျှော်ကင်းရှင်း ပေးကမ်းခြင်း
ကမ္ဘာနင်း၍ ဆင်းကြည့်ပါ။
အနစ်နာခံခြင်း ကူညီခြင်း
ကမ္ဘာနင်း၍ ဆင်းကြည့်ပါ။
တို့တိုင်းမြန်မာ တို့ချမ်းသာ
ကမ္ဘာပတ်၍ ဟပ်ကြည့်ပါ။
ရုပ်ဓာတ်မဝ စိတ်ဓာတ်ဝ
ဘဝချင်းချင်း ပင်းကြည့်ပါ။
ရုပ်ဓာတ်မလှ စိတ်ဓာတ်လှ
အလှချင်းချင်း ပင်းကြည့်ပါ။
ကမ္ဘာ့ဒုက္ခ ငါ့ဒုက္ခ
ယေားချ၍ မျှကြည့်ပါ။

နတ်တလူစာစဉ်

www.burmeseclassic.com

l ဘုရားကွယ်ရာ နေပမာ
မသာမှောင်တတ်စွာ။
တရားကွယ်ရာ လပမာ
မသာမှောင်တတ်စွာ။
သံဃာကွယ်ရာ ကြယ်ပမာ
မသာမှောင်တတ်စွာ။

l ဘုရား၊ တရား၊ သံဃာအားတို့
ထွန်းကားလေရာ တို့မြန်မာဝယ်
မကွယ်အရောင်
မမှောင်အလင်း သွားလမ်းရှင်းသည်
ခြေခင်းလက်ခင်းသာလေစွ။

## ၈။ ကိလေသာပူ မြူမရှိသောသာသနာ

1 ရတနာ
တွယ်ရာမဲ့မြူကင်း။
ကိုယ်စိတ်လွှာ အငုတ်ခေတ်
ချုပ်ပြတ်ပူစင်း။
– အပူကင်းရတနာ
သူတကာမြတ်နိုး။
– အောင်မိလျှင် ခေါင်အထိ
ပြည့်စည်းစိမ်တိုး။

1 တို့ဘုရား တို့သာသနာ
ရတနာအမျိုး။
ဆည်းကပ်လျှင် အနီးစပ်
ဟပ်သည့်တန်ခိုး။

BURMESE CLASSIC .com

## ၉။ တိတ်တခိုးအချစ်

၊ ကျောင်းတွင်းနေ စိတ်လုပ်ထုံး
တိတ်တိတ်ပုန်း ပေါင်းနေသည်။
စပ်မိသူ အနီးဝေး
အမြည်းလေး ကြွေးနေပါပြီ။
– လက်ဆက်မှုတော့ မပါပါပြီ
– ကညာမရှိ ကလေးမပွေ့။

၊ ကိုယ့်ဖက်မှာ သီလ
ညီမျှသည့် သူ့သဒ္ဓါတို့
သူ့ဘာသာသူ စပ်ယှက်
ဓာတ်သက်ချင်းအတွေ့။

## ၁၀။ ပီဇဖျက် အခက်ပွေ

၊ သွေးဂယက်ကိုလ
မေးလျက်က စုန်လေရာ
ပေးဆက်လို့ဖြင့် မကုန်ပါသည်
လူပုံသာပျက်ယွင်း
တူစုံနှစ်ဖြာ အသက်နှင်းပေမို့
ရမ္မက်ပြင်း အားကြီးလာ
ပွားမီးက တစ်ဖြာတစ်ရာ
သားသမီး ပွားကြီးလာလျှင်
ခါးစီးသာ ခံကြပါတော့လေး... ။

## ၁၁။ ရတက်မွှေ လမ်းပျောက်

1 သားသမီးရယ်ကြောင့်
အားတကြီးဖွေရှာ
ခါးစီးတော့ မဖြေသာပြီ
တစ်ပြည်တစ်ရွာ လျှောက်စမ်း
ငွေသပြာကောက်ခန်းကဖြင့်
ထောက်လှမ်းလို့ မမှီနိုင်ပါသည်
ရှိမှိုင်ကာ ငြီးကြပါစမ်း
မသိနိုင် ခရီးက ကွာလှမ်းသမို့
စခန်းက မမြင်သာ
ပန်းမဝင်လာ။
– လှမ်းချင်လို့ မဖျင်ပါလျှင်
  ပြည်ဝင်ပါ ပျောက်ကိန်းကွဲ့လေး။

www.burmeseclassic.com

# ၁၂။ ပီဇနှင့် သည်ဘဝ

- မအေဖအေ ရွှေပန္နက်ရယ်က
  နှစ်ပြည်တစ်ပြည် ဂဟေဆက်သည်ကြောင့်
  သန္ဓေသက်ခဲ့ရပါတဲ့
  သည်ဘဝ သည်ခန္ဓာ။

- လွန် မလွန့် သာသနော် အခြေကလည်းဆိုးပါဘိ
  နွံရွံ့ပျော် ငါးမြွေထိုးနှယ်သို့
  ရေရိုးမလွန်နိုင်ဘု
  နွံအိုင်မှာ ကျွံကာနစ်ရတယ်
  အစွဲပြစ်ရဲ့ ကာမတဏှာ။

- အတွေ့ဝဋ်ကိုလ
  ဇော့လွှတ်ကာ မရှောင်ခွာနိုင်ကြောင့်
  ဆောင်ကြာမြိုင် နန်းရိပ်ခန်းကိုပဲ
  လှမ်းခဲ့ရအခါခါ
  မကွာပါသဖျှ အာသာ့ညှတ်ကွင်း။

- မကွေကွာလေးလေ့ မကွေကွာ
  သန္ဓေလာ
  မအေပါ ဖအေပါတွေကလည်း ကဲကြသထင့်
  ပြေအမတာ
  ဖွေရှာမရေရာဖြင့်ပင် လွှဲရတော့မယ်
  အမယ်မင်း ...
  အတွဲသစ် ပွဲသစ်ကိုက စွတ်သွင်းကြသဖြင့်
  အစွဲညစ် ဝဲအနစ်တို့သို့ ဒရွတ်ဆင်း။

## ၃။ ဘူးတို့ရဲ့ဖြစ်စဉ်

1 ရာသီဆုံ မစုန်ခ
နယုန်လရဲ့အခါတော်။
မိုးဒေဝါ မြေမှာသက်
ရေလွှာပက်လို့ မြေနှင့်ပျော်။
– တောင်သူကြီး အကွက်ပေါ်
ယက်ဖော်ကာ ဆွရရှုထား။
မြေနှင့်ရေ ဂယောကြား
မျိုးစေ့ချ ဘူးသန္ဓေသား။

1 ရာသီလာ မြေအညက်က
အခြေပျက်လို့ ကွဲအက်လာ။
ဘူးမျိုးနော် သန္ဓေသား
မွေးဖွားရရှာ။
– ကြည့်လိုက်ပါ့ အညောင့်ခများ
ပေါက်ကာသာရှိသေး
မြေနှင့်ရေ ဖေမေသွင်းထင့်
ထွားဝင့်ဝင့်ထွေး။

www.burmeseclassic.com

BURMESE CLASSIC .com

1 ယာရှင်လေ ကုန်းလို့ကြည့်
ပြုံးစိစိနှင့် အကြံပေါ်
သူ့ကိုသာ မြေတောင်မြှောက်
ခေါင်အရောက် တက်မဲ့ဟန်နော်။
– မြေပါးဟက်
အခြေပျက်လို့ ယက်ကော်။
– ရွှေလက်ပေါ်အပါငှင်လို့
အထူးအရှယ် ဘူးနွယ်စာတတ်
ကပ်လို့တင်ပို့။

1 ယာသခင် မြေတောင်မြှောက်လို့
ရွှေတောင်အရောက်တက်မဲ့ဟန်
လေအကူ ရေချူသောက်နှင့်
လေမြှူသလောက် သူ့အငေါက်ကသန်
ယာရှင်က စင်ခံ
အလျှင်အမြန် အထက်သို့ညွှ
စင်တစ်ပြင် တွင်တွင်သွားတယ်
အားပြချင်လို့။

1 အားပြလျှင် အားကျ
အများကလိုချင်။
ရောင်းနိုင်လျှင် ရောင်းပါ့
တောင်းလို့ရ တောင်းဖို့ရာပြင်။
– ဘူးတို့ရဲ့ ပြေရှာခွင်
ငွေပါလျှင် လာသာလာခဲ့။
အငေါက်ရော အရှက်ပါ
ချက်လိုရာချက် ဆက်ပါ့မယ်တဲ့။

နတ်တလူစာစဉ်

၊ ယာသခင် ငွေမက်တော့
ပြည်ပျက်ခဲ့ ဘူးတို့ရွာ။
လာသမျှ လူတကာ
ချူလိုရာ အတွင်ရောင်း
တောင်းသလောက် အပါ။
– ဘူးဘဝ မသက်သာ
အခက်နာ အညှာကျွတ်ပေါ့။
အငေါက်မှာ တုတ်တစ်ထိုး
ဂုတ်ကျိုးရ သည်တစ်ကြော့။

၊ တုတ်ထိုးရာ ဂုတ်ကျိုးလို့
ရှုတ်ရှုတ်တိုး မတက်သာစဉ်
ဂွလက်ဆုံ အရွက်ကြားက
ပွင့်သီးများ ဖွားမျက်နှာမြင်
သားရလို့ ထွားကြလျှင်ပင်
ယာသခင် ရိပ်တကြည့်။
အသီးရွယ် စလယ်တောင်းကို
ရောင်းတဆိတ်ရှိ။

၊ သီးနကုန် သီးရင့်ဘက်
လက်ဆက်လို့ ဝယ်သူပေါ်။
မျိုးလိုသူ တောင်သူသစ်
ခေါင်ချူဖြစ်လျှက် ညှစ်လို့ပျော်။
မျိုးစေ့ရှိ ဘူးမှည့်နော်
ရူးလှည့်ခေါ် မျိုးပေး။
မျိုးရသူ တောင်သူထွေး
နောက်မိုးစောင့် အောင့်စိတ်ဖြင့်တွေး။

နတ်တလူစာစဉ်

www.burmeseclassic.com

၊ ပင်စည်ကုန် သွေးခမ်း
မွေးလမ်းရဲ့ကမ်းအကုန်။
ငေါက်မသန် ပွင့်မဆက်
ခွင့်တစ်သက် ပျက်ကိန်းကကြုံ။
စင်ခံလည်း စင်ဟုန်
မြေမှီတုံ မြေပင်လေး။
ဖြတ်တောက်ပြီ မြစ်ခြေက
မြေချလို့ကြွေး။

၊ ယာသခင်အားကိုးနဲ့
ပွားတိုးခဲ့ ထူးလို့သစ်လွင်
ဘူးတို့ရဲ့ ဖြစ်စဉ်။
အားခမ်းလို့ စားလမ်းမမြင်လျှင်
ယာရှင်ပင် သူဖျက်သိမ်း။
လူ့ဘဝ တုပကာ ပမာယှဉ်ပါ့
တထွာပင် မွေးကာထုတ်တဲ့ပြင်
ရုပ်တော့လည်း သူပင်ပေမို့
လူတစ်ခွင် သူဝင်ဖျက်တယ်
ရှက်စရာ တို့ဘဝတို့ကိန်း။

# ၁၄။ တပည့်ကောင်း

၊ သင့်ဉာဏ်သင့်စိတ် မှန်တိတ်ဆိတ်လည်း
မျက်ရိပ်မျက်စ ဆရာပြ
ထဖြစ်အောင်ပဲ ထလိုက်ပါ။

၊ ထသာ ထလျက် ဉာဏ်မသက်လည်း
နှုတ်မြွက်စွန်းလှည့် ဆရာဖြည့်
ကြည့်ဖြစ်အောင်ပဲ ကြည့်လိုက်ပါ။

၊ ကြည့်ပင်ကြည့်ရာ ဉာဏ်မပါလည်း
ဆရာလက်ကုတ် ပြချက်ထုတ်
လုပ်ဖြစ်အောင်ပဲ လုပ်လိုက်ပါ။

၊ သည်သို့သည့်ဌာ မြတ်ဆရာ၏
သိက္ခာပြည့်နှက် သူ့ညွှန်ချက်ကို
သက်ကဲ့သို့ထား ယုံစိတ်ပွားပြီး
– လမ်းမှားချောက်တွန်း တစ်ပေါက်စွန်း
မညွှန်းမဆိုရာ။
– ငါ့ကျိုးစီးပွား ပျက်ရာကြား
လမ်းထားမပေးရာ။
– ငါ့အားရှေ့ထုတ် ခုတုံးလုပ်
သူယုတ်စာတ်တွင်း မသွင်းရာ။
ထိုရာသုံးချက် ဆင်ခြင်ကွက်ဖြင့် သွက်လက်မြန်ဆန်
တစ်သံမကွာ တစ်သွေမငြီ လွန်စောင့်သိ
ငါ့၏တပည့်ကောင်း... ။

BURMESE CLASSIC .com

## ၁၅။ တို့ခံစစ် အရစ်လုံရဲ့လား

၁ တို့ဘာသာ ရန်မဖြစ်
ခံစစ်ရယ်နဲ့ အမှန်ဖော်။
အမဲခြူခြူ အဖြူကပ်ကပ်
မူဝါဒတော် မပြတ်ပေါ်။
– သည်သို့ဖြင့် ကြွေးကြော်
– အမေးတော် ရှိလိုက်ချင်သား။

၁ မျိုးချင်းရဲ့ဆုံ
ကြိုးကွင်းအဖုံဖုံနဲ့
အယုံစုံ ပုံအသွင်း
ကွင်းနိုင်ပါ့မလား။

## ၁၆။ မတောင့်လျှင် တင်းမရ

၁ တိုင်းပြည်ခွင် မတောင့်တင်း
အောင့်အင်းလို့ သည်းခံနေ။
မျိုးတစ်ဆွေ ပြည်တစ်ဝက်
အခြေပျက်က ပျက်ကြပါစေ။
– လုပ်နှင့်ပေါ့ ကလေကချေ
– ငါ့ပြည် ငါ့မြေ မတောင့်သေးခင်တော့
ပြည့်မတ္တိုင် နိုင်နိုင်ရှိ
သိကြရောပေါ့။

## ၁၇။ မိုးများမိုးနိုင်

l အကြိုက်ချင်းတူ ထိပ်တိုက်
မိတ်လိုက်ကြ ကာမဂုဏ်
စိတ်ကြိုက်အာရုံ။
– ဖိုနှင့်မ နှစ်ဖြာဆုံ
– ဘာသာစုံ အလွှာစုံပါကွဲ့ မျိုးမရွေး။

l ကြားသွေးရဲ့အနိ
ငါးသေး ငါးကြီးမျိုးသို့
အားကြီးသူ မြှုခါဝါးသည်ကြောင့်
အားနည်းသူ အယူလို လားရတယ်ကွယ်
တူနှစ်ကိုယ်ကြားရယ်က
သူ့ကိုယ်ပွား ကပြားမွေး။

www.burmeseclassic.com

## ၁၈။ အဆင်မပြေ

1 ဘုန်းမတူလျှင် သိက္ခာယှဉ်
အဆင်မပြေတတ်။
ထုံးမတူလျှင် အိပ်ရာဝင်
အဆင်မပြေတတ်။
နှုန်းမတူလျှင် လဲလှယ်စဉ်
အဆင်မပြေတတ်။
– ဉာဏ်မတူလျှင် ပေါင်းစပ်ယှဉ်
အဆင်မပြေတတ်။
– မြင်မတူလျှင် ကြည့်ချင်းယှဉ်
အဆင်မပြေတတ်။
– သွင်မတူလျှင် ကျောင်းကန်ဝင်
အဆင်မပြေတတ်။

1 အားမတူလျှင် ပြိုင်ပွဲဝင်
အဆင်မပြေတတ်။
သွားမတူလျှင် ခရီးနှင်
အဆင်မပြေတတ်။
ခွင့်မတူလျှင် အရေးငင်
အဆင်မပြေတတ်။

1 ထိုသည့်ကိစ္စ အဝဝကို
မစခင်က တွေးဆမျှော်မြင် ဆေးရှောင်ကြဉ်ကြ
ဆင်ကန်းတောတိုး တစ်ဇွတ်ထိုးဖြင့်
မိုးလည်းမမြင် လေမမြင်ပဲ
သမ္မာဉာဏ်ကျိုး မှန်မြင်ညှိုးက
အမျိုးလည်းနာ ရိုးလည်းနာမည်
ဘွာခတ်မရ သင့်ဒုက္ခ။

www.burmeseclassic.com

## ၁၉။ ကျော်ပြာသင်ပုန်း

၊ လူမျိုးခြားလက်
မြေတစ်ဟက်တာ ရောင်းမိပါသော်
ဟက်တာအတွင်း သူပိုင်ခြင်းကြောင့်
လက်ရင်းမြန်မာ တစ်ဟက်တာ
ဆုတ်ခွာပေးရကြောင်း ... ။

၊ ထိုမျိုးခြားနှင့် စကားရောယှက်
တစ်နံနက်မျှ ပြောမိကြသော်
ဝါဒရေးရာ ရိုက်သွင်းလာကြောင့်
လင်းရာအကြား အမှောင်လား
ယောင်ဝါးစေပါကြောင်း။

၊ ကိုယ့်ထက်မြင့်မား ထိုမျိုးခြားသို့
စီးပွားဖြစ်ကြောင်း အကူတောင်းက
နောက်ကြောင်းတစ်နည်း သူဖန်တည်းကြောင့်
သမီးအပ်ရ သားအပ်ရ
မှားတတ်လှပါကြောင်း။

၊ ရောင်းချင်းရောင်းလျှင် မျိုးတူတွင်
ပြင်ဆင်ရောင်းကြပါ။
ပေါင်းချင်း ပေါင်းလျှင် မျိုးတူယှဉ်
ခင်မင်ပေါင်းကြပါ။
တောင်းချင်းတောင်းလျှင် မျိုးတူပင်
တွင်တွင်တောင်းကြပါ။

# ၂၀။ ပုဂံရာဇဝင်

l ကိုစောလူး ကေန်းလက်
တန်းလျက် ဖမ်းမိစဉ်။
ကိုကျန်လေ တထိတ်ထိတ်နဲ့
တိတ်တိတ်ကလေး သွားရောက်ကယ်တင်။

l ကိုစောရဲ့ မဖွယ်အင်
ကယ်တင်ရှင် သူနိုးဗျို့ဟစ်။

l အတူပဲသာပ
အယူလွဲဘာသာငင်ကြောင့်
ဘယာမြင် ခင်သူတားသော်လည်း
အမှား အမှန်ထင်ပြန်လို့
ဆလံတင် ခေါင်းခါရမ်းလွှတ်တယ်
အိုကွယ်
အကြမ်းပတမ်း အငမ်းထူလိုက်ပုံက
ဖမ်းသူကိုပင် တစ်ခင်ချစ်။

## ၂၁။ ကပြားသွေး

1 အဝါရှင် ဝါသွေးစစ်
မည်းသွေးစစ်ရဲ့ အမည်းလျှင်
ဝါဝါထိန် မည်းနက်နက်
လက်လက်ရောင်ရှင်။
– အဝါထဲ အမဲဝင်
မဲမရှင် ဝါမထွက်။
– ဓာတ်မတူ စပ်တူဖက်
အဝါလည်း အဝါပျက်
အမည်းလည်း အမည်းပျက်။

## ၂၂။ လူ့ဥ်ရှိအပ်သော တရားသုံးပါး

၁ သူ့အသား သတ်ဖြတ်စားက
ကျားသစ်စရိုက် အနွယ်လိုက်မို့
မကြိုက်ငြိုလ်ထိုး ကြိုက်လိုဆိုး
သူ့ကျိုးချိုးဖျက် နောင့်ယှက်ခြင်း။

၁ သူ့ဥစ္စာတိုက် ကြိုက်ရာလိုက်လျှက်
နိုက်ယူသုံးစား လိမ်လှည့်ဖြားက
ကျွဲနွားတံထွာ လူ့ဥစ္စာကို
ကွယ်ရာစိုးမိုး တိုးမိနှုတ်သွက် လိုက်လံဖျက်သို့
ငဲ့ကွက်ကိုယ်ကျိုး တစ်ခွတ်ထိုး
သူ့ကျိုးချိုးဖျက် နှောက်ယှက်ခြင်း။

၁ သူပိုင်မယား သိလျက်သားနှင့်
မသွားအပ်ရာ သွားလတ်ပါမူ
ကွယ်ကာစည်းတိုး ခွေးကျင့်မျိုးမို့
လိုဆိုးနှိပ်စက် သူ့ကိုယ်ဖက်
ထိခိုက်နာလေခြင်း။

၁ မုသားစကား သိလျက်သားနှင့်
တစ်ပါးနားယောင် အမှားဆောင်ရန်
ပြောင်ပြောင်ပင်ချီ တည်တည်နှင့်ဖက် သူ့နှုတ် မြွက်မူ
ကြက်မအုပ်သေား ကြက်ဖပြေးလျက်
အစာပေးဟန် ရေပေးဟန်ဖြင့်

BURMESE CLASSIC .com

လေသံကွတ်ကွတ်
တွတ်တွတ်ကယ်မြည် နှုတ် ပလီသို့
လှုပ်လီလှုပ်လဲ့ အယုတ်ဘွဲ့ဖြင့်
နှုတ်ဖွဲ့ဖွတ်ထိုး စကားပျိုး
သူကျိုးချိုးဖျက် နှောင့်ယှက်ခြင်း။

၊ မူးယစ်သောက်စား ပြုကျင့်မှားသော်
ငှက်များသနင်း ဥဒေါင်းမင်း၏
ယမင်းကြွရှု သမီးလုကို
ရမည်ဆိုရှဲ မုန်ယိုသွေးတက် မာန်ဖီချက်ဖြင့်
ရှက်ရမသိ ကြောက်မသိပဲ
ငှက်၏အပေါင်း အုတ်အော်သောင်း၏
ထောင်သောင်းအလီ မြီးဆံဖီလျက်
လှုပ်လီလှုပ်ရှု ဖင်လှန်ကသို့
အလှရုပ်ဆိုး စိတ်ညစ်သိုး
ကိုယ်ကျိုးကိုယ်ဖက် ဖျက်ဆီးခြင်း။

၊ လူ့အဆင့်မြင့်
လူ့ကျင့်တရား ထိုငါးပါးကို
စောင့်ထားယွင်းချွတ် စည်းချက်လွတ်က
ကျင့်ဝတ်မပါ လူ့ဗလာမို့။

၊ ညာတာထောက်ထား သူ့တရား
မယားလောက်ပဲ ထားတော့မည်။

၊ တန်းတူတစ်ပြေး လူ့ခွင့်ရေး
သားမြေးလောက်ပဲ ပေးတော့မည်။

## ၂၇။ လူဆို သည်လိုမှပေါ့

က။ ကိုယ်ကောင်းသာသိ
    မကြည့်သူ့ဖက် မငဲ့ကွက်
    ရက်စက်မှုဖန် တိရစ္ဆာန်။

1    သူ့ဘက်ကိုယ့်ဘက် ချိန်ခွင်စက်သို့
     ချင့်တွက်ဝေဖန် စာနာညာထ်ဖြင့်
     ဖွေကြံထောက်ထား မဖောက်ပြား
     လူသားအကျင့်မှန်။

ခ။ ပစ္စည်းမနေ ရှာဖွေရတိုင်း
    မမျှသူ့ဘက် ကိုယ့်သက်သက်
    စားကျက်ထွင်ပြန် တိရစ္ဆာန်။

1    မနေဖကြံ ရလာပြန်က
    နံနက်ခင်းကျ ထမင်းတစ်လုပ် အလှူလုပ်ခဲ့
    ညဘက်တွင်ပြု ပေးလှူမှုကား
    မိသားစုလုံး ပေါင်းအရုံး၏
    စားသုံးမည့်ဆန် ချင့်တွက်ဖန်ပြီး
    တန်ပြန်လက်ကုပ် ဆန်တစ်ဆုပ်
    အလှူလုပ်ဖို့ စုရသည်။

နတ်တလူစာစဉ်

www.burmeseclassic.com

၊ လူ့အလုပ်က
နေ့ညမချို့ သူ့ကိုယ်ဖို့
နှစ်ကိုယ့်တစ်စိတ်ထားကြသည်။

၊ တိရစ္ဆာန်က
နေ့ညမရပ် အထပ်ထပ်
တစ်ဖက်သတ်မျှ ထားကြသည်။

၊ လူ့ဘဝရောက် လူစိတ်ပေါက်ဖို့
ထွင်းဖောက်ချက်ပိုင် ဉာဏ်ရည်ဆိုင်
လက်ကိုင်ရှိသင့်သည်။

## ၂၄။ လွတ်လပ်စွာ ကိုးကွယ်ခွင့်

၊ ဤအာရုံစု ဤပုံပြုက
ကောင်းမှုလည်းဖြစ်
အပြစ်လည်းကင်း စိတ်သန့်ရှင်းလိမ့်။

၊ ထိုစိတ်ရင်းက
လက်ငင်းဖြစ်စေ နောင်ဖြစ်စေ
အခြေတင့်ပေလိမ့်။

၊ မည်သူမဆို ကိုယ့်ယုံကြည်ချက်
ကိုယ်နှစ်သက်ရာ ကိုယ်ဘာသာကို
အာသာဆန္ဒ ပြင်းပြပြဖြင့်
တမ်းတစိတ်ပွား မျှော်စောင့်စား
အားထားနေရှာလိမ့်။

l **ဤသို့လျှင်သာ**
**ချင့်စာနာတတ် မင်းကောင်းမြတ်တို့**
**ထားအပ်စေတနာ ခွင့်ပြုလွှာပင်**
**ဘာသာအခင်း လွတ်လပ်ခြင်းဟု**
**ထင်လင်းကျန ဖွင့်ဆိုရ၏။**

l **ထိုသည့်ခရီး လွတ်လပ်နည်းကား**
**တားဆီးမရှိ မိမိယုံမှတ် ဘာသာရပ်**
**ဆည်းကပ်ဝတ်ပြုခြင်း။**

l **သဒ္ဒါရည်တူ ကိုယ်လိုသူများ**
**အယုံပွားရန် လှုံ့ဆော်သံ**
**နာခံဟောပြောခြင်း။**

l **ပွဲလည်းခင်းကျင်း**
**လမ်းထွင်လည်းလျှောက် ရိုးရာမြောက်**
**ပုံထောက်မြှင့်တင်ခြင်း။**

l **ဤသည့်ကျင့်ဝတ် ခွင့်အလွတ်၌**
**လွတ်လွတ်ကင်းကင်း ကိုးကွယ်ခြင်း**
**တင်းလင်း ပါပါ၏။**

l **လွတ်လွတ်ကင်းကင်း ဖျက်ဆီးခြင်း**
**အလျဉ်းမပါလေ။**

l **သူ့တိုင်းပြည်လာ သူ့ဘာသာကို**
**ခဝါချသိမ်း ညှော်တစိမ်းတို့**
**စောင့်ထိမ်းအပ်ရာ လူ့သိက္ခာအား**
**မကွာနေ့ည မလွတ်ကြနှင့်**
**သမစိတ်ထား လူသိများဖြင့်**
**တရားနှင့်ယှဉ် သုံးသပ်ဆင်လော့။**

နတ်တလူစာစဉ်

1 သင့်လျှင်အားကိုး သင်မြတ်နိုးသော
တန်ဖိုးပြည့်ပါ ရတနာကို
ပျက်ရာပျက်ကြောင်း စိတ်သရောင်းဖြင့်
နောက်ကြောင်းကပ်လျက် သူလိုက်ဖျက်၍
ကွဲအက်ပျက်ကျေ ဆုံးရှုံးလေသော်
သင့်နေစိတ်ထား ဘယ်လိုများ
ခံစားရပေလိမ့်။ ။

www.burmeseclassic.com

ကျေးဇူးတော်ရှင်

# မဟာဗောဓိမြိုင်ဆရာတော်

ရှုမြင်စရာ [illegible] ...

ရှုမြင်စရာ [illegible] ...

ရှုမြင်စရာ [illegible] ...

ကျောက်ရှုံ့သား ဓမ္မနှံ့သားတော်ရှည်မြိုင် မြန်မာ့ဂုဏ်ကို မြှင့်တင်ထားသော ...

# ကဗျာ့နန်းတော်



2003 GRAPHIC DESIGNED BY KO ZIN & AIKE MOON